
www.burmeseclassic.com




www.burmeseclassic.com

www.burmeseclassic.com

# ပုံနှိပ်မှတ်တမ်း

စာမူခွင့်ပြုချက်အမှတ် ၅၀၁၁၃၃၀၃၁၁၊ မျက်နှာဖုံးခွင့်ပြုချက်အမှတ် ၅၀၁၄၇၇၀၅၁၂။
ထုတ်ဝေသူ
ဦးအောင်မြင့်၊ အမှတ်(၇)၊ သီတာလမ်း၊ ကျောက်မြောင်း၊ ရန်ကုန်မြို့။
အတွင်းနှင့်မျက်နှာဖုံးပုံနှိပ်
ဦးအောင်မြင့်၊ အောင်မြင်ပုံနှိပ်တိုက်၊ သုဝဏ္ဏ၊ ရန်ကုန်မြို့။
ဖြန့်ချိရေး
အောင်မြင်စာပေ၊ အမှတ်(၁)၊ အောင်ဘာလေလမ်း၊
ကျောက်မြောင်း၊ တာမွေ၊ ရန်ကုန်မြို့။
ပထမအကြိမ် – ၂၀၁၂ ခုနှစ်၊ (ဖွန်လ)၊ အုပ်ရေ(၅၀၀)၊ တန်ဖိုး(၂၀၀)ကျပ်

၈၉၅.၈၃
ဝိဇ္ဇာ
အချစ်နဲ့ မှားခဲ့ကြသူများ/ဝိဇ္ဇာ။ – ရန်ကုန်၊
အောင်မြင်စာပေ၊ ၂၀၁၂။
၁၅၁ – စာ၊ ၁၃.၅ × ၂၁ စင်တီ။
(၁) ဝိဇ္ဇာ



www.burmeseclassic.com

www.burmeseclassic.com



www.burmeseclassic.com



# အခန်း (၁)

“**အောင်**ဗလကြော် . . .”

“ဝေး”

“အောင်ဗလကြော် . . .”

“ဗျို့ . . .”

“အောင်ဗလကြော် . . .”

“ဘာလဲကွာ . . ဒီမှာ ထမင်းစားနေတယ်၊ ပြန်ထူးတော့လည်း မကြားနဲ့ . . . ဘယ်ကကောင်လဲ . . .”

အောင်ဗလကျော် ထမင်းမလုပ်ပလောင်းနှင့် ဒေါသထွက်ကာ

www.burmeseclassic.com

www.burmeseclassic.com



အော်လိုက်သည်။

တကြော်ကြော် ခေါ်သူကခေါ် . . တစာစာအော်၍ ထူးသူက ထူး နွေနေ့လယ်ခင်းမှာ ရက်ပါသီချင်းတစ်ပုဒ်ထက်ပင် အဆီအငေ့ါ်တည့်နေသေးသည်။

"အောင်ဗလကြော် . . ."

"ဟာ . . ဟုတ်သေးပါဘူး၊ ငါ့ ဘယ်ကောင်လာခေါ်နေတာလဲ မသိဘူး"

အောင်ဗလ ထမင်းကို အပီဆွဲနေ၍ ခါးမှာလျှော့ထားသော ပုဆိုးစကို စွန်တောင်ဆွဲပြီး . . . ထမင်းပေသောလက်ကြီးဖြင့် အိမ်ရှေ့သို့ တဒုန်းဒုန်းနှင့် ထွက်လာသည်။

"ဘယ်သူလဲ . . . အဲဒီအိမ်အောက်ကနေ ဘာလို့ အော်ခေါ်နေတာလဲ . . အိမ်ပေါ်တက် . . တက် . . . ဟင် . . . ဘယ်သူမှလည်း မရှိဘူး . . ."

အိမ်ရှေ့မှာ ဘယ်သူမှရှိမနေ၍ အောင်ဗလ ပြူးတူးပြူး ကြောင်ဖြင့် ဘေးဘီကိုဝေ့ကြည့်ရင်း ခပ်တိုးတိုးပြောလိုက်သည်။

တခုခုတော့ လွဲနေပြီ . . . ဘာလွဲနေတာလဲတော့မသိ။

"အောင်ဗလကြော် . . ."

"ဟော . . . ခေါ်ပြန်ပြီ . . . ဘာလဲဟ . . အယ် . . ."

အသံလာရာသို့ အောင်ဗလကျော် အငမ်းမရလှမ်းကြည့်လိုက်ပြီး . . . ကိုယ့်လိပ်ပြာကိုယ် ရှက်ကိုးရှက်ကန်းပြန်ဖြစ်ကာ . . . ထမင်းပေနေသော လက်ညှိုးလေးကို အရှက်ပြေ ကိုက်လိုက်သည်။

"ဩော် . . . ငါ့နှယ် . . . အောင်ဗလကြော် ရောင်းနေတာကို ငါ့ကိုခေါ်တယ်ပဲ မှတ်နေမိတယ် . . . တော်တော်အူကြောင်ကြောင်နိုင်



www.burmeseclassic.com

www.burmeseclassic.com



တဲ့ ငါ့အပြစ်. . . အဟာစ်. . . ဟာစ်. . ”

အောင်ဗလကျော် တစ်ယောက်ထဲ သဘောကျစွာရယ်ရင်း ထမင်းစားပွဲဆီသို့ပြန်၍ လျှောက်ဝင်လာလိုက်သည်။

“ဟင်းမကောင်းလို့ ထမင်းစားမကောင်းပါဘူးဆိုမှ. . ”

ခပ်တိုးတိုးပြောပြီး ထမင်းဝိုင်းမှာ ငုတ်တုတ်ပြန်ထိုင်လိုက်သည်။ ထို့နောက် ဖြစ်သလို ချက်ထားသော ပဲဟင်းဆူးပုတ်ရွက်ခပ်ရေကြဲလေးကို. . . တရှူးရှူးနှင့် ခပ်သောက်လိုက်သည်။

“အောင်ဗလကျော်. . . ”

ပါးစပ်ထဲ ထမင်းလုပ်ထည့်ခါနီးဆဲဆဲ. . တစ်ခါ ကြားရသော အောင်ဗလကြော်အသံကြောင့်. . . .

“အော်ဟော့. . အော်. . အော်. . . ဒီတစ်ခါတော့ နပ်သွားပြီ လုံးဝမထူးတော့ဘူး. . . ခွီးမှပဲ. . . ထမင်းစား ပျက်တယ်. . . ”

အောင်ဗလကျော် ထိုသို့ပြောပြီး. . . ပါးစပ်ထဲကို ထမင်းလုပ်သွင်းလိုက်ပြီး. . . အားရပါးရ ဝါးနေလိုက်သည်။

“ဘုတ်”

“အင့်. . အဟွတ်. . . အဟွတ်. . . အဟွတ်. . ”

နောက်စေ့ကို အရိုက်ခံလိုက်ရသဖြင့် ပါးစပ်ထဲမှ ထမင်းလုပ် ပန်းကန်ထဲ ပြန်ခုန်ဆင်းသွားသည်။

“ဘယ်ကောင်လဲကွ. . . ငါ့နောက်စေ့ကို ချောင်းရိုက်တာ”

အောင်ဗလကျော် နောက်ကို ဒေါသတကြီး အော်ပြီးလှည့်ကြည့်လိုက်သည်။

“ငါကွ. . . ငါ. . . မင်းဦးလေး. . . ”

“အမ်. . . ဦး. . ဦးလေးက ဘာလိုင်းကြီး လူကိုဘာဖြစ်လို့ ရိုက်



www.burmeseclassic.com

www.burmeseclassic.com



တာလဲ. . . ”

“အောင်မာ. . . မင်းကပဲပြန်မေးနေသေးတယ် ငါ့ခေါ်တာကိုများ မခန့်လေးစားနဲ့ မထူးတော့ဘူးလေး ဘာလေးနဲ့. . . ဟမ်. . . မင်းက ဘာကောင်လဲ. . ”

“ဦးလေးတူ အောင်ဗလကျော်လေ ဦးလေးရ. . ဘာကောင်ရမှာလဲ. . . အဟစ်. . ဟစ်. . အသက်ကဖြင့် ဘယ်လောက်မှ မကြီးသေးဘူး. . . မျက်စိက မွဲနေပြီ. . . ”

“ဟော့ကောင်. . . မင်းက ငါ့ကို မျက်စိမွဲတယ် ဟုတ်လား၊ မင်းထက်အားကောင်းတယ်ကွ. . . နှစ်မိုင်အလွန်က လျှောက်လာတဲ့ မိန်းကလေး အပျိုလား၊ အအိုလား ခွဲခြားသိလောက်အောင် ငါ့မျက်စိတွေက ခံစားမှုတွေကို ပုံဖော်ပေးတုံး. . . မင်းသာ ငယ်ငယ်ရွယ်ရွယ်နဲ့ ပါဝါမျက်မှန်ကြီးတပ်ပြီး. . . အဘိုးကြီးဂိုက်ဖမ်းနေတာ. . . ”

“အာ. . ဦးလေးနော်. . . တူနဲ့ဦးလေး ငါးနှစ်လောက်ပဲ ကွာတယ်ဆိုပြီး အရွယ်ချင်းလာမပြိုင်နဲ့. . . ကျွန်တော်က ခုချိန်ထိ ဘယ်မိန်းကလေးရဲ့ အကြည့်. . အပြုံး. . ကိုမှ ခံဖူးတာမဟုတ်ဘူး. . . . လေပြည်တွေအောက်မှာ ယိမ်းနွဲ့နေတဲ့ ပန်းထီးလေး. . . ခုထိ ဆူးခြွေမယ့်သူတောင် ရှိသေးတာမဟုတ်ဘူး. . . အဟတ်. . . ”

“ဘာ. . အဟားဟားဟား. . ပန်းထီးလေး ဟုတ်လား. . . အဟတ်. . . မစင်နဲ့ ပဲငပိတောင် သေချာကွဲပြားအောင် မသိတဲ့ကောင်က သူ့ကိုယ်သူ ပန်းထီးလေးလို့ တင်စားနေသေးတယ်. . . အဟားဟား. . . အဲ့ဒီ ပန်းထီးလေးကို ပျားဘုရင်မက သေးလာခွပန်းရင်တော့ ပန်းသေတဲ့စခန်းရောက်မှာ မြင်ယောင်သေးတယ် အောင်ဗလကျော် မြင်ယောင်သေးတယ်. . . ”



www.burmeseclassic.com

www.burmeseclassic.com



ခေါင်းလေးတညိတ်ညိတ်နှင့် ကိုယ့်ကို သနားစရာကောင်းသော သတ္တဝါလေးလို ဝေဖန်နေသည့် ဦးလေးစကားကြောင့် အောင်ဗလကျော်ဖင်ကြောရှုံ့သွားသည်။

"ဦး. . ဦးလေးနော်. . . မိန်းမတောင်မရသေးတာကို မဦးမချွတ်လာပြီး ပန်းသေခိုင်းနေတယ်. . ."

"မင်းလိုကောင်မျိုး ဘယ်သူမှ မကြိုက်ဘူး"

အောင်ဗလကျော်. . တီကောင် ဆားသိပ်သလို ဆတ်ဆတ်ခါလူးသွား၍ ဦးလေးဖြစ်သူ သဘောတွေခွီးကာ တဟားဟားဖြင့် အော်ရယ်ရင်း သူ့အခန်းဘက်သို့ ဝင်သွား၏။

ထမင်းဝိုင်းတွင် မကျေမနပ် ပွစိပွစိ ပြောကျန်ရစ်ခဲ့သူက အောင်ဗလကျော်. . . ။



www.burmeseclassic.com

www.burmeseclassic.com



# အခန်း (၂)

ရုံး ဆင်းသည်နှင့် ဦးနုမောင်၏ လုပ်ရိုးလုပ်စဉ်က လက်ဖက်ရည်ဆိုင်တွင် ထိုင်ပြီး. . ဆိုင်ရှေ့မှဖြတ်လျှောက်သွားသော ရောင်စုံလိပ်ပြာမလေးများကို. . . မျက်စိအရသာ ခံကြည့်ဖို့ပင်. . .။

"ဝမ်းတီး ကျစိမ့်. . ."

ဦးနုမောင်အသံကြောင့် စားပွဲထိုးလေး အနားသို့ ခွေ့ခနဲ ရောက်လာသည်။

"အစ်ကိုကြီး. . ဘာသောက်မလဲ. . ထုံးစံအတိုင်းလား. . "

စားပွဲထိုးကောင်လေး ဦးနုမောင်အကြိုက်. . အစ်ကိုကြီးဟု

www.burmeseclassic.com

www.burmeseclassic.com



ခေါ်လိုက်ပြီး တွမ်းတစ်ရာတောင်းစားသည်။

ဦးနုမောင်တို့က. . . ဒါမျိုးဆို ပေးပြီးသား. . ။ ဖြစ်နိုင်လျှင် အစ်ကိုကြီးအစား အစ်ကိုလေးဟုပင် အခေါ်ခံချင်သူ. . .။

စိတ်ပျိုကိုယ်နုဆိုသလို ဦးနုမောင်အား အပေါင်းအသင်း မိတ်ဆွေသူငယ်ချင်းများက. . . အရွယ်တင်တယ်၊ နုပျိုတယ်၊ ချောလိုက်တာ၊ သားမက်တော်မယ်ကွာလို့ ပြောတဲ့သူရှိလို့ကတော့ ဦးနုမောင်တို့ တစ်လလုံး စာရေးလုပ်သမျှလစာ တစ်ပြားမှ မကျန်လျှင် နေပေစေ အတုန်လုံးကို ပစ်ကျွေးပစ်လိုက်တာပင်. . .။

ခုလည်း ကွမ်းယာတစ်ယာလှမ်းပေးရင်း. . . စားပွဲထိုး ကောင်လေးကို မော့ကြည့်ကာ. . .

"ငါ စောစောကအော်ပြီးပြီလေ. . . ကျစိမ့်လို့. . ."

"အဟဲ. . . ကျစိမ့်သောက်ရင်း မြစိမ့်ကို စောင့်တော့မယ်ပေါ့"

"အေးပေါ့. . . ဒါမှ ငါ့အသက် တစ်နှစ်ပိုရှည်မှာလေ. . . တစ်ရက်ကြည့်လို့ တစ်နှစ်ပိုရှည်ရင်. . နေ့တိုင်းဆို. . . အဟဲ. . မင်း သဘောပေါက်ပါတယ်"

"ဟဲ. . . ဟဲ. . . ဟဲ. . . ပေါက်တယ်. . ပေါက်တယ်"

စားပွဲထိုးလေး ကွမ်းဝါးရင်း. . ဦးနုမောင်စကားကို တဟဲဟဲဖြင့် ရယ်ရင်းထောက်ခံသည်။

"ဒါနဲ့ မြမြစိမ့်လေး . . . လာသွားပြီလား. . ."

"ဘယ်လာဦးမှာလဲ. . မလာသေးဘူးလေ. . အချိန်မှမကျ သေးတာ. . ."

စားပွဲထိုးကောင်လေး အဖျော်သမားဆီသို့ လျှောက်သွားတော့ ဦးနုမောင် လမ်းမကြီးဘက်ကို အကြည့်ပို့လိုက်သည်။



www.burmeseclassic.com

www.burmeseclassic.com



ညနေခင်း လေတဖြူးဖြူးနှင့် သစ်ရွက်ခြောက်တွေက လက်ဖက်ရည်ဆိုင်ရှေ့တွင် ပြန့်ကျဲစွာ ကြွေကျနေ၏။

အသက်လေးဆယ် စွန်းစွန်းသာရှိသေးသော ဦးနုမောင်ကတော့ သူ့ကိုယ်သူ နှစ်ဆယ့်တစ်နှစ်သားလေးလို့ . လက်ဖက်ရည်ဆိုင်ဆောင်းဘောက်စ်မှ ထွက်ပေါ်လာသော . . ယုန်လေး၏ ရက်ပါသီချင်းကို ခေါင်းလေးတညိတ်ညိတ်လုပ်ပြီး လက်ချောင်းတွေက စားပွဲကိုတဒေါက်ဒေါက်ခေါက်ကာ . . . စည်းချက်လိုက်ပြီး ခပ်တိုးတိုး လိုက်ဆိုနေလေ၏။ စားပွဲထိုးလေး လက်ဖက်ရည်ခွက် လာချပေးသွား၏။

"ဟာ . . . ကိုနုတို့ကတော့ အချိန်မှန်ပဲဗျို့ . . . "

ဦးနုမောင်ရှေ့မှ စားပွဲထိုးလာချသွားသော အငွေ့တစ်ထောင်းထောင်းလက်ဖက်ရည်ခွက်ကို ကြည့်ကာ . . . ကိုပေသီး စားပွဲမှာဝင်ထိုင်လိုက်သည် . . . ။

"ခင်ဗျားလည်း အချိန်မှန်ပါပဲဗျာ . . . ကျွန်တော် လက်ဖက်ရည်ဆိုင်ထဲ ဝင်မယ့်အချိန်ကို တစ်နေရာရာက ချောင်းနေတာတော့ မဟုတ်လောက်ပါဘူးနော် . . . "

ဦးနုမောင်စကားကြောင့် ကိုပေသီးရယ်ရင်း ပန်းကန်ထဲကို ရေနွေးငုံ့ထည့်ပြီး တဖူးဖူးနှင့် မှုတ်သောက်၏။

"ခင်ဗျား မစားရအညှော်ခံ ဘဝကြီးနဲ့ ဒီလိုပဲနေသွားတော့မှာလား ကိုနု . . . ကျွန်တော်ကတော့ အဝေးကနေ မျှော်ကြည့်နေမယ့်အစား အရင်ဆုံးရင်းနှီးအောင် အကွက်ရွှေ့တာ ကောင်းလိမ့်မယ်လို့ထင်တယ်ဗျာ . . . "

"ခင်ဗျားပြောတဲ့ အကွက်ရွှေ့တာတွေက ဝတ္ထုထဲတွေ ပြဇာတ်ထဲတွေသာ လွယ်ပြီးလွယ်တာဗျ . . တကယ်တမ်း ကျုပ်လို ပျို့သိုးကြီး

www.burmeseclassic.com



အဖို့ . . . ထင်သလောက် မလွယ်ဘူး. . ."

"ဒါဆိုလည်း အင်တာနက်ကနေ အသက် လေးဆယ်ကျော် လူပျိုသိုးကြီးတ ဆယ်ကျော်သက် သတို့သမီးအလိုရှိသည်၊ စိတ်ဝင်စား သူတိုင်း ဆက်သွယ်ရန်ဆိုပြီး အီးမေးလ်လိပ်စာတပ်ပြီး ကြေညာလိုက်ပေါ့. . ."

"အဲ. . . ပိုသေချာသွားအောင် ခင်ဗျားရဲ့ လှုပ်ရှားမှုစတိုင် ဓါတ်ပုံ သုံးလေးပုံရယ်၊ ခင်ဗျားရဲ့ ခန္ဓာကိုယ်အချိုးအစား အရပ် အမောင်း. . ဝိတ်. . အဲ. . အရှည်ဘယ်လောက် အသားအရေအ ရောင် ဒါတွေအားလုံးထည့်ပေးလိုက်ရင်. . . နိုင်ငံတကာက အရွယ် ဆိုဒ်စုံတွေ ခင်ဗျားကို အီးမေးလ်ပို့ပြီး ဆက်သွယ်လာလိမ့်မယ်. . ."

ကိုပေသီး၏ အကြံဉာဏ်က ဟုတ်သလိုလိုတော့ရှိ၏။ သို့ သော် . . . မဟုတ်သလိုလိုလည်းရှိ၏။

"မိန်းမတွေဆိုတာ အခုလက်ရှိ အိုင်တီခေတ်ကြီးထဲမှာ စီးပွား ရေးအသိပညာတွေ ဖွံ့ဖြိုးလာသည်နဲ့အမျှ. . . သူတို့ရွေးချယ်မယ့် ယောကျ်ားဆီမှာ ပိုင်ဆိုင်မှု ဘယ်လောက်ရှိတယ်ဆိုတာကို အရင်ဆုံး စဉ်းစားမေးမြန်း သိရှိပြီးမှ သူတို့ရဲ့ အိမ်ထောင်ဘက်အဖြစ် ရွေးချယ်ကြ တာ. . . တာ. . . ဟင်. . . ဟာ. . လာပြီ. . . လာပြီ. . . ပြောရင်းဆို ရင်းနဲ့ ကျုပ်ရဲ့လမင်းလေး ရွှေ့လာပြီ. . ."

ကိုပေသီးကို ဆက်ပြောနေသော ဦးနုမောင် လုံးဝမသောက် ရသေးသော လက်ဖက်ရည်ခွက်ထဲကို တံတွေးစင်မတတ်. . . ဝမ်းသာ အားရဆို၏။

သို့သော်ငြားလည်း သူ့ဝမ်းသာခြင်းတွေက သက်ဆိုးမရှည်။ အချစ်ခိုးတွေ ဝေနေသော သူ့အကြည့်တွေသည် ရုတ်ခြည်းဆိုသလိုပင်



www.burmeseclassic.com

www.burmeseclassic.com



အုံ့ညြိစိုးရိမ်ခြင်းဘက်သို့ ဖျတ်ခနဲ ခုန်ပြန်ရောက်ရှိသွား၏။

ဘယ်လောက်အထိ စိတ်ပူသွားသလဲဆိုလျှင်. . . စအိုဝကို မိုးကြိုးပစ်ခံရသလို ထိုင်နေရာမှ မြောက်ခနဲ ခုန်တက် သွားမတတ်ပင်။

ကိုပေသီး မျက်လုံးအပြူးသားနှင့် ဦးနုမောင်ကိုကြည့်ပြီး ဦးနုမောင် အထိတ်တလန့်ကြည့်နေသော မြမြစိမ့်ကို သမင်လည်ပြန် ကြည့်လိုက်သည်။ တစ်ခဏ. . .

"ဟော့လူ. . . မကြည့်နဲ့ ခင်ဗျားလုံးဝမလှည့်ကြည့်နဲ့. . ."

ထိုသို့ ဗလုံးဗထွေးပြောပြီး အင်္ကျီအိတ်ကပ်ထဲမှ ငါးရာတန် တစ်ရွက်ကို နှိုက်ယူကာ စားပွဲပေါ်တင်လိုက်ပြီး. . .

"ကဲ. . . ဟော့လူ ထုံးစံအတိုင်း ကျုပ်လုံးဝမသောက်ရသေးတဲ့ လက်ဖက်ရည်. . . ဒီမှာ ပိုက်ဆံကျန်တာ ခင်ဗျားသဘော. . . ."

ထိုသို့ဆိုကာ ထိုင်ရာမှ ကသုတ်ကယက်ထလိုက်ပြီး မြမြစိမ့် နောက်သို့ ကဆုန်မပေါက်တပေါက်ဟန်ဖြင့် ခပ်သွက်သွက် လျှောက် သွားလိုက်သည်။

ငါကွ ယောက်ျား. . ကိုယ်ချစ်တဲ့ကောင်မလေး၏ အရှက်ကို ကာကွယ်ပေးနိုင်တဲ့ အရည်အချင်းက နည်းတဲ့အရည်အချင်းမှ မဟုတ် တာ ဒီတစ်ခါမှ ကျေးဇူးတင်မခံရရင် ဘယ်အခါမှ အတင်ခံရမှာ မဟုတ် တော့. . .။

ခပ်သွက်သွက်လှမ်းလာသော ခြေလှမ်းတွေက. . . မြမြစိမ့် စကတ်နောက်ဘက်ရှိ ဇစ်ကွဲနေသော နေရာတည့်တည့်အရောက်မှာ မှန်းပြီး. . အရှိန်လျှော့လျှောက်လိုက်သည်။

မြမြစိမ့် လှည့်ကြည့်လိုက်သည်။ ထိုအကြည့်သည် မကြိုးမငယ် နှင့် နှာဘူးလာထနေသည်ဆိုသော အကြည့်မျိုး . . .။



www.burmeseclassic.com

www.burmeseclassic.com



ဦးနုမောင်အခက်တွေ့နေချေပြီ. . . မြမြစိမ့်ကို ဘယ်လိုပြောရပါ့မလဲ 'ကလေးရေ' ဟု ချစ်စနိုးလေး ခေါ်လိုက်ပြီး . . မင်းစကတ်က အနောက်မှာ ဖစ်ကွဲနေတယ်လို့ ပြောရအောင်လည်း တကယ်တမ်း ဦးနုမောင် ဘယ်လိုမှပြော၍မထွက် လူပျိုဖြန်းလေးတစ်ယောက်လို ရှက်နေမိ၏။

ခုလိုမျိုး အနောက်ကလိုက်ပြီး ကာကွယ်နေပြန်လျှင်လည်း နောက်ထပ် ဆယ်မိနစ်လောက်ဆိုလျှင် ပြဿနာတက်တော့မည်. . ခုတောင်ကောင်မလေး၏ ဘုကြည့်ကြည့်တာကို ခံနေရပြီ. . .။

တစ်ချို့လူတွေဆို ဦးနုမောင်ကို ဘာအထာကြီးလည်းဟ ဘတ်စ်ကားပေါ်လည်း မဟုတ်ပဲနဲ့ ဘာလို့ အတင်းလိုက်ကပ်နေရသလဲ ဟု. . ရွံရှာသောအကြည့်ဖြင့်ကြည့်ပြီး တီးတိုးဝေဖန်ကောင်း ဝေဖန်သွားလိမ့်မည်။ ဦးနုမောင် ဘယ်လို လုပ်ရမှန်းမသိ။ ဘဝမှာ ဒီလောက် စိတ်လှုပ်ရှားစရာ တစ်ခါမှမကြုံဖူး။

"အဟမ်း. . . အဟမ်း. . . ဒီ. . . ဒီမှာ. . ကလေး"

စကားလုံးတွေက ဆက်ထွက်မလာ လည်ချောင်းဝမှာ နင်နေသည်။

မြမြစိမ့် . . . စွေကြည့်သည်။ နှုတ်ခမ်းကပါ အဆစ် ဆူတောင်သွားသေး၏။

"ဘာလဲ"

"ကွဲနေတယ်. . . "

"ဘာ. . . "

"လူကြီးနော်. . . စကားကိုကြည့်ပြော. . "

မြမြစိမ့်အသံက. . . ဒေါသကြောင့်. . . စူးရှနေ၏။



www.burmeseclassic.com

www.burmeseclassic.com



"ကြည့်ပြောတာပါ . . ဟို . . ဟိုလေ ကွဲ . . ကွဲနေတာကို မြန်စိလိုက်ပါလား . . ."

"ဘာတွေ လာပြောနေတာလဲ . . နှမချင်းစာနာနော် သိလား"

"စာနာလို့ ကွဲတဲ့အကြောင်း ကပ်ပြောတာပေါ့ ကလေးရယ် မင်းရဲ့ အကွဲကို လူမမြင်စေချင်တဲ့ စေတနာပါ . . ."

မြမြစိမ့် မျက်နှာတစ်ပြင်လုံး ရှက်စိတ်ကြောင့် ခရမ်းချဉ်သီး တစ်လုံးလို နီရဲနေလေပြီ။

ဦးနုမောင်၏ အပြောမတတ်မှုကို ဘယ်လိုမှ သဘောမပေါက် နိုင်ပဲ လက်ထဲမှ ကိုင်ထားသောအိတ်ဖြင့် ဦးနုမောင်ကို ရွယ်ကာ . . .

"ရှင်နော် . . ပြောလေကဲလေပါလား . . ကဲဟာ . . ကဲဟာ"

"ဟာ . . ဟ . . . ဟ . . ကလေး . . . မှားမယ် . . မှားမယ်"

ကိုယ့်အပေါ်သို့ ကျလာသော အိတ်၏ရိုက်ချက်ကို ရှောင်လင် သိုင်းကွက်လို့ လွတ်အောင်ရှောင်ပြီး ဗလုံးဗထွေး အသံဖြင့်တား၏။ ဝတ်ဝန်းကျင်ကို ကြည့်လိုက်တော့ တစ်ယောက်စ နှစ်ယောက်စပင် သူတို့ကို သတိထားမိလာပြီ၊ ရပ်လို့ပင် ကြည့်နေကြသည်။

"မြတ်စွာဘုရား"

ဦးနုမောင် အလန့်တကြား ရေရွတ်မိရင်း လမ်းဘေးက ဆိုင်း ဘုတ်ကလေးများ နေလှန်းထားပုံရသော ပန်းချီဆိုင်လေးဆီ အကြည့် ရောက်သွားမိသည်။

"ဟုတ်ပြီ"

ဦးနုမောင် အကြံတစ်ချက် လက်ခနဲရပြီး နေလှန်းထားသော ဆိုင်းဘုတ်ပြားလေးတစ်ခုကို ပြေးယူလိုက်သည်။

"ဟာ . . ဟော့လူ . . ဟော့လူ ဘာလုပ်တာလဲဗျ ကျုပ်နေလှန်း



www.burmeseclassic.com

www.burmeseclassic.com



ထားတဲ့ဆိုင်းဘုတ်ကို. . ."

ပန်းချီဆရာဖြစ်ဟန်တူသော မုတ်ဆိတ်ကျဲတောက်နဲ့လူက ဆိုင်အတွင်းမှ ဒရောသောပါး ပြေးထွက်လာသည်။ ဦးနုမောင်ကတော့ ဘာမှမသိ။ မြမြစိမ့်၏ အံ့ကွဲကို လူမမြင်အောင် ကာပေးဖို့သာ စိတ်စောနေပုံရသည်။

မြမြစိမ့် အနားရောက်တော့ ဆိုင်းဘုတ်ပြားလေးကို ထောင့်မှ ဖြုတ်ကိုင်ပြီး မြမြစိမ့်၏တင်ပါးနောက်မှ ကာပေးလိုက်၏။

"မင်းစကတ်. . . မင်းစကတ် ဇစ်ကွဲနေတယ်လေ"

"ရှင်"

ဒီတော့မှ မြမြစိမ့် ပါးစပ်အဟောင်းသားဖြင့် အနောက်ကို ကမန်းကတန်း ပြန်စစ်ကြည့်လိုက်သည်။

"အဟီး. . . ရှက်လိုက်တာ"

ခုမှပင် အရှက်သည်းလွန်းသော အမူအရာဖြင့် ဦးနုမောင် ကာပေးထားသော ဆိုင်းဘုတ်ကို သူကိုယ်တိုင်ဆွဲ ယူပြီး ကပ်ထားလိုက်တော့သည်။

ပြဿနာဆိုတဲ့အမျိုးက. . လာရင် တစ်ယောက်တည်း မလာ တတ် အပေါင်းအသင်းနဲ့ကို လာတတ်တာမို့. . . အခုလည်း ဦးနုမောင် လုံခြုံစိတ်ချရပြီအထင်နဲ့ မြမြစိမ့်ကာထားတဲ့နေရာကို ကြည့်လိုက်တော့

"ဟိုက်"

ဆိုင်းဘုတ်မှာ ရေးထားသည့်စာက. . .

"အငှားရယ်ရှိသည်

အနတ် ၂ မီတာ၊

ကျွမ်းကျင်သူများသာ" တဲ့. . .



www.burmeseclassic.com

www.burmeseclassic.com



တစတစ သတိထားမိလာသည့် လမ်းသွားလမ်းလာများ၏ ခွီခနဲရယ်သံက သဲ့ခနဲထွက်လာသည်။

ဦးနုမောင် ကမန်းကတန်း ဆိုင်းဘုတ်ကို တစ်ဖက်ခြမ်းသို့ ပြန်လှည့်ပေးလိုက်၏။

"ဟား ဟား ဟား ဟား"

အခြေအနေက သာ၍ပင် ဆိုးသွားချေသေး၏ တစ်ဖက်ခြမ်းမှာ ရေးထားတာက. . .

"**အမျိုးသား သီးသန့်**"

ဦးနုမောင် ဆိုင်းဘုတ်ကြည့်ပြီး ကြံရာမရဖြစ်နေတုန်း ပုန်းချိဆရာရောက်လာပြီး. . .

"ဟေ့လူ . . . ခင်ဗျား ဘာလုပ်သွားတာလဲ ဒါရေကူးကန်က အပ်ထားတဲ့ ဆိုင်းဘုတ်တွေဗျ. . . ပြန်ပေးပါ"

သူတို့ ၃ယောက်၏အမူကို ဝိုင်းအုံကြည့်ရှုနေသော ပရိသတ်ကလည်း တဖြည်းဖြည်းများလာလေသည်။ ဦးနုမောင် ပန်းချီဆရာကို ဘာမှပြန်မပြောဘဲ ဆိုင်လေးဆီကို ပြန်ပြေးသွားကာ နောက်ထပ်ဆိုင်းဘုတ်တစ်ချပ်ကို ပြေးယူလိုက်ပြန်သည်။

"ရော့. . . ရော့. . . ဒါနဲ့ လဲကာလိုက်"

ဦးနုမောင်က ကာထားသော ပထမဆိုင်းဘုတ်ကို ဆွဲယူပြီး နောက်ထပ်ဆိုင်းဘုတ်တစ်ခုကို မြမြစိမ့်လက်ထဲ ထည့်ပေးလိုက်၏။ မြမြစိမ့်လည်း ခပ်သုတ်သုတ်ဆွဲယူပြီး စကတ်အကွဲကို အမြန်ကာလိုက်ရသည်။

ရယ်သံများက ပို၍ပင် လျှံကျလာပြန်လေသည်။

မသင်္ကာသဖြင့် ဦးနုမောင် ဆိုင်းဘုတ်ကို ကမန်းကတန်း ကြည့်



www.burmeseclassic.com

www.burmeseclassic.com



လိုက်တော့ . . .

“လူကြီး - ၁၀၀၀

ကလေး - ၅၀၀”

“ဟာ . . . လှည့်လိုက် . . . လှည့်လိုက်”




ဦးနုမောင် အသည်းအသန် အော်ပြောတော့ မြမြစိမ့်လည်း ဘုမသိဘမသိနဲ့ ဆိုင်းဘုတ်ကို ဆွဲလှည့်ပြီး ကာလိုက်သည်။

ဒီတော့မှ ရပ်ကြည့်နေကြသည့် လမ်းသွားလမ်းလာ ဝါးလုံးကွဲရယ်သံများက ဝက်ဝက်ကွဲ ဆူညံသွားတော့သည်။



www.burmeseclassic.com

www.burmeseclassic.com



"ဟား ဟား ဟား ဟား ဟား"

"မနက် ၉ နာရီမှ ညနေ ၆ နာရီအထိသာ

သန့်ရှင်းမှုဖြင့် အားပေးပါ" တဲ့လေ။

ဦးနုမောင်သည် ဆိုင်းဘုတ်ကိုကြည့်ပြီး ဘယ်လိုမှ မကြံတတ်တော့။ ပန်းချီဆရာကတော့ ဆိုင်းဘုတ်နှစ်ခုကို ဆွဲယူပြီး နှာမှုတ်သံတရှူးရှူးနှင့် ကော့ပက်ကော့ပက် ထွက်သွားလေတော့သည်။

လမ်းမပေါ်မှာ ရှေ့နောက်ကပ်ရပ်နေသော . . သူတို့ နှစ်ယောက်အဖြစ်က အူကြောင်ကြောင်နိုင်လွန်းလှချော့ အမှန်ပင်။



www.burmeseclassic.com

www.burmeseclassic.com



# အခန်း (၃)

“မာာ. . . ဦးလေး. . . ဒါကဘယ်လိုဖြစ်တာလဲ၊ မနက်က ဝတ်သွားတဲ့ စပို့ရှပ်အင်္ကျီလက်ရှည်ကရော ဘာလို့အင်္ကျီချွတ်နဲ့ ပြန်လာရတာလဲ”

အောင်ဗလကျော်၏ ရယ်ဟာဟာအမေးကြောင့် ချမ်းပြီးတုန်ခိုက်နေသောအမူအရာဖြင့် အရင်ဆုံးလက်ကာပြလိုက်သည်။

အောင်ဗလကျော် လက်နှစ်ဖက်ယှက်ကာပိုက်ပြီး အခန်းထဲဝင်သွားသော ဦးလေးဖြစ်သူကို ပဟေဠိဆန်သော အကြည့်ဖြင့် ကြည့်ပြီး ခွိခနဲရယ်လိုက်သည်။

www.burmeseclassic.com



လူပျိုကြီး ဘာစတန့်တွေ ထွင်လာပြန်ပြီလဲမသိ။ ဒီလို စတိုင်မျိုးနှင့် အိမ်ပြန်လာဖူးတာတော့ ဒါပထမဦးဆုံးအကြိမ်. . .။

ကေတ္တဘောလုံးလောင်းတာ ရှုံးခဲ့လို့အကျီပေးခဲ့လေသလား။

ထင်ကြေးတွေကို ရေလဲသုံးပြီး မီးဖိုခန်းဘက်သို့ ဝင်ခဲ့လိုက်သည်။ ဦးလေးပြန်လာလျှင် လုပ်ပေးနေကျ အလုပ်ဖြစ်သည့် ထမင်းပွဲပြင်ပေးဖို့ အလုပ်ကိုလုပ်ရန် အဓိကတာဝန်ရှိသူမှာ အောင်ဗလကျော်မှလွဲ၍ တစ်ယောက်မှမရှိ။

အောင်ဗလကျော် ထမင်းပွဲပြင်ဆင်နေတုန်း ဦးနုမောင် ထမင်းစားခန်းထဲ ဝင်လာသည်။

အောင်ဗလကျော် ထူးဆန်းစွာ ကြည်လင်နေသော ဦးလေးမျက်နှာကို တစေ့တစောင်းအကဲခတ်ပြီး ပန်းကန်ပြားထဲ ထမင်းထည့်လိုက်သည်။

"ဦးလေး ဒီနေ့ ထူးဆန်းလှချည်လား ပြန်လာတော့လည်း တိုယ်လုံးတီးကြီးနဲ့. . . ပြီးတော့လည်း စမြင်းတုံးမခံတဲ့ မျက်နှာမျိုးနဲ့ အိမ်သာထဲကထွက်လာတဲ့ လူတစ်ယောက်လို ပြုံးနေတယ်. . ."

အောင်ဗလကျော်စကားကြောင့် ဦးနုမောင် ပြုံးနေရာမှ. . အတည်ပေါက်ရုပ်ချက်ချင်း ဖမ်းလိုက်ပြီး. . .

"ဟေ့ကောင်. . . စားခါနီး သောက်ခါနီး ဘာပေါက်ကရတွေ ပြောပြန်ပြီလဲ. . . စကားပုံနှိုင်းလည်း တခြားဟာနဲ့ နှိုင်းပါလားကွ"

ဦးနုမောင် ထိုသို့ပြောပြီး ထမင်းဝိုင်းကို လှမ်းရှိုးလိုက်သည်။ ပြီးနောက် စိတ်ပျက်သောအမူအရာဖြင့် မျက်နှာကိုရှုံ့မဲ့လိုက်သည်။

"ဟေ့ကောင်. . . ငါ့မျက်နှာကို ကြည့်စမ်း. . . ပါးဟက်တွေများ ပေါက်နေပြီလားလို့. . ."



www.burmeseclassic.com

www.burmeseclassic.com



နေ့တိုင်း ငါးဟင်းတွေပဲ ချက်နေ၍ ပါးရွဲ့ပြောလိုက်သော ဦးလေးစကားကို အောင်ဗလတို့က ဖြေရန်အဆင်သင့်. . .

"အင်း. . . ယောင်ယောင်လေးတော့ ထွက်နေပြီး ဦးလေးရ မနေ့တုန်ဆို အကြေးခွံတွေတောင် ထွက်လောက်ပြီ. . . အူဟီး. . ဦးလေးသာ ငါးဖြစ်လို့ကတော့ ကျွန်တော်စျေးမသွားတော့ဘူး. . ."

"ဟင်. . ."

"မဟင်နဲ့ ဦးလေးရ စျေးကငါးကို ဘယ်ပိုက်ဆံအကုန်ခံပြီး ဝယ်တော့မလဲ အိမ်ကငါးကိုပဲ. . . တစ်ဖွဲ့စီဖွဲ့ပြီး တစ်နေ့တစ်မျိုးလုပ် ကျွေးလိုက်မယ်. . ."

"လခွီးကောင် . . . အယုတ်တမာကောင် သားအိမ် အထုတ်ခံ ထားရတဲ့ မိန်းမနဲ့ ညားပါစေ. . ."

"ဟား ဟား ဟား ဟား"

ဦးနုမောင်စကားကြောင့် အောင်ဗလ အားရပါးရ အော်ရယ် ၏။

"ဟေ့ကောင် ဖြည်းဖြည်းရယ်. . မင်းတံထွေးတွေ ဟင်းပန်း ကန်ထဲဝင်ကုန်မယ်. . . နဂိုကတည်းက ထမင်းစားချင်စိတ်မရှိရတဲ့ ကြားထဲ. . ."

"အဲဒါဆိုလည်း မစားနဲ့လေ ဦးလေးရာ ဒီဟင်းတွေအကုန်လုံး ရေခဲသေတ္တာထဲထည့်ပြီး. . . အခေါက်ကင်ဆိုင်သွားကြမယ်ဗျာ. . . ကျွန်တော်လည်း ကိုယ်ချက်တဲ့ဟင်း ကိုယ့်ဟာကိုယ် အော်ဂလီဆန် နေတယ်. . . ချက်လာတဲ့သက်တမ်းလည်း တစ်နှစ်ကျော် နှစ်နှစ်ထဲ ရောက်နေပြီ ခုထိ လက်ရာမတက်သေးဘူး"

"ဒါကြောင့် မင်းကို မိန်းမယူပါတော့လို့ ပြောတာပေါ့ကွ



www.burmeseclassic.com

www.burmeseclassic.com



ဘွဲ့လေးတစ်လုံးပိုက်ပြီး အလကားသောက်ပျင်းကျနေတဲ့ အကောင်"

"ဟာ. . . ကျွန်တော်က ကလေးပဲရှိသေးတာ . . ယူချင်းယူ ဦးလေးယူပါလားလို့. . ."

"ဘာ. . . မင်းက ကလေးဟုတ်လား. . ."

အောင်ဗလကျော်က သူ့ကိုယ်သူကလေးဆို၍ စိတ်ပျက်သော အပြုံးပြုံးကာ. . .

"မင်း ဟာကိုမင်းပြန်ချိန်ကြည့်. . . ဘယ်နှကီလိုရှိလဲလို့. . ."

"အဟဲ. . . ဦးလေးနဲ့တော့ သိပ်မကွာလောက်ပါဘူး. . ."

အောင်ဗလစကားကြောင့် ဦးနုမောင် ခပ်တိတ်တိတ် ဆဲလိုက်သည်။

"မင်း လုပ်တာနဲ့ . . . ငါသယ်လာတဲ့ ကြည်နူးစရာလေးတွေတောင် ဘယ်လိုက်ဖမ်းရတော့မလဲ. . . မသိဘူး. ."

"ဟာ. . ဒါ. . ဒါကြောင့် ဦးလေးကိုယ်တိုင်လုံး ပြန်လာတာကိုး ဟာ. . လေးစားတယ်ဗျာ. . . တည်းခိုခန်းခ မလောက်လည်း အိမ်ကို ဖုန်းဆက်ရောပေါ့ ဦးလေးရာ အကြီးများချွတ်ပေးခဲ့ရတယ်လို့. . ."

အောင်ဗလတို့ အလေးတပြုပြုဖြင့်. . ဘူမသိ ကိုးမသိ ဝင်ဖွတော့၏။

ဦးနုမောင်. . . ထမင်းစား၍ ဖွန်းခက်ရင်းကိုင်ခါနီးဆဲဆဲ အောင်ဗလစကားကြောင့် မျက်လုံးတွေပြူးတူးပြဲတဲ ဖြစ်သွားသည်။ သူ့တူက သူ့ကိုဒီလောက်တောင် အထင်ကြီးနေရသလားပေါ့ . . .

အမှန်ဆို ဦးနုမောင်က တူလေးထင်ကြေးပေးသော ကြည်နူးမှုလေးကို ဘဝမှာ အတော်တဆုံး မျှော်လင့်မိသူပါ. . မှုလုံးသား နုဖတ်ဖတ်လေးကို မသာယပ်တောင် ကမ်းသလိုသာ ဖမ်းလို့ရမည်ဆို



www.burmeseclassic.com

www.burmeseclassic.com



လျှင် ဦးရာလူစနစ်နဲ့တောင် ကမ်းလိုက်ချင်ပါရဲ့. . .

"မင်းဦးလေး ဒီလောက်အဖြစ်ရှိမှတော့ မင်း. . . ငါနဲ့ အတူ ခုလိုလာနေလို့တောင် ရမှာမဟုတ်ပါဘူးကွာ. . . ခုလောက်ဆို ငါ့မှာ သားသမီး နှစ်ဒါဇင်လောက်တောင် ရှိနေလောက်ပြီ. . ."

ဦးနုမောင်. . . စိတ်ပျက်စွာပြောသည်။

"ဒါများ ခုတွေ့တာနဲ့ ကောက်ယူလိုက်ပေါ့ဗျာ. . . ဦးလေးက အရွယ်တင်သေးတယ်. . . ကိုယ့်ဦးလေးမို့ ကိုယ်မြှောက်ပြောတာ-မဟုတ်ဘူး ဦးလေးနဲ့ကျွန်တော် လမ်းယှဉ်ပြီး ထွက်ကြည့် လူတွေက ကျွန်တော့်ကို မေးကြတယ်. . . အဲဒါ မင်းအစ်ကိုလားတဲ့. . ဒီလောက် အရွယ်တင်တဲ့ ဦးလေးကို အသက်လေးဆယ်ကျော် လူပျိုကြီးလို့ ဘယ်သူက ထင်မှာလဲဗျာ. . ."

"အဟေး. . . ဟုတ်တော့ တုတ်တယ်ကွ. . . ငါ တော်တော် နုတယ်ဆိုတာ ငါ့ကိုယ်ငါလည်း သိပါတယ်. . . ဒါကြောင့်လည်း ငါ အဲဒီကောင်မလေးကို လိုက်ဖို့ကြံထားပြီးပါပြီ. . . ဒီနေ့တော့ တော်တော်လေးကို အိုကေခဲ့တယ်. . . အဟဲ. . ဘာဖြစ်လို့လည်းဆိုတော့ သူ့အကွဲကို ငါကွယ်ပေးခဲ့တာလေ. . . နောက်ပြီး ငါ့အင်္ကျီနဲ့တောင် သူတင်ပါးကို ပတ်လေးလိုက်သေးတယ်. . ."

"ဗျာ. . ."

အောင်ဗလကျော်၏ ရည်ရွယ်မထားသော အံ့သြမှုက သူ့ မျက်လုံးအစုံကို နှစ်လက်မလောက် ပြူးထွက်သွားစေပါသည်။



www.burmeseclassic.com

www.burmeseclassic.com



# အခန်း (၄)

"ဒီ. . . ဒီမှာ ငါ့မောင် . . ."

ငါ့မောင်ဟု ခေါ်လိုက်သောအသံချိုကြည်ကြည်လေးကြောင့် အောင်ဗလကျော် ဈေးခြင်းဆွဲပြီး ဘောက်ဆတ်ဘောက်ဆတ် လျှောက်နေရာမှ တည်တင်းသောမျက်နှာဖြင့် လှည့်ကြည့်လိုက်သည်။

လှပကျော့ရှင်းသော ကိုယ်နေဟန်ထားနှင့် ခပ်နွဲ့နွဲ့ ရပ်နေသော မမတစ်ယောက်. . . မရမ်းဖျော့ရောင် မြန်မာဝတ်စုံလေးအား ဖြူဝင်းသောအသားအရေနှင့် လိုက်ဖက်လွန်းစွာ ဆင်မြန်းထားသည့် ဝန္ဒဝင်မမ. . . . ။

အောင်ဗလကျော် ထိုမမကိုကြည့်ပြီး စောစောက သရက်သီး



www.burmeseclassic.com

www.burmeseclassic.com



သနပ်သည် တုလားမနှင့် စကားများလာ၍ တစိမ့်စိမ့်ထွက်နေသော ဒေါသတွေ ချက်ချင်းဆိုသလို ပြွတ်ခနဲ ပြန်ဝင်သွားသည်။

"ခင်ဗျာ . . . ကျွန်တော့်ကို ခေါ်တာလား မမ"

"ဟုတ်တယ်ကွယ် . . . ."

မှိုက ဟုတ်တယ်လည်းဆိုရော အောင်ဗလကျော်တို့ နှုတ်ခမ်းတပြင်ပြင်နှင့် ခရမ်းရောင်မမရှေ့ စွေ့ခနဲပဲ . . .။

ဒါမျိုးက မြန်မှကောင်းတာ ခွေးချေးပုံပတ်ရှောင်တဲ့ သည်းခြေဖျက်သမားလို တွန့်ဆုတ်တွန့်ဆုတ် လုပ်နေလို့ကတော့ သူများက လက်ဦးပြီးသားဆိုလျှင် . . ကိုယ်ပဲ ဟောက်ပက်ဟောက်ပက်နဲ့ ကျန်ခဲ့ရမှာ အသေအချာ. . .။

ခုမမက အရင့်လေးဆိုပေမယ့် . . . ခုခေတ် စူပါမော်ဒယ် ငါးခြောက်ပြားမတွေနဲ့တော့. . . သံလွင်ဆီနဲ့ ရေပဲ. . .

"ဟုတ်ကဲ့ ပြောပါ မမ. . ."

"ဒီလိုကွယ်. . . မမကားမောင်းလာရင်း ကားစက်သေသွားလို့ အဲဒါတွန်းနိုးမှရမယ်လေ. . . ငါ့မောင်က အားကောင်းမောင်းသန်ဆိုတော့. . . မင်းတွန်းပေးရင်. . . ရမလားလို့. . ."

အောင်ဗလကျော် လည်ချောင်းထဲ တံတွေးတစ်ချက်ကို ဂလုခနဲ မျိုချလိုက်ပြီး. . .

"ရပါတယ် မမရ. . . ကျွန်တော်က မမပြောသလို မောင်းသန်ပြီးသား. . . ကျွန်တော်တွန်းပေးမယ်. . ."

အောင်ဗလတို့ ဗိုအားနှစ်ထောင်လောက်ရှိသော ပြင်းအားတို့ မျက်လုံးထဲထည့်. . . မမ၏ မယ်မဒီကိုယ်လုံးလေးကို အားဆေးအဖြစ် မှီဝဲရင်း. . . ဆွဲခြင်းကို ပလက်ဖောင်းပေါ် ဆောင့်ခနဲ ချလိုက်သည်။



www.burmeseclassic.com

www.burmeseclassic.com



သူ့ပုံစံက တစ်ယောက်တည်း အားရှိပါးရှိ တွန်းမည့်ပုံ. . ။

ခရမ်းရောင်မမ ကားထဲဝင်ထိုင်ပြီး စတီယာရင်ကို ကိုင်ကာ တားမောင်းသည်။ အောင်ဗလက နောက်မှ တွန်းသည်။

"အင်း. . . အီး. . . . ယား"

တစ်ယောက်ထဲအားမို့လို့. . . တော်တော်နှင့် မရွေ့၊ အောင်ဗလကျော် အားနည်းနည်းစိုက်ထုတ်မှ ကားက ဖျင်းတိဖျင်းရွဲ မရွေ့ချင် ရွေ့ချင်ဖြင့် ရွေ့ပေးသည်။

တော်တော်ဝေးဝေးကို ရောက်သည့်တိုင်အောင် ကားစက်က မနိုးချင်သေး. . . အောင်ဗလ ဖတ်ဖတ်မောကာ ဒူးတွေယိုင်ချင်လာသည်။

အားလျော့လိုက်၍လည်း မဖြစ်ပြန် ကိုယ့်ကို ယောကျ်ားမပီသဘူးလို့ ထင်သွားမှာကို မလိုလား. . . ။

ဒီတော့. . . ငါဟဲ့ယောကျ်ားဆိုကာ. . . ညာသံပေးပြီး အားစိုက်တွန်းလိုက်သည်။

"ဝူး . . . ဘွန်း . . . ဘွန်း . . . ဘွန်း . . . "

ကားစက်နိုးသံလေးက အောင်ဗလကျော်အတွက် မင်္ဂလာရှိသောအသံပင် . . . ။

မောလိုက်တာ ရည်းစားဖြစ်ပြီး လျှောက်လည်တော့မှ ဒီလိုသာ ကားစက်ခဏခဏသေနေရင်တော့ သေပြီဆရာပဲ။

"ငါ့မောင်ရေ. . ကျေးဇူးအရမ်းတင်တယ်ကွယ် ငါ့မောင်သာ မကူညီရင် မမတော့လမ်းလယ်ခေါင်မှာ ငုတ်တုတ်မေ့ရမယ့်အဖြစ်"

"အဟဲ. . . ရပါတယ်. . . အယ်. . . အင်း. . ဟိုက် ပွားပြီ"

"အို. . ဘာသွားတာလဲဟင် မောင်လေး. . . ဘာသွားတာ



www.burmeseclassic.com

www.burmeseclassic.com



လဲ"

"ကျွန်တော့်ခြင်း. . ."

"ဟယ်. . . ခြင်းတောင်းက ခြေထောက်ပါတယ် ဟုတ်လား အံ့ဩစရာပဲကွယ်. . ."

"အာ. . . မဟုတ်ဘူး. . . သူ့မှာ ခြေထောက်မပါဘူး၊ ခုဟာက ကျွန်တော် ဝယ်လာတဲ့ဈေးခြင်းကို သူများယူသွားပြီလို့ ပြောတာဗျ အဟင့်. . . ဟင့် ဦးလေးတော့ အိမ်ရောက်ရင် ကျိုင်တော့မှာပဲ. . ."

အောင်ဗလကျော် ပိုပိုသာသာလေး ညည်းလိုက်သည်။ ဒါမှ သူက ကိုယ့်ကိုသနားမှာလေ. . .။

"အို. . မမကြောင့် ဖြစ်ရတာဆိုတော့. . မမ အကုန်တာဝန်ယူပြီး ပြန်ဝယ်ပေးပါမယ်ကွယ်. . ."

"ရ. . . ရပါတယ် မမရယ်. . . ကျွန်တော်က ဒီနေ့ကျမှ ပုစွန်ထုပ်တွေ ဆိတ်ကလီစာတွေ ကြက်သားတွေ ဝယ်လာမိလို့ နှမြောသွားတာပါ. . . ကျွန်တော့်ဦးလေးက လူပျိုကြီး သိပ်ကပ်စေးနဲတာ"

အောင်ဗလကျော် အခွင့်အရေးရတုန်း ကြွားလုံးထုတ်လိုက်ပြန်သည်။ အမှန်တကယ်. . . ကိုယ့်ခြင်းထဲပါသည့် ဟင်းစားက ကြက်အလယ်ပိုင်းသားမပါသည့် ခြေထောက်နှင့် ခေါင်းသက်သက်၊ နောက်ပြီး ပုစွန်စုတ်ဖွား ပိစိသေးကွေးလေးတွေနဲ့ ကန်စွန်းရွက်လောက်ပဲ ပါတာ. . တမင်လူမြင်အောင်သာ ကြက်ခြေထောက်တွေကို ဈေးခြင်း ပေါ်မှာ ထောင်လာခြင်းဖြစ်သည်။

ဘာရယ်ညာရယ်တော့မဟုတ် လူရှိန်ခံရုံလေး သက်သက်ပါ။

"ကဲ. . . ကဲ. . . မမကားပေါ် တက်. . . မမ စီးတော်မတ်စ် တစ်ခုခုမှာ မောင်လေးရဲ့ ဟင်းချက်စရာတွေ အကုန်ပြန်ဝယ်ထည့်ပေး



www.burmeseclassic.com

လိုက်မယ်. . . ဟုတ်ပြီလား. . . .”

“အား အားနာစရာ မမရယ်. . .”

အောင်ဗလကျော် ရှေ့မျက်နှာ နောက်ထားပြီး ကားတံခါးဖွင့် ဝင်ထိုင်လိုက်သည်။ မမ၏ ကားလေးငြိမ့်ခနဲ မောင်းထွက်သွား၏။

သင်းပျံ့နေသော မွှေးရနံ့က မမကိုယ်မှတစ်ဆင့် အောင်ဗလကျော် နှာခေါင်းထဲ တိုးဝင်လာသည်။

အောင်ဗလကျော် အငမ်းမရ ရှူရှိုက်လိုက်သည်။ ခုချိန်မှာ မမ လေလည်မည်ဆိုလျှင်တောင်. . . နှာခေါင်းမှတဆင့် အကုန်ရှူသွင်းပြီး ရင်ဘတ်ထဲ အကုန်သိမ်းကျုံးထည့်မိမည်ထင်၏။



www.burmeseclassic.com




www.burmeseclassic.com

www.burmeseclassic.com



# အခန်း (၅)

"**မအ** . . ဟော့ကောင် . . ပု . . ပုစွန်ထုပ်ကြီးပါလား၊ ဈေးသွားပြီး ခိုးလာတာလား၊ ဝယ်လာတာတော့ လုံးဝမဖြစ်နိုင်ဘူး . ."

ဦးလေးစကားကြောင့် . . အနည်းငယ် မာန်တက်နေသည့် အောင်ဗလမျက်နှာမှာ ခွေးချေးဖြင့် အပက်ခံရသူလို ရှုံ့မဲ့သွားသည်။

"ဦး . . ဦးလေး . . လေပြည်တွေကြားမှာ မြောက်တက်နေရတဲ့ ကျွန်တော်ရဲ့ဂုဏ်သိက္ခာကို မမြှင့်တင်ပေးချင်ရင် မျက်လုံးနှစ်လုံးကို အသာမှိတ်ထားလိုက်ပါဗျာ၊ ခုလိုမျိုး သူခိုးရယ်လို့တော့ မခိုင်းပါနဲ့"



www.burmeseclassic.com

www.burmeseclassic.com



"ဒါဆို. . . မင်းအကြွေးခံဝယ်လာတာလား ငါပေးလိုက်တဲ့ ဈေးဖိုးငါးထောင်က ပုစွန်ထုတ်တွေအပြင် ခုငါမြင်နေရတဲ့ ဟင်းတွေပါ ဝယ်ရလောက်အောင် မလောက်ငှာဘူး. . . ဟဲ့ကောင်"

ဦးနုမောင် တစ်ခါမှ မြင်မထဘူးသော ထမင်းဝိုင်းကို. . . ဖြူလ်သားလို တအံ့တဩကြည့်ပြီး ထင်ကြေးတွေနဲ့ အောင်ဗလကို ပိတ်ထုနေ၏။

"ဟုတ်ပါတယ်. . . ဦးလေးအရည်အချင်းကို ဦးလေး သိထား ပါ။ ကျွန်တော့်အရည်အချင်းကိုလည်း ကျွန်တော်ပြောပြမယ်နော်. . . ခုလောလောဆယ်တော့ ထမင်းဝိုင်းမှာ ဝင်ထိုင်ပြီး ဆယ်စုနှစ်တစ်စုမှာ မစားခဲ့ရတဲ့ ပုစွန်ထုပ်ကို အားရပါးရစား စားရင်းနဲ့ ကျွန်တော်ပြောပြ မယ်. . ."

ဦးနုမောင် ထမင်းစားပွဲမှာ အငမ်းမရဝင်ထိုင်ပြီး လက်သီးဆုပ် ကြီးလောက်ရှိသော ပုစွန်ထုပ်တစ်ကောင်ကို သူ့ပန်းကန်ထဲ ခပ်ထည့်ပြီး အားရပါးရ ကိုက်ဖဲ့ဝါးလိုက်သည်။

အရသာရှိလိုက်တာ. . . ဒီအချိန်မှာ ဒီကောင် ဝယ်ပဲလာလာ ခိုးပဲလာလာ. . . သူတောင်းစားလို တောင်းပဲလာလာ. . . ဒါဟာ သူ့ အလုပ်. . . စားရမှာက ကိုယ့်အလုပ်. . ဟုတ်. . ဟုတ်. . ဟုတ်. . .

အောင်ဗလကျော် မမနှင့်ဆုံတွေ့ကြပုံနှင့် သူဂွင်ဆင်လိုက်သဖြင့်. . . ပျောက်သွားသော ဟင်းလျာတွေထက်. . . ယှဉ်လို့မရသော ဟင်းလျာတွေကို မမက စီးတီးမတ်စ်တစ်ခုမှာ ဝင်ဝယ်ပေးခဲ့ခြင်းဖြစ် သည်ဆိုတာကို. . . ခရေစေ့တွင်းကျ ပြန်ပြောလိုက်၏။

ဦးနုမောင် တူတော်မောင် လုပ်ရပ်ကို လက်ခံပေမယ့် တစ်မနေ မနေသော မမဆိုတာကြီးကိုတော့ ဘဝင်မကျအောင်. . .



www.burmeseclassic.com

www.burmeseclassic.com



"နို့. . နေပါဦး. . ဒီမှာလေ မမ. . မမ. . ဖြစ်နေပြီ ဆိုရအောင်. . . မင်းမမက မင်းထက်ဘယ်လောက်တောင် အသက်ကြီးလဲ အရမ်းကြီးရင်တော့ ငါသဘောမတူဘူးနော်. . ."

"မကြီးလောက်ပါဘူး ဦးလေးရဲ့. . . ကျွန်တော်ခန့်မှန်းကြည့်သလောက် အလတ်စားထဲကပဲနေမှာပါ. . ."

"ဟော့ကောင်. . . ဘာအလတ်စားလည်း အရင်းမရှိ အဖျားရှိ. . ."

"အသက်ကိုပြောတာ အသက်ကိုပြောတာ. . ."

ဦးလေး၏ တလွဲတချော်တွေးခြင်းကို အမြန်ဖြေရှင်းရ၏။

"ငါ့ အသက်လောက်ရှိပြီလား. . ."

ဦးလေးအမေးကို မဖြေခင် အောင်ဗလ ဦးလေးမျက်နှာကို တစ်လုံးအစုံမွေးကျဉ်းရင်း အသေအချာ စူးစိုက်ကြည့်လိုက်သည်။

"အင်း. . . မရှိလောက်ဘူးထင်တယ်. . . ဒါပေမယ့် လုံးဝ ထင်ရဘူး မသိရင် ကျွန်တော်နဲ့ ရွယ်တူလောက်လို့ တောင်ထင်ရမယ်၊ သူတာ. . . သူ့ကိုယ်သူ မမနဲ့ မမနဲ့ နာမ်စားသုံးလို့သာ ကျွန်တော့်ထက် ကြီးတယ်လို့ ထင်လိုက်တာ. . . နောက်ဆုံး ကြီးတော့လည်း ဘာဖြစ်လဲ ဦးလေးရာ. . . ကြီးရင်မှီ ငယ်ရင်ချီ ဆိုတဲ့စကားပုံ မကြားဖူးဘူးလား"

"အေး. . . ဒါပေမယ့်ကွာ. . . တူယူမယ့်မိန်းမက ဦးလေးနဲ့ အသက်ရွယ်တူပဲလို့ လူတွေပြောခံရမှာကိုတော့. . . ငါမကြားချင်ဘူး ကြောင့်. . . မင်းကြီးတာရှာမယူနဲ့ သေးတာရှာယူ. . ."

ဦးလေးစကားကြောင့် အောင်ဗလ ဝါးလက်စ ထမင်းလုပ်ကို တမန်းကတန်းမျိုချပြီး. . . ပြောချင်ဇောကပ်ကာ နင်နေသဖြင့် ရေကို မြန်မြန်သောက်ချလိုက်ပြီး. . .

www.burmeseclassic.com



"ဦးလေးဒါတော့ မတရားဘူးဗျာ. . . ဦးလေးကျတော့ အ
သက်နှစ်ဆယ်တောင် မပြည့်ချင်သေးတဲ့ ကောင်မလေးကို ကြိုက်တယ်
နောက်ပြီး. . . ကိုယ့်တူထက်တောင် ငယ်သေးတယ်. . . အဲဒီလို ငယ်
ငယ် စမောလ်လေးတွေကို ကြိုက်တော့. . . ဦးလေးကို နွားအိုမြက်နု
ကြိုက်ဆိုပြီး ပတ်ဝန်းကျင်က မဝေဖန်ကြဘူးလား. . . အဲဒီလို ဝေဖန်
လာရင် ကျွန်တော်ကရော မရှက်ရဘူးလား. . ."

တူဖြစ်သူဘက်က ထောက်ပြလိုက်တော့ ဦးနုမောင် ပါးစပ်
ပိတ်သွားသည်။

ပြီးမှ. . .

မလုံမလဲသောဟန်ဖြင့် ချောင်းတစ်ချက် ဟန့်ကာ. .

"ဒါ. . . ဒါကတော့. . . ငါ့အတွက် ဆေးပေးမီးယူလေကွာ
ငယ်လေ ကောင်းလေပဲ. . . ငါကယောကျ်ားလေး ဘာကိုနစ်နာရမှာ
လဲ. . .

ငါ့အသက်အရွယ်နဲ့ ငယ်ငယ်ချောချောလေးကို ကြိုက်ခွင့်
လက်ထပ်ခွင့်ရရင်. . . မင်းတောင် ဂုဏ်တက်သေးတယ်. . . အောင်
ဗလကျော်တို့ဦးလေး ယူထားတဲ့မိန်းမကငယ်ငယ်လေးနဲ့ ချောလိုက်
တာလဲ မှုန်လို့လို့ပြောရင်. . . မင်းနာမည်က ထိပ်စည်းမှာပါပြီးသား
ကဲ. . . မင်းဘယ်လောက်ဂုဏ်တက်လိမ့်မလဲ. . ."

ဦးနုမောင် ကိုယ့်ဘက်ကိုယက်ပြီးပြော၏။

"မင်းသာ အသက်ကြီးကြီးမိန်းမကို ယူကြည့် ငါသိက္ခာ ကျ
ကွ. . . ဟင်. . . ဟိုမှာကြည့်စမ်း. . . ဦးနုမောင်ရဲ့တူလေး ယူလိုက်တဲ့
မိန်းမဟာ အသက်ကြီးကြီးနဲ့ သွေးတောင်ဆုံးနေပြီလား မသိဘူး. . .
ဒီကောင်လေး ယူစရာရှားလို့ ကိုယ့်အမေအရွယ်ကြီးကို ယူရလား. . .



www.burmeseclassic.com

www.burmeseclassic.com





ဟိုမိန်းမက သွေးဆုံးသားဆုံးဖြစ်နေရင် ကလေးမွေးပေးမှာ တ်ဘူး ငယ်ငယ်ရွယ်ရွယ်နဲ့ မျိုးဆက်တုံးပါပြီလို့ အမျိုးမျိုးဝေဖန်ကြ . . အဲဒီလို ဝေဖန်ခံရရင် . . . ငါ့မျက်နှာကြီးကို မြေကြီးမှာ တွင်းတူး မြှုပ်ထားဖို့တောင်ကောင်းနေပြီ . . . ”

ပိုးစိုးပက်စက်ဝေဖန်နေသော ဦးလေးဖြစ်သူကို အောင်ဗလ တော်လေးတင်းနေသည် . . . ဒီလောက် လှရက်နိုင်လွန်းသူ မမကို ပက်စက် ရစရာမရှိအောင် ပြောစရာလား။

ဦးလေး . : . ဘလိုင်းကြီးရန်စနေချေပြီ . . . ။

“ဦးလေးကောင်မလေးကရော . . ငယ်ငယ်လေးဆိုတော့ အပျို ဖြစ်သေးရဲ့လား တော်ကြာမိန်းမ မတော်ရဘဲ အိပ်ရာထဲ သေး



www.burmeseclassic.com

www.burmeseclassic.com



ပေါက်ချတဲ့ စခန်းရောက်နေမှ အရပ်ထဲ ဟိုးလေးတကြော်ကြော်ဖြစ်တုန်မယ်. . .”

“ဟာ. . ဟ. . ငါကလည်း မင်းထင်သလို မဟုတ်ဘူးဆိုတာ သက်သေပြချင်ပါတယ်. . . ဒါပေမဲ့ ငါ့ကောင်မလေးကို မင်းကြိုက်သွားမှာစိုးလို့ ခုတော့ မပြသေးဘူး. . . မင်းက ကြိုက်မရှက် ငိုက်မရှက်ကောင်မို့. . . ငါ့ပစ္စည်းလေးကို လုံအောင် သိမ်းထားဦးမှ. . .”

“ဟို. . . ဟို့. . . ဦးလေးက ဒီလိုစိန်ခေါ်မှတော့ တူလုပ်တဲ့ ကျွန်တော်ကလည်း ကျွန်တော့်လေဒီလတ်လေးကို. . ဟော့ဒီရင်ဘတ်ထဲမှာ လုံအောင်ဖွက်ထားမယ်. . .၊ တော်ကြာ အရိုးနုက ပေါ့တယ် အရိုးမရင့်တရင့်လေးကမှ အညောင်းအညာ ပြေတယ်ဆိုပြီး အချောင်လာနှိုက်နေအုံးမယ်. . .”

တူကြီးနှစ်ယောက်. . . ထမင်းဝိုင်းအလယ်မှာထားရင်း မုန့်ဆီကြော်ဘယ်နေမှန်းမသိ နှုတ်ခမ်းလန်နဲ့ တည့်ပါ့မလားဆိုသလို. . . တစ်ယောက်စားခွက် တစ်ယောက်လုမှာ ကြောက်နေကြသည်။

အင်း. . . လူဆိုတာမျိုးများ ခက်ပါ့နော်။



www.burmeseclassic.com

www.burmeseclassic.com



# အခန်း (၆)

"ဦး . . . ထိုင်မယ်နော်"

ချိုအီနွဲ့နှောင်းသော လေပြည်လေးတွင် ပန်းရနံ့တို့နှင့်အတူ ယှဉ်ဆောင်လာသော ကိုယ်သင်းနံ့လေးက . . နှာခေါင်းဝသို့ အရင် ဦး တိုးဝင်မိတ်ဆက်လာ၏။

မျက်တောင်ခတ်ဖို့ပင် မေ့လျော့ကာ တအံ့တဩ မော့ကြည့်နေသော ဦးနုမောင်၏ အကြည့်စူးစူးတွေကြောင့် မြမြစိမ့် မခို့တရို့လေး ပြုံးလိုက်သည်။

"ဦး . . . ဘာကြည့်နေတာလဲလို့ . လူကိုအဲဒီလောက်အကြာ



www.burmeseclassic.com

www.burmeseclassic.com



ကြီး စိုက်ကြည့်စရာလား . . ဒီမှာ မတ်တပ် ကြီးရပ်နေရမှာလား . . .

"ဩော်. . . အင်း. . . ဟုတ်. . . ဟုတ်သားပဲ. . . မမျှော် လင့်ထားတဲ့အချိန်မှာ တွေ့လိုက်ရတော့ ကိုယ့်ကိုယ်ကိုယ် ကမ္ဘာသစ်ထဲ ရောက်သွားသလို ခံစားလိုက်ရလို့ပါ. . ."

"အဟင်း. . ခစ်. . . ခစ်. . . ခစ် ဦးကအရမ်း စကားပြော တတ်တာပဲ. . . မီးက ဒါမျိုးလေးမှကြိုက်တာ. . ."

မြမြစိမ့်စကားကြောင့် ဦးနုမောင် မျက်လုံးပြူးသွားကာ. . . ရင်ထဲမှာ လှပ်လှပ်,လှပ်လှပ်နှင့် အေးစိမ့်သွားရ၏။

"ကြိုက်ပါ. . . ကြိုက်ပါ. . . ခုလောလောဆယ် မီးလေး ဘာ ကြိုက်လဲ. . . ဦးတစ်ခုခုမှာပေးမယ်လေ. . ."

"ဟင့်အင်း. . . မီးကညနေပိုင်းဆို ထမင်းကလွဲပြီး ဘာဘာ ရေစာမှ မစားဘူး. . . ဝိတ်တက်မှာစိုးလို့လေ. . ."

နုနယ်ပျိုမျစ်လှသော ခန္ဓာကိုယ်လေးကို ခပ်ဝေ့ဝေ့ ငုံ့ကြည့်ပြီး ပဲလေးနှင့်ပြောနေသော မြမြစိမ့်ကို ဦးနုမောင် မက်မပြေသော အကြည့် တွေဖြင့် မဟားတရားပြုံးပြီး ကြည့်လိုက်သည်။

"မီးက ဝိတ်တက်လည်း လှပြီးသားပဲ. . ."

"တကယ်လား. . ."

"တကယ်ပေ့ါ. . ."

"ဦးက မီးကိုစိတ်ချမ်းသာအောင် ပြောတတ်တယ်နော်. . . ဒီမှာ ဦးရဲ့အင်္ကျီကို လျှော်ဖွတ်ပြီး မီးပူတိုက်ပြီးသွားပါပြီ၊ မီးကို ကူ တဲ့အတွက် အရမ်းကို ကျေးဇူးတင်ပါတယ်. . နော်. . ဦး. . ."

"မလိုပါဘူး မီးရယ်. . ကိုယ့်ရှေ့မှာ အရှက်ရနေတဲ့အမျိုးသမီး လေးတွေကို အစ်ကိုတစ်ယောက်လို ကာကွယ်ပေးခွင့်ရတဲ့အတွက် ဦး



www.burmeseclassic.com

www.burmeseclassic.com



ကတောင် မီးကိုကျေးဇူးတင်နေတာပါ. . .”

ဦးနုမောင်အသံသည် သာမန်ထက်ပို၍ သိမ်မွေ့တိုးသက်၍ နေ၏။ ကောင်မလေးက ခပ်တိုးတိုး ရယ်တာတောင် သူကလည်း . . . လူပျိုဖြန်းလေးလို ခပ်တိုးတိုးရယ်၏။

“ဟင်. . ဦးက မီးကိုဘာလို့ ကျေးဇူးတင်နေရတာလဲ”

“မီးလေးနဲ့ ဆုံတွေ့ခွင့်ရလို့ပေါ့. . .”

“တကယ်. . . အဟင်း. . . ခစ်. . ခစ်. . ခစ်”

မြမြစိမ့် အစိပ္ပါယ်မဲ့ရယ်တော့. . . ဦးနုမောင်ပါ အဓိပ္ပါယ်မရှိ လိုက်၍ ရယ်သည်။ အပျိုဖြန်းလေးနှင့် စကားပြောမှတော့ သူပါ လူပျို ဖြန်းလေးလို ခပ်ပေါ့ပေါ့ လိုက်နေပေးရတော့မှာပေါ့. . . ခုချိန်မှာ ဦး နုမောင် ရင်တွေခုန်နေတာပဲသိသည်။ ဘေးပတ်ဝန်းကျင် ကဲ့ရဲ့မည် ဆိုတာကို ဂရုစိုက်စရာတစ်ခုမဟုတ်ဘူးဟု. . . ကိုယ့်ကိုယ်ကိုယ် နှလုံး သွင်းလိုက်သည်။

“ဒါနဲ့မီးက. . . ဘယ်ကုမ္ပဏီမှာ လုပ်တာလဲ. . .”

အခွင့်အရေးရတုန်း ကိုယ်ရေးကိုယ်တာကိစ္စကို အရိပ်အမြွက် မေးလိုက်သည်။

“မီးလား. . . မီးက. . . Voice Love Spa မှာ ခေါင်းလျှော် ဆံပင်ညှပ်တဲ့ အလုပ်လုပ်တယ်. . .”

“ဟာ. . ဟုတ်လား. . . ဦးက တစ်ခါတစ်လေ Spa တွေမှာ မျက်နှာကို Cleanser လုပ်ပြီး ခေါင်းလျှော်ချင်တာ. . . ကိုယ့်အသက် ကိုယ့်အရွယ်နဲ့ မလိုက်ဖက်လို့ . . .”

“ဟာ. . . ဦးကလည်း. . ဒါကိုယ့်နုပျိုမှုနဲ့ကိုယ်ပဲ မီးတို့ဆိုင် တိုလေ ဦးထက်အသက်အများကြီး ကြီးတဲ့ လူကြီးတွေလည်း လာတာပဲ



www.burmeseclassic.com

www.burmeseclassic.com



ဦးလည်းလာခဲ့လေ. . . ဦးကိုဘယ်သူမှ မကိုင်ခိုင်းဘူး မီးကိုယ်တိုင် တိုင်မယ် သိလား. . ."

"ဟမ်. . . ဘာ. . . ဘာကိုင်မှာလဲဟင်. . ."

"ဩော်. . ဦးကလည်း. . ဘာတွေလျှောက်ထင်နေတာလဲ ဦးရဲ့ခေါင်းကို မီးကိုယ်တိုင် လျှော်ပေးမယ်လို့ပြောတာ. . ."

"ဩော်. . ဒီလိုလား. . . အဟဲ. . ဒါဆို. . . လာလေ ခုပဲ သွားကြမယ်. . ."

"ဟောတော်. . . ခုတော့ မီးလည်း အလုပ်ဆင်းလာပြီလေ ဦးရဲ့. . . ဆိုင်ကိုဘယ်ပြန်သွားတော့မလဲ. . . ဦး လျှော်ချင်ရင် နောက် နေ့လာခဲ့. . ."

"လာတော့ လာချင်တယ်. . . ဦးက အလုပ်တစ်ဖက်နဲ့ဆို တော့ ညနေပိုင်းမှအားတာကွ. . ."

"ဦးက. . ဘာလုပ်တာလဲ. ."

"ဦးကလား. . အဟဲ. . . ရေးတယ်. . ချွတ်တယ်. . လှန် တယ်. . လှော်တယ်. . ."

"ဟင်. . . ဘာအလုပ်ကြီးလဲ. . . ဦးဟာက. ."

"အယ်ဒီတာလေ. . . အယ်ဒီတာ. . ."

"ဩော်. . . ဦးကလည်း တကယ်နောက်တာပဲ မီးက "ဘာ အလုပ်ကြီးလဲဆိုပြီး လန့်သွားတာပဲ. . . ခစ်. . ခစ်. . ခစ်. . ခစ်"

"ကဲ. . ဦးရေ ခင်လည်းခင်တယ် ကျေးဇူးလည်းတင်တယ် ဒါပေမယ့် မီးဝယ်စရာရှိလို့ သွားလိုက်ဦးမယ်. . ."

ဦးနုမောင်ရင်ထဲ ဟာခနဲ ဖြစ်သွားသည်။ ကလေးများလို လူကြီးတစ်ယောက် အပြင်ထွက်ခါနီး မလိုက်ရလျှင် ငိုသလို. .

www.burmeseclassic.com



အားရပါးရ ငိုပြီးတားလို့ရလျှင်လည်းကောင်းသား . .

ခြေသလုံးပဲ ဖက်ရဖက်ရ ပေါင်ပဲဖက်ရဖက်ရ . . ဖက်ပြီး မသွားပါနဲ့ဦးဟု တားလို့ရလျှင်လည်းကောင်းသား . .

"ဟင်းချက်စရာ ဝယ်ရမှာမို့လား . . ."

"မဟုတ်ပါဘူး . . အိမ်မှာဆေးတွေဘာတွေ ကုန်နေပြီလေ ဒါကြောင့် တိုလီမိုလီလေး ဝယ်ရုံပါ . . "

"အင်း . ဦးလည်း . . အိမ်မှာ လိုအပ်တာဝယ်ရဦးမယ် မီးနဲ့ အတူ လိုက်ဝယ်ရရင် ကောင်းမလား စဉ်းစားနေတာ . . "

ဦးနုမောင် အကြောင်းရှာပြီး မြမြစိမ့်အနားမှာ ထပ်ပြီးနေခွင့် ရအောင် ဝွင်ဆင်လိုက်သည်။

"ဘာလဲ . . . ဦးမိန်းမက ကလေးနို့မှုန့်ဘူးနဲ့ အားဆေးတွေ ဘာတွေ ဝယ်ခိုင်းလိုက်လို့လား . . "

မြမြစိမ့် အမေးကြောင့် ဦးနုမောင်မျက်နှာ ညိုပုတ်ပျက်ယွင်း သွားကာ . .

"ဟာ . . . မနောက်ပါနဲ့ကွာ . . ဦးက အိမ်ထောင်မကျသေး တဲ့ လူပျိုတစ်ယောက်ပါ . ဒီထက်သနားစရာကောင်းတာက ခုချိန်ထိ ချစ်သူတစ်ခါမှ မထားဖူးသေးတာပဲ . . "

မြမြစိမ့် ဦးနုမောင်စကားကြောင့် မျက်လုံးလေး ပေကလပ် ပေကလပ် လုပ်ကာ . တအံ့တဩဟန်ဖြင့် ရင်ဘတ်ကို ခပ်ရွယ်ရွယ် လေး ဖိလိုက်သည်။

"ဟယ် . . ဟုတ်လို့လား . ဦးရဲ့ရုပ်က ဒီလောက်အမြင့်ကြီးဟာကို မိန်းမ,မရှိသေးဘူးဆိုတာကို ယုံလို့ရပေမယ့် ချစ်သူမထား ဖူးဘူးဆိုတာတော့ မယုံချင်ပါဘူး . . "



www.burmeseclassic.com

www.burmeseclassic.com



နှုတ်ခမ်းလေးထော်ကာ မျက်စောင်းလေးရွယ်ရင်း ပြောနေသော မြမြစိမ့်မျက်နှာအမူအရာလေးက ညုတုတုဟန်ပေါက်နေသည်။

"ယုံပါ. . . ဦးတကယ်ပြောတာ ကျိန်ပြောရဲတယ် ဦးပြောတာ အမှန်တကယ်ဆိုရင် မီးလေးတို့လို မိန်းမချောလေးနဲ့ ရာသက်လုံးပေါင်းရပါလို၏လို့တောင် ဘုရားမှာဆုတောင်းပြလိုက်ဦးမယ်. . ."

"အဟုတ်လား. . . ဒါဆိုလည်း မီးကပဲ ဆုပေးလိုက်မယ်လေ ပြည့်စေ. . . ပြည့်စေလို့. . ."

ဦးနုမောင်အတွက် ထိုညနေခင်းလေးထဲက ကြည်နူးမှုလေးကို ရင်းနှီးပွင့်လင်းစွာ ခံစားခဲ့ရ၍. . . ကိုယ့်ကိုယ်ကိုယ် အသက်တစ်နှစ်ပိုရှည်သွားသလို ခံစားလိုက်ရသည်။

ဘဝမှာ ဒီလိုပျိုမြစ်နုနယ်သော မြမြစိမ့်နှင့်သာ အတူပေါင်းဖက်ခွင့်ရမည်ဆိုလျှင် ဆယ်ခါပြန် သေရမည်ဆိုလျှင်လည်း သေရဲပါ၏။

အဆိပ်မရှိတဲ့ မြွေအကိုက်ခံဆိုလျှင်လည်း အကိုက်ခံပါမည်။ လောကမှာရှိသော မိန်းကလေးတွေကို မျက်လုံးလေးတစ်ချက်တောင် စွေမကြည့်နဲ့ဆိုလျှင်လည်း လုံးဝမကြည့်ပါ။ မြမြစိမ့်က လွဲလျှင်ပေါ့. .။

"ဦး. . . ဘာတွေပြုံးစိ ပြုံးစိလုပ်နေတာလဲ မီးနဲ့အတူ ဈေးလိုက်ဝယ်မယ်ဆိုလည်း လိုက်ဝယ်လေ. . ထ. . သွားကြမယ်. . ."

အလိုက်သိစွာ ခေါ်နေသော မြမြစိမ့်၏ ခေါ်ဆိုမှုကြောင့် ဦးနုမောင် ဝမ်းသာအားရဖြင့် ငေါက်ခနဲ ထရပ်လိုက်သည်။

"သွားမယ်. . . သွားမယ်လေ. . ."

ဦးနုမောင် စိတ်အစဉ်က ရှုံ့ပွဲကြည့်မည့် လူငယ်လေး တစ်ယောက်လို လန်းလွန်းမက လန်းပြီး တက်ကြွလွန်းမက တက်ကြွနေသည်။ သူ့တွင်ပါသော ပိုက်ဆံတစ်ပြားမကျန် ကုန်တော့မည်ဆိုတာ



www.burmeseclassic.com

www.burmeseclassic.com



ကိုတော့ ဦးနုမောင် နည်းနည်းလေးမှ မရိပ်မိ။

ငယ်ငယ်လေးကိုမှ ချစ်ချင်တာကိုး. . ဒီတော့. . ကလေးတစ်ယောက်ကို အရုပ်ဆိုင်သို့ လက်တွဲပြီးခေါ် သွားသလို ပါသမျှ ပိုက်ဆံလောက်တောင်လောက်မည်မှတ်. . .။

ဒီနေ့က. . . လစာထုတ်ရက်လေးဆိုတော့. . .။



www.burmeseclassic.com

www.burmeseclassic.com



# အခန်း (၇)

"ဦးလေး အိမ်မှာဆန်ကုန်ပြီ ဆန်သွားမှာမလို့ ပိုက်ဆံပေး"

အိမ်ရှင်မကြီး တစ်ယောက်လို လေသံဖြင့် လက်ဝါးဖြန့်တောင်းနေသော အောင်ဗလကိုကြည့်ပြီး ဦးနုမောင် အကျပ်ရိုက်နေ၏။

ခေါင်းတွေတဖျင်းဖျင်း ကုတ်နေသည်။ မနေ့က ထုတ်လာသည့်လစာတွေ မြမြစိမ့်လေးလိုချင်တာ အကုန်ဝယ်ပေးလိုက်တာလောက်တောင် မလောက်၍ သူငယ်ချင်းနာရီဆိုင်မှာ ပိုက်ဆံတစ်သိန်းတောင် အကြွေးတင်ခဲ့သေးသည်။

ထိုကိစ္စကို အောင်ဗလအမှန်အတိုင်း သိ၍မဖြစ် . ဒီတော့



www.burmeseclassic.com

www.burmeseclassic.com



ယုံအောင် ရှိုးရတော့မည်။

"ညက ငါ့ပိုက်ဆံအိတ် ဘယ်မှာကျပျောက်ခဲ့မှန်း မသိဘူးကွာ အဲဒီထဲမှာ လက်ကျန်ပိုက်ဆံတွေရော လစာတွေရော အကုန်ပါသွားတာ. . ."

"ဗျာ. . ."

အောင်ဗလ မျက်လုံးပြူးသွား၏ ဦးလေးရာဇဝင်မှာ ဒီလိုအဖြစ်မျိုး ရှိခဲ့တာမှ မဟုတ်တာ. . ဒါဆို. . မနေ့ညက ဦးဆန်းလွင်ဆီမှာ ဝင်ချေးတဲ့ တစ်သိန်းကရော ကျပျောက်တဲ့အထဲ ပါသွားတာလား. . လုံးဝမဖြစ်နိုင်. . ဦးဆန်းလွင်ပြောတော့ ကောင်မလေးတစ်ယောက်နဲ့ ဈေးဝယ်ထွက်လာရင်း သူ့ဆိုင်ဝင်လာတာဟု အောင်ဗလကို ဖုန်းထဲမှာ အသေအချာပြောလိုက်တာ. . . လုံးဝမမှားနိုင်။

"ဦးလေး. . . တူဝရီးအချင်းချင်းပဲ ဦးလေးရာ. . . မလောက်လေး မလောက်စား အကွက်တွေ မရွှေ့စမ်းပါနဲ့. . . ကျွန်တော် ပေါက်တယ်နော် ဦးလေး. . . ကျွန်တော် လုံးဝပေါက်တယ်. . ."

ဦးနုမောင် အောင်ဗလ၏ ခပ်ထေ့ထေ့စကားကြောင့် ပြူးတူးပြဲတဲကြည့်ကာ. . .

"ဟေ့ကောင် ဘာပေါက်တာလဲ. . . စောစောစီးစီး ငါ့အခန်းထဲ အနံ့ဆိုးတွေ လာမထုတ်နဲ့. . ."

"ဟာ. . . အီးပေါက်တာကို ပြောတာမဟုတ်ဘူး. . . ဦးလေးဆီမှာရှိတဲ့ ပိုက်ဆံတွေအားလုံးကို ဦးလေး ကောင်မလေးအတွက်. . . အရည်ဖျော်လိုက်ပြီမဟုတ်လား လိုးရှင်းဖိုးတွေ မိတ်ကပ်ဖိုးတွေ ရွှေဖိုးတွေလေ. . . ကျွန်တော်အားလုံး သိပြီးပြီ. . ."

"ဟမ်. . . မင်းကို ဘယ်သူပြောလဲ. . ."



www.burmeseclassic.com

www.burmeseclassic.com



"ဦးဆန်းလွင် . . ."

"ဟာ. . ဒီကောင် ခွေးမသား သူ့ကို ဘယ်သူမှ မပြောဖို့ ပိတ်ခဲ့တာမှ ဒီကောင်ပြောဖြစ်အောင် ပြောသေးတယ်. . ."

"မကောင်းမှုဆိုတာ ဆိတ်ကွယ်ရာမရှိပါဘူး ဦးလေးရာ တူဝရီးအချင်းချင်း ဗလောင်းဗလဲလုပ်စရာ မလိုပါဘူး၊ အဲ. . . ဒါပေမဲ့ ဒီကောင်မလေးက. . . ဦးလေးကို ချူစားတယ်ဆိုတာကိုတော့ ဦးလေးအသေအချာသိထားဖို့တော့ လိုလိမ့်မယ်နော်. . ."

ဦးနုမောင် ရှုးရှုးရှားရှား ဖြစ်သွားသည်။

"မှင်း. . မီးလေးကို အဲ့ဒီလို မပြောနဲ့ကွ. . . မီးလေးက အဲ့ဒီလိုအတန်းအစား မဟုတ်ဘူး. . . သူက ဘာမှဝယ်ပေးခိုင်းတာ မဟုတ်ဘူးငါ့ဟာငါ စေတနာတွေပိုပြီး ဝယ်ပေးတာ. . . ရှင်းလား. . .၊ ဒီမှာ. . ဟေ့ကောင်. . . ငါကအစွမ်းအစရှိလို့ ရုပ်ရည်ခန့်ညားလို့ ကိုယ့်သမီးအရွယ်လေးနဲ့ တွဲခွင့်ရတာ၊ ဒီတော့. . ဒီပိုက်ဆံလေးလောက်ကို စာဖွဲ့မနေစွမ်းပါနဲ့ ဟေ့ကောင်ရာ. . . လျှော်လိုက်စမ်းပါ. ."

ဦးနုမောင်ပြောပြောဆိုဆိုဖြင့် မီးခံသေတ္တာသော့ကို ခေါင်းအုံးအောက်မှ နှိုက်ယူလိုက်ပြီး. . .

"ရော့. . . မီးခံသေတ္တာထဲမှာ ဘဏ်စာအုပ်ရှိတယ် လိုသလောက်သွားထုတ်. . ."

"အဟတ်. . . တစ်သက်လုံး ဘဏ်စာအုပ်ကို မျက်လုံး စွေမကြည့်ခဲ့တဲ့ ဦးလေး. . . ဒီလောက်ရက်ရောတာ ဒီတစ်ခါပဲ မြင်ဖူးသေးတယ်. . ."

"လျှာမရှည်နဲ့ဟေ့ကောင်. . အဲ. . လိုသလောက်ပဲနော် တစ်သိန်းခွဲအပြင် ပိုမထုတ်လာနဲ့. . ."



www.burmeseclassic.com

www.burmeseclassic.com



"အဲဒါတော့ ဦးလေးလွန်ပြီဗျာ. . . ကိုယ့်တူနဲ့ကိုယ်နဲ့ တစ်လလုံးစားဖို့ ဒီတစ်သိန်းခွဲထက် ပိုမထုတ်ရဘူးဆိုတာတော့ လုံးဝမဖြစ်နိုင်ဘူး. . . ဦးလေးကောင်မလေးကိုတော့ တစ်ညနေထဲနဲ့ သိန်းနဲ့ချီပြီး တစ်ခါတည်းဖြုန်းပစ်ခဲ့တယ်. . ."

"ဒါက. . . ငါ့ဘဝပျော်ရွှင်စေဖို့ ရင်းနှီးမြှုပ်နှံမှု တစ်ခုကွ. . . ငါ့အဖို့ ဒီလောက်တော့ရင်းသင့်တယ်. . ."

"ကျွန်တော်ကတော့ အနေအထားကြည့်ရတာ ဆီမလာ ပြားမလာကြီးပါ ဦးလေးရာ. . ဦးလေးကျန်ခဲ့လိမ့်မယ်. . ဟိုက သူလိုချင်တာပြည့်သွားရင် ဦးလေးလို ဇိုနာရွတ်တွစပြနေတဲ့ ဘဲအိုကြီးကို. . တစ်ဖြုတ်သွားလိမ့်မယ်"

အောင်ဗလကျော် စိတ်အချဉ်ပေါက်လာသဖြင့် လိုတာထက် ပို၍ ဖွဲ့လိုက်သည်။

သူ့အသက်အရွယ်မှ အားမနာ ကိုယ့်သမီးလေးအရွယ် ရှိတဲ့ ကောင်မလေးနဲ့ ဂွင်အသစ်ကဖန်ချင်သေးတယ်. . .

ရလိမ့်မယ်အားကြီးကြီး. . ဟိုက လက်ကလေးပါးကလေး လောက်ပဲ ရက်ရောမှာ. . . ကျန်တဲ့အပိုင်းကို လိုချင်ရင် ပိုင်ဆိုင်တဲ့ ညည်းစိမ်နဲ့လဲရမှာ. . . ဒါ. . . ဒီကောင်မလေးအချို့ရဲ့ အထာပဲ. . .။

ဒါကြောင့် အောင်ဗလချစ်သူထားရင်. . ကိုယ့်ထက်ငယ်တဲ့ မိန်းကလေးချစ်သူ မတော်ဘူးလို့ ဆုံးဖြတ်ချက်အခိုင်အမာ ချထားပြီးသား. . .

ကိုယ့်ထက်ငယ်ရင် သူတို့ဆိုးသမျှကို ကိုယ်ကဒိုင်ခံ ရင်စည်းခံပေတော့. . .,လိုအပ်ရင် အတွင်းခံနဲ့ ထဘီပါ လျှော်ရင်လျှော်ပေးရမှာ. . .



www.burmeseclassic.com

www.burmeseclassic.com



ဒါကြောင့် အောင်ဗလတို့က. . ကိုယ်ဆိုးလို့ ဂျစ်တိုက်လို့ ရ
အောင် ကိုယ့်ထက်ကြီးတဲ့ မမကိုပဲ ရွေးချယ်မယ်. . . မမ ဆိုရင် ရေ
မီးစုံပါပြီးသား တွင်းပေါင်းရေကြည်ဆို ပိုတောင်စိမ့်သေး. . .။

နောက်ပြီး. . . မမက ခိုင်ပြီးသား ကိုယ်က လက်ဝါးဖြန့်ရုံနဲ့
ကိုယ့်လက်ဝါးပေါ် အားလုံးကျလာမှာ အသေအချာ. . . အချစ်ကို ရွေး
တွက်မတွက်ပေမယ့် နောင်ရေးကိုတော့ စိတ်ချထားမှ ရမှာလေ။



www.burmeseclassic.com

www.burmeseclassic.com



# အခန်း (၈)

**ခအောင်**ဗလကျော်တစ်ယောက် အိမ်ထဲမှာ ခပ်ပျင်းပျင်းနဲ့ ငူနေချိန်မှာပင် အိမ်ထဲသို့ အသံပြုကြီးနဲ့ ဝင်ရောက်လာသူကို ကြည့်လိုက်သည်။

"ဟာ. . လဒကြီး အကွာရာပါလား"

"အေး. . . ကာလနာ အောင်ဗလ"

အချင်းချင်း ခေါ်ပြောနှုတ်ဆက်သံက နားဝင်ပီယံ ရှိလှသည်။ ခတိတ်ကျောင်းတုန်းကတည်းက သူငယ်ချင်းတွေဖြစ်သဖြင့် ခင်မင်ရင်းနှီးရှိလှသည်။ ၁၀တန်းပြီးကတည်းက အကွာရာက ဂျပန်မှာ ပညာသွား



www.burmeseclassic.com

www.burmeseclassic.com



သင်နေသဖြင့် သူနဲ့ကွဲသွားပြီး အခုမှ ပြန်ရောက်လာဟန် ရှိသည်။

"ဟေ့ကောင်ကြီး မင်းဘယ်တုန်းက မြန်မာပြည် ပြန်ရောက်တာလဲ"

"ဟေး. . . တစ်ပတ်လောက်ပဲ ရှိသေးတယ်ကွာ. . မင်းရော ဘာတွေလုပ်နေလဲ"

"ဒီလိုပါပဲကွာ"

"ဒါဆိုလာကွာ မြို့ထဲလေးဘာလေး လျှောက်ရအောင်. . .ငါ ရန်ကုန်မြို့ကို သိပ်မသွားတတ်တော့ဘူးကွ"

နှစ်ယောက်သား ကားတစ်စီးနဲ့ ရန်ကုန်မြို့ကို လျှောက်လှိမ့်နေကြတော့သည်။ တွေ့တဲ့ဆိုင်မှာ ဝင်စားကြ၏။ KTV မှာ သွားဟဲကြသည်။ ညနေလောက်ကျမှ အိမ်ပြန်မယ်ဟု ခြေဦးလှည့်ရင်း Fashion ဆိုင်တစ်ဆိုင်ရှေ့ရောက်တော့. . .

ဖျတ်ခနဲ လှမ်းတွေ့လိုက်ရသော ပုံရိပ်လေး တစ်ခုကြောင့် အကွာရာကို ကားအမြန်ရပ်ခိုင်းလိုက်ရသည်။

"ဟာ. . ရပ်. . ရပ်. . သူငယ်ချင်း. . "

"ကျွိ. . . "

အောင်ဗလရဲ့အသံနှင့် တထပ်တည်း. . အကွာရာက ကားဘရိတ်ကို ကျွိခနဲမြည်အောင် ဆောင့်အုပ်လိုက်သည်။

"ဘာဖြစ်တာလဲကွာ. . . အသည်းအသန်"

"နောက်မှပြောပြမယ် အခု ကားကို နောက်နည်းနည်းဆုတ်ပေးစမ်းပါကွာ"

ပြောပြောဆိုဆိုပင် ကားကိုနောက်ပြန်ဆုတ်ပြီး ဆိုင်ရှေ့မှာ ပါကင်ထိုးရပ်ပေးလိုက်သည်။ သူတံခါးဖွင့်ဆင်းတော့ အကွာရာက



www.burmeseclassic.com

www.burmeseclassic.com



အူကြောင်ကြောင်နဲ့ . . .

"ဟော့ကောင် . . . ငါပါလိုက်ခဲ့ရမှာလား"

"ခဏစောင့်ပေးကွာ"

ပြောပြီး Fashion ဆိုင်ထဲသို့ ဝင်လာခဲ့လိုက်၏။ စောစောက ဝင် မမကို ဒီအထဲဝင်သွားတာ သူသေသေချာချာ တွေ့လိုက်ခြင်း ဖြစ်လေသည်။ ဆိုင်ထဲမှာ ခဏလောက် ပတ်ရှာကြည့်လိုက်တော့ အမျိုးသမီးအဝတ်အစားတွေရှိရာတွင် ကြည့်ရှုနေသောမမကို တွေ့ လိုက်ရလေသည်။

သူ့အနောက်နားမှာ အသာကပ်၍ . . .

"မမ"

ခေါ်သံကြောင့် မမမျက်နှာလေးက သူ့ရှိရာဖက်သို့ လှည့်လာ ပြီး သူ့ကိုတွေ့တော့ . . .

"ဟယ် . . . ငါ့မောင်ပါလား . . ဘယ်လိုကဘယ်လို ရောက် လာတာလဲ"

"သူငယ်ချင်းနဲ့လာတာ မမရဲ့ . . . မမကိုတွေ့လို့ ဝင်လာတာ"

"ဒါဆို ခဏနေအုံးလေ . . . ဪ . . ဒါနဲ့ ငါ့မောင် အချိန်ရ ပါတယ်နော် . . ."

"ရတယ် မမ အေးဆေးပဲ . . . ကျွန်တော်က လောလောဆယ် အလုပ်မရှိသေးတဲ့ လူငယ်လေ . . . နောက်ပြီး မမနားမှာဆိုတော့ ဒီလိုတောင် အချိန်ရသေးတယ်"

ကျွန်တော့်စကားကြောင့် မမက ချိုချိုလွင်လွင်လေး ရယ်လိုက် ပြီး . . .

"ငါ့မောင်က တယ်အပြောကောင်းတာကိုးကွ . . . ဆိုလည်း



www.burmeseclassic.com

www.burmeseclassic.com



မှန့်ဝယ်ကျွေးရတာပေါ့ . . မမကို ခဏစောင့်ကွာ ပြီးမှ အပြင်မှာ တခုခု သွားစားရင်း စကားပြောတာပေါ့"

"ဟုတ် . . . မမ ဒါဆိုရင် ကျွန်တော် အပြင်မှာ သူငယ်ချင်းပါလာလို့ မလိုက်တော့ဘူးလို့ သွားပြောလိုက်အုန်းမယ်"

"OK"

အပြင်ထွက်ပြီး အကွာရာကို အကျိုးအကြောင်းပြောပြလိုက်တော့ သကောင့်သားက ပွစိပွစိလုပ်ပြီး လစ်သွားလေတော့သည်။ မတတ်နိုင်ပါ။ မမနဲ့ ပတ်သက်ရင်တော့ သူ့အချိန်တွေကို မမနဲ့သာ ကုန်ဆုံးစေလိုပါသည်။

နာရီဝက်လောက်နေတော့ မမရောက်လာပြီး . . .

"ကဲ . . ငါ့မောင်လာ တစ်ခုခုသွားစားတာပေါ့"

မမကားနှင့်ပင် လူရှင်းသော စားသောက်ဆိုင်လေးတစ်ခုဆီသို့ ထွက်လာခဲ့လိုက်သည်။ စားသောက်ဆိုင်ထဲဝင်တော့ မမနဲ့အတူ ယှဉ်တွဲလျှောက်လာစဉ်မှာ သူ့ခြေထောက်တွေက မြောက်ကြွမြောက်ကြွ နိုင်လွန်းလှလေသည်။

အတူလက်တွဲပြီး သွားခွင့်များရလျှင်တော့ သူ့ခြေထောက်တွေ မြေကြီးနဲ့ပါ ထိတော့မှာမဟုတ်လောက်တော့ပါ။ သူ မမကို ချစ်ပါသည်။ မြတ်မြတ်နိုးနိုးနဲ့ကို ချစ်တာဖြစ်ကြောင်း သူသေသေချာချာပင် ကျိန်ပြောဝံ့ပါသည်။

"ကဲ . . . ဘာစားမှာလဲ ငါ့မောင် မမမျက်နှာကြည့်နေလို့ကတော့ မင်းဗိုက်ဝမှာ မဟုတ်ဘူးနော်"

"ဒီနှာကိုယ်အတွက် မဟုတ်ပေမယ့် နှလုံးသားအတွက် ဆိုရင်တော့ မမအပြုံးက အရမ်းလိုအပ်တယ်"



www.burmeseclassic.com

www.burmeseclassic.com



"ကဲ . . ဟုတ်ပါပြီ . . . ဒါနဲ့ မင်းစောစောကပြောတာ အလုပ်မရှိဘူးလို့ ပြောတယ်နော် . . . မင်းမမဆီမှာ ဝင်လုပ်မလား"

"ဟာ . . . လုပ်မှာပေါ့ မမရဲ့ . . . မမဆီမှာ ဆိုရင်တော့ လုပ်ပြီးသားပဲ . . ."

"လစာဘယ်လောက်လဲ ဘာလုပ်ရမှာလဲကော မမေးတော့ဘူးလား"

"ဟင့်အင်း . . . မမေးပါဘူး . မမအလုပ်မှာ ဝင်ရမှာဆိုတော့ လစာတစ်ပြားမှ မရလည်းကိစ္စမရှိဘူး ဟဲဟဲဟဲ"

"အင်း . . . ဒီနေ့အအင်္ဂါနေ့ဆိုတော့ မနက်ဖြန်က စဆင်းကွာ"

"ဟာ . . . သိပ်ဆင်းတာပေါ့ မမရာ . . . ဒီနေ့တောင် ဘာမှကြိုတင် ပြင်ဆင်ထားတာမရှိလို့ . . . နို့မို့ကတော့ ဒီနေ့ကတည်းက စဆင်းတယ်"

"ဟော့တော့ . . . ဇွတ်ကြီးပါလား တော်တော်အလုပ် လုပ်ချင်ပုံရတယ်နော် . . ."

"ဒါပေါ့ . . . ကျွန်တော်က မမဆီမှာ ပိုလုပ်ချင်တာ . . ."

အောင်ဗလကျော် . . . ဖိုးလုပ်ချင်ဖြစ်နေသည်မှာ ဣန္ဒြေပင်မဆည်နိုင် . . .။ ပြောလိုက်သည့်စကားကလည်းဒွဲ့။

"အေးပါကွယ် . . . ဒါကြောင့်လည်း မမက မင်းကို လစ်လပ်နေတဲ့နေရာမှာ ထည့်ဖို့ အရင်ဆုံးပြေးမြင်လိုက်တာ . . . လစာကတော့ တစ်သိန်းပေးမယ် . . . အဲ . . လုပ်ငန်းကိစ္စနဲ့ ပတ်သက်ပြီး နယ်တွေဘာတွေ ထွက်ရင်လည်း မမနဲ့အတူလိုက်ခဲ့ရမယ် . . ."

"ငွေဆောင်တို့ ချောင်းသာတို့ ပါလားဟင် . . . မမ"

"အို . . . ဘာဖြစ်လို့ မေးတာလဲ . . . မင်းသွားချင်လို့လား"



www.burmeseclassic.com

www.burmeseclassic.com



"အဟဲ. . . ပါရင်တော့ ပိုကောင်းမှာ. . ဟိုရောက်ရင် မမက ဘောစီး ကျွန်တော်က ရေကူးမယ်"

ကလေးတစ်ယောက်လို ကိုယ့်ဆန္ဒတွေကိုပြောတော့ မမ မခို့တရို့ပြုံးသည်။ မမ၏မျက်နှာလှလှလေးမှာ ရှက်ရိပ်ကလေး မသိမသာ လွှမ်းသွားသည်။

သေချာတာကတော့ မမ အောင်ဗလကျော်အား အများကြီး ပစားပေးနေလေပြီ. . ။

ကုသိုလ်ကံများ အကျိုးပေးပြီဆိုရင် စုတ်ရေလာဘ်ရေ ဝင်လာတတ်တာကိုး။

www.burmeseclassic.com

www.burmeseclassic.com



# အခန်း (၉)

မနက်ခင်းသည် ပြုံးဖြီးဖြီးနှင့် အောင်ဗလကျော်၏ အလုပ်ရ၍ မာန်တက်နေမှုကို မျက်စိစပါးမွေးဆူးနေ၏။

"ဦးလေး ကျွန်တော်အလုပ်ရပြီ . . ."

လေသံက ခြေကန်သည့် လေသံမျိုး. . .။

"တယ်ဟုတ်ပါလား. . . ဒီတစ်ခါတော့ မင်းကို အလုပ် တစ်တယ်ခန့်ကြပြီပေါ့ ကျိန်းရော ကျိန်းသေလို့လား. ."

ဦးလေး လုပ်သူ၏လေသံက မယုံသင်္ကာဖြစ်သည့် လေသံမျိုး။ ယုံလည်းမယုံချင်စရာ ဘွဲ့ရပြီးကတည်းက လျှောက်လိုက်ရတဲ့အလုပ်



www.burmeseclassic.com

www.burmeseclassic.com



ပြေဖြလိုက်ရတဲ့ အင်တာဗျူး. . . ပြီးရင်သောက်တလွဲတွေချည်း လုပ်လုပ်လာလို့. . . တစ်ခါမှ အိမ်ကိုအလုပ်ခန့်စာ ရောက်မလာဖူးသေး။

"ခုဟာက အလုပ်လျှောက်စရာလည်း မလိုဘူး အင်တာဗျူးလည်း ဝင်စရာမလိုဘူး. . . အလုပ်ရှင်ကိုယ်တိုင် လုပ်ပါလို့ တောင်းဆိုလို့ လက်ခံခေါင်းညိတ်မိတဲ့ အလုပ်. . . ဦးလေးယုံချင်ယုံ မယုံရင်ပုံပြင်မှတ်. . အဟတ်ဟတ်. . ."

"လစာကရော နှစ်သောင်းလား သုံးသောင်းလား အလကားပဲနင်းလား. . ."

ဤသို့ နှိမ့်နှိမ့်ချချမေး၏။

အောင်ဗလကလည်း ပြောချင်တာမှ ပါးစပ်ကို ယားကရောပဲ။

"ဒီမှာ ဦးလေး . . . လူဆိုတာ အခွင့်အခါမသင့်လို့ ကံမှိန်နေတဲ့အချိန်မှာသာ ဘာလုပ်လုပ် အဆင်မပြေဖြစ်မှာပဲ၊ ယုတ်စွအဆုံးအီးပေါက်သံတောင် သာချင်မှသာတာ၊ ကံဆိုးရင် ပုတ်အဲ့အဲ့ အနံ့တောင် ထွက်သေး. . . ကံများကောင်းပြီလားဆို အီးပေါက်သံလေးကအစ နားထောင်လို့ကောင်းပြီး အနံ့လေးကိုက မွှေးသလိုလိုတောင်ခံစားမိလိုက်သေး"

အောက်ဂလီဆန်ချင်စရာကောင်းသော ဥပမာစကားကြောင့်ဦးနုမောင် တံထွေးတို့လည်းချောင်းထဲမှ ဖျို့တက်လာကြပြီး. . .

"ထွီ. . လူကြီးကို မလေးမခန့်နဲ့ အလုပ်ကလေးရပြီဆိုတော့လေကျယ်တာလား တစ်သက်လုံး ငါ့အားကိုးလာပြီး. . . ခုမှ ထမင်းလို့ လျှာမတောင်နဲ့. . ."

"ဦး. . ဦးလေး. . မှားနေပြီထင်တယ်"

"ဟော့ကောင် ပါးစပ်ပိတ်. . . ငါ့ဟာငါ ဘာမှားမှား. . မင်း


www.burmeseclassic.com

www.burmeseclassic.com



သောက်ပူတစ်ပြားမှ မပါဘူး. . . ကဲ. . ခုပြော မင်းလစာ ဘယ်လောက်ရလည်း တစ်ပဲခြောက်ပြားလောက်ဆိုရင်တော့ လုပ်မနေနဲ့ ထမင်းဟင်းချက်ပြုတ် လျှော်ဖွပ်တဲ့ အလုပ်ကိုပဲ အပိုးကျိုးကျိုးလုပ်”

“အဲလောက်ထိ အထင်မသေးပါနဲ့ ဦးလေးရာ၊ ကျွန်တော်က ဘော့စ်ရဲ့စက္ကူထရီ ယာယီလစာ တစ်သိန်း. . . နောက်ပိုင်းလစာ ဒီထက်ပိုရမှာ. . .”

လစာ တစ်သိန်းဆို၍ ဦးနုမောင် အနည်းငယ်တော့ ပါးစပ်ပိတ်တိတ်တိတ်ဖြစ်သွားသည်။

တစ်သိန်းဆိုလျှင်တော့ မဆိုး. . အိမ်စရိတ် တော်တော်လေး ပိုလျှံသွားမည်. . .။

“ဘယ်လိုလဲ မဈုပ်ရဘူးလား. . ဒါဆိုလည်း မလုပ်ဘူးနော် ဖြစ်နိုင်ရင် ကျွန်တော်က ပင်ပင်ပန်းပန်း ဘာမှလုပ်ချင်တာမဟုတ်ဘူး ယုတ်စွအဆုံး လေတောင် မချွန်ချင်ဘူး”

လစာတစ်သိန်းကို ဦးလေးမက်သွားမှန်းသိ၍ အောင်ဗလ တမင်မူလိုက်သည်။

“ဟော့ကောင်. . . မိသားစုတိုင်း မိသားစုတိုင်း အိမ်ရှိလူကုန် အလုပ်လုပ်မှ ဒီခေတ်စီးပွားရေး စနစ်ကြီးကို ကျော်လွှားနိုင်မှာကွ . . . မင်းပြောသလို လစာတစ်သိန်းရတာမှန်ရင် လုပ်သာလုပ်. . .”

“လုပ်တာတော့ ဟုတ်ပါပြီး ဦးလေးနဲ့ကျွန်တော် နေ့စဉ် ပုံမှန်ခိုင်းတာတော့ ဘယ်လိုလုပ်မလဲ. . . သူများအလုပ်လုပ်တယ်ဆိုတာ ကိုယ့်ကိုယ်နဲ့ သူ့စိတ်လုပ်ငန်းခွင် အချိန်မီရောက်ဖို့အတွက် အိမ်အလုပ်တွေကို အရင်လိုမလုပ်နိုင်တော့ဘူး. . .”

အောင်ဗလကျော် တလက်စတည်း. . အခွင့်အရေးယူလိုက်



www.burmeseclassic.com

www.burmeseclassic.com



သည်။

"အေးလေ. . . မချက်နဲ့ပေါ့. . . ဒါမျိုး ခိုင်ခိုင်ကျော် ရှိတယ်"

"ဟမ်. . . ဦးလေးကောင်မလေးနာမည်က ခိုင်ခိုင်ကျော်လား သူလာချက်မှာလား. . ."

"ဟာ. . ဘယ်ကငါ့ကောင်မလေးနာမည် ခိုင်ခိုင်ကျော် ရမှာလဲ. . . ထမင်းဆိုင်နာမည်ကို ပြောတာကွ ခိုင်ခိုင်ကျော်ထမင်းဆိုင်မှာ လစာပေး မှာစားလိုက်ရုံပေါ့"

အောင်ဗလကျော်ဆီမှ လစာကိုမျှော်မှန်းပြီး ဦးနုမောင် အ တော်လေးပင် ရက်ရောချနေသည်။

"ဟာ. . . ဦးလေးကလည်း နှမြောစရာကြီး. . . ဟို ဒီလိုလုပ် ပါလား. . . ဒါမှမဟုတ် ဟိုလိုလုပ်ပါလား. . ."

"ဘာမှဖြင့် မပြောရသေးဘူး. . . ဟိုလိုတွေ ဒီလိုတွေ လုပ်ခိုင်း နေတယ်. . . ငါ့ကိုရှင်းရှင်းပြော. . ."

"အဆိုတော် ရှင်းရှင်းက သူ့အိမ်မှာလေ. . . ဦးလေးကို ဘယ် လိုလာပြောမလဲ. . ."

"အရေးထဲ. . . ဘယ်ကရှင်းရှင်းကို ဆွဲထည့်နေပြန်တာလဲ ငါ့ ကို ရှင်းအောင်ပြောလို့ ပြောတာကွ. . . မင်းနှယ်. . . ခက်တော့တာပဲ စကားပြောရင် လိုရင်းကို မရောက်ချင်ဘူး. . ."

စိတ်မရှည်သော ဦးလေးနှင့် အရစ်ရှည်သော တူကြီး၏ စကားဝိုင်းမှာ. . . တရုပ်မဘောင်းဘီထဲ အီးပေါက်သလို လည်နေ၏

"ဒီလို ဦးလေးရ. . . ကျွန်တော်တို့ ထမင်းချက်တဲ့ အသုံးပ တစ်လှည့်စီလုပ်ကြမယ်လေ. . . ညနေအလုပ်ကပြန်လာရင် ဈေးဝင် လာပြီး ပြန်လာမှ ချက်စားမယ်၊ မနက်ကိုတော့ အသုပ်မှာ ကြုံသ



www.burmeseclassic.com

www.burmeseclassic.com



ဖြစ်သလို ထမင်းဆိုင်မှာ ဝယ်စားလိုက်ကြတာပေါ့. . ."

"ဟာ. . မင့်ဟာက မနှိပ်သေးပါဘူးကွာ. . ငါကတော့ မင်းရဲ့ အဲဒီအစီအစဉ်ကို လက်ခံလို့မဖြစ်ဘူး. . . ဘာဖြစ်လို့လည်းဆိုတော့ ညနေရုံးဆင်းချိန်ဆို ငါနဲ့ မီးလေးနဲ့က ကော်ဖီဆိုင်အတူထိုင်ပြီး. . အိုအေစစ်လို ခံစားမှု နုနုလေးတွေကို ကဗျာညည်းသလို ခပ်တိုးတိုး ညည်းဆိုကြတယ်၊ ပြီးတော့ သူ့ရယ်သံလွင်လွင်ကလေးကို ကမ္ဘာကျော် ဝီတသံစဉ် တစ်ပုဒ်လို ရင်ထဲနှစ်ပြီး နားဆင်ရတဲ့ ရသကို အမေရိကန် ဒေါ်လာသုံးဆယ်တန်တဲ့ ဂျူလီယာရောဘတ်ရဲ့ အပြုံးနဲ့တောင် မလဲနိုင်ဘူး. . ."

"ဗုဒ္ဓေါ"

ရုပ်တည်ကြီးနှင့် ခံစားမှုအစုလေးတွေ ဖွဲ့သီပြနေသော ဦးလေးကိုကြည့်ပြီး ရင်မှာ ဘုရားတမိ၏။ ဒီအရွယ်ကြီးကျမှ အချစ်ရူး နေရတယ်လို့. . သက်တမ်းကဖြင့် ကုန်တောင် ကုန်တော့မယ်. . .။

ဒါကို အချစ်ရူးလို့ခေါ် ရမလား. . အချစ်ထူးလို့ သမုတ်ရမလား သေချာတာကတော့ သေခါနီး ရိက္ခာယူနေတယ် ဆိုတာပါပဲ. . .။

ရူးရင်ရူး. . . မရူးရင်ထူးပေါ့။ ခုလောလောဆယ်တော့ သူ စီစဉ်သလိုသာ အသာတကြည် လိုက်နာလိုက်ရုံပဲ. . .။

အောင်ဗလအတွက်ကတော့ မမအနားမှာနေရရုံနဲ့ ဘယ်လို နေနေ ဘယ်လိုစားစား ကျေနပ်ရောင့်ရဲနိုင်သည်။ ကိုယ့်အဖြစ်က. . . မမ၏ ကိုယ်သင်းနံ့လေးနဲ့တောင် ဗိုက်ပြည့်ချင်ချင်ရယ်. . ။



www.burmeseclassic.com

www.burmeseclassic.com



www.burmeseclassic.com



# အခန်း (၁၀)

"မိမိလေး . . . မနက်ဖြန် . . . အားလား . . ."

လက်ဝါးနှစ်ဖက်ကို အမိပ္ပါယ်မဲ့ပွတ်ကာ ပြီတီတီ မေးလိုက်သော ဦးနုမောင် အမေးကြောင့် မြမြစိမ့် နှုတ်ခမ်းလေးစုရုံ အပြုံးနုလေးတစ်ခု ပြုံးလိုက်သည်။

"ဟင့်အင်း မအားဘူး . . . ဦးဘာလုပ်မလို့လဲ"

"မွန်းကြပ်နေတဲ့ ဦးရဲ့စိတ်တွေကို လွတ်လပ်ခွင့်ပေးတဲ့အနေနဲ့ ...ရှားလေးဘာလေးတက် . . . အပြန် ရုပ်ရှင်လေးဘာလေး ကြည့်မ...းလို့ . . ."

သွေးတိုးစမ်းသည့်အနေနှင့် အခွင့်အရေးယူကြည့်သည်။



www.burmeseclassic.com

www.burmeseclassic.com



ရတော့လည်းအမြတ် မရတော့လည်း အရင်းပေါ့. . .။

"အင်း. . . ဦးနဲ့ အဖော်တော့လိုက်ပေးချင်ပါတယ် ဒါပေမဲ့ မီးမဖြစ်မနေသွားရမယ့် နေရာကလည်းရှိသေးတယ်. ."

စားပွဲပေါ် လက်ထောက် မေးတင်ပြီး ခပ်တွေတွေလေး ပြောနေသော မြမြစိမ့်အမူအရာက ကိုယ့်ဘက်က နောက်တစ်ထစ်တိုးလျှင် ရမည့်အနေအထား. . .။

"ဟို. . . ဦးကိုစပ်စုတယ်လို့ မထင်နဲ့နော် မီးလေးရဲ့မဖြစ်မနေသွားရမယ့်နေရာက ဘယ်နေရာလဲဟင်. . . ဦး အဖော်လိုက်ပေးနိုင်မယ့်နေရာဆိုရင် လိုက်ပေးမယ်လေ. . . မဟုတ်မှလွဲရော မီးလေး ချစ်သူဆီသွားမှာတော့ မဟုတ်လောက်ပါဘူးနော်. . ."

မေးမည့်သာမေးရတာ ကိုယ်မကြားချင်သော အကြောင်းအရာကြီးကို ခေါင်းညိတ်ပြီး ဝန်ခံနေရင် သားသားကြောက်ကြောက်ဆိုသလို ဗြဲခနဲလည်း ငိုပြလို့မရ ဒုက္ခသည်စခန်းကလူလို ကယ်ပါယူပါ တစာစာလည်းအော်၍ မဖြစ်နိုင်. . .။

ရင်တထိတ်ထိတ်နှင့် မကျည်းရွက်သာသာ မျက်နှာလေးဖြင့် မြမြစိမ့်၏အဖြေကို မော့ငေးမျှော်လင့်မိ၏။

မြမြစိမ့် အပျိုဖြန်းလေးလို တခစ်ခစ်ရယ်ပြီး. . .

"မီး ပုံစံက. . . ချစ်သူရှိတဲ့ ပုံပေါက်နေလို့လားဦး. . ."

"မီးက. . . အရမ်းလှတယ်လေ ဦးလို လူပျိုကြီးတောင် မီးကို အသည်းခိုက်အောင် ချစ်မိသွားရင်. . . ရွယ်တူ လူငယ်လေးတွေဆိုရင် ပြောဖွယ်ရာမရှိတော့ဘူး. . . အရင်ဆုံးပြောရရင် မီးမှာ ချစ်သူရှိ တယ်ဆိုတဲ့စကားကို ဦးလုံးဝမကြားရဲဘူး. . ."

"ဟင့်အင်း. . . ဦးမကြားချင်လည်း မီးကပြောရမှာပဲ ခုရှိ-



www.burmeseclassic.com

www.burmeseclassic.com



နောင်ရှင်းဆိုသလိုပေါ့ဦးရယ်. . .”

တည်တင်းတင်းလေး ပြောနေသော မြမြစိမ့်၏ မျက်နှာအမူအရာက သူ့အတွက် မျှော်လင့်ချက်မဲ့သလို ထင်ရ၏။ ရင်ဘတ်ထဲမှာ တစ်ခါမှ မထန်ဖူးသော လှိုင်းတွေ ထန်နေသည်။

ခုချိန်မှာ နုပျိုခြင်းတွေကို ဝယ်ပြီး ကိုယ့်မျက်နှာ. . . အင်းမဟုတ်သေးဘူး. . ခန္ဓာကိုယ်တစ်ခုလုံးမှာ ဝယ်တပ်လို့ရရင် ရှိသမျှစည်းစိမ်အသေးစားလေး ပြုတ်ချင်ပြုတ်ပါစေတော့ နုပျိုခြင်းတွေကိုဝယ်တပ်လိုက်ချင်သည်။

ဒါမှမဟုတ် မြမြစိမ့်အချစ်ကို ညှို့ယူသိမ်းသွင်းနိုင်သည့် စိတ်စွမ်းအင်တန်ခိုးမျိုး လိုချင်သည်။ ကိုယ့်ရဲ့ ဆောက်တည်ရာမရချင် ဖြစ်နေသော အမူအရာကို မြမြစိမ့် ခပ်လွင့်လွင့်လေးရယ်ပြီး ကြည့်နေ၏။ ကိုယ့်ရမ္မက်တွေက ကောင်မလေးရှေ့မှာ မလုံ့တလုံရယ်။

သူမ တော်တော်နှင့် မပြောသေး။ ဧကန္တ ကိုယ့်မျက်နှာပေါ်မှာ တရိပ်ရိပ်ပြောင်းလဲနေသော ခံစားမှုမျိုးစုံတို့ကို စိမ်ပြေနပြေ ထိုင်ဖတ်နေတာများလား. . .။

ကိုယ့်မှာသာ ဆရာမစာစစ်ခံနေရတဲ့ ကျောင်းသား တစ်ယောက်ရဲ့ စိုးရွံ့အားငယ် ထိတ်လန့်ခြင်းတွေဖြင့် နှင်းဆီရောင် နှုတ်ခမ်းသားမှ ထွက်ကျလာမည့် မျှော်လင့်ချက်မဲ့စကားလုံးတွေကို မရဲတရဲနားစွင့်နေမိ၏။

“အပေါင်း . . . မီးမှာလေ သိပ်ချစ်ရတဲ့ချစ်သူ. . .”

မြမြစိမ့် စကားလမ်းကြောင်းကို မဆက်ပဲ စလိုးနှင့် ရပ်ထား၏။ သေချာပါပြီ ခုမှတော့ ကိုယ်က အချစ်ရှုံးသမား ဒေဝဒတ်ဖြစ်မည့်အခန်းပေါ့. . .။



www.burmeseclassic.com

www.burmeseclassic.com



"ဆက်. . ဆက်ပြောလေ မီးချစ်သူ ကောင်လေးအကြောင်း"

အသံကအသက်မပါသလို သစ်ရွက်ကြွေတစ်ရွက်လို ခြောက်တပ်ကြေမွနေသည်။

"မီးမှာလေ. . . သိပ်ချစ်ရတဲ့ချစ်သူ ခုထိ . . . လုံး၀ မရှိသေးပါဘူးလို့"

"ဟင်. . တကယ်လား. . အောင်မငီး ၀မ်းသာလိုက်တာ မီးလေးရယ်. . ."

ဖိုးသိုးဖတ်သတ်ဖြစ်နေသော စိုးရိမ်ပူပန်ခြင်းတွေကို အငမ်းမရ မျိုချလိုက်သည်. . . ချစ်သူမရှိဘူးဆိုတော့ မျှော်လင့်ချက်တွေ ကုပ်ခွစီး မဟုတ်မဟတ်အကြံတွေ သုံးပြီး . . . အဟုတ် ဟတ်ထိအောင် နုမောင်ဆိုသည့် ဟော့ဒီလူပျိုသိုးလေးခင်ဗျာလေ. . . အရပ်ထဲမှာ အပြတ်ဆွဲတာ လမ်းတကာလည်ပြီး ဒါကျွန်တော်ချိန်နေတဲ့ လေဒီလေးပါလို့. . . ကြွားလုံးတွေ ထုတ်ပစ်ဦးမှ။

အတွေးနှင့်ပီတိ ရောသမမွှေကာ ကော်ဖီခွက်ကို ကိုင်ပြီး သတိလက်လွတ်သောက်ပစ်လိုက်၏။

"အား. . . ဖူး. . ဖလူး. . . ပူတယ်. . . ပူတယ်"

ဦးနုမောင် လျှာကျက်သွား၍ အပေါ်နှုတ်ခမ်း အောက်နှုတ်ခမ်း မစိနိုင်အောင် ဟထားကာ လျှာကြီးက တွဲလွဲကျလျက် တဟဲဟဲဖြင့်

"ဟယ်. . . လျှာတွဲလဲကြီးနဲ့တော်. . . အိမ်က ယူကီလေးနဲ့တူလိုက်တာ. . . အဟင်း. . . ခစ်. . . ခစ်. . ခစ်. . ."

"ယူ. . . ယူကီဆိုတာ. . . မီးလေးရဲ့ မောင်. . မောင်လားဟင်. . . ."

အာမထိ လျှာမိအသံဖြင့် မေးလိုက်သဖြင့် ပြုံးစိမ့် အားနာ



www.burmeseclassic.com

www.burmeseclassic.com



သွားဟန်ဖြင့် . . . ။

"ဩော်. . . ကန်. . ကန်တော့နော်. . ဟို. . . ယူ. . ယူကီ ဆိုတာလေ အိမ်ကခွေးလေးကိုပြောတာဦးရဲ့. . . အဟင်း ဟင်းဟင်း'

"ကိန်. . . "

ဩော်. . . အရှင်လတ်လတ် ခွေးဖြစ်ရပြန်ပြီပေါ့ မီးမီးစိမ့်စိမ့် လေးရယ်. . . ။ ခွေးဖြစ်လို့ လျှာလေးတစ်လစ်လုပ်လည်း ဦးရင်ထဲက အချစ်မီးက တစ်ဒီဂရီတောင် လျှော့မသွားပါဘူး. . . မီးလေးကို လျှာ လေးနဲ့လျက်. . . လျက်. . . အဲ. . ဟုတ် ဟုတ်သေးပါဘူး. . .

ဩော်. . . ငါ့နှယ်. . ပေါကြောင်ကြောင်နဲ့ ဘာတွေ လျှောက် တွေးနေမှန်းကို မသိတော့ပါဘူး . . .

"အဟင်း . . တကယ်တော့ မနက်ဖြန် မီးသွားမယ့် နေရာက စိတ်ကျန်းမာရေးဆေးရုံကို. . . ဦးရဲ့. . . "

"ဟမ်. . ဘာသွားလုပ်မလို့လဲ. . "

"အဲဒီမှာ မီးအဖေရှိတယ်လေ. . . ပြောရမှာ ရှက်တော့ ရှက် ပါတယ်ဦးရယ်. . . အဖေက စိတ်ရောဂါဝေဒနာသည်ပါ၊ အိမ်မှာထား လို့မရလို့ အဲဒီကိုပို့ထားရတာ. . . မနက်ဖြန်အဖေ့အတွက် စားစရာနဲ့ ဆေးရုံစရိတ်သွားပေးရဦးမယ်လေ ဦးစိတ်ဝင်စားမယ်ဆိုရင် လိုက်ခဲ့ ပါလား. . . အဲဒီကပြန်တော့မှ ဦးသွားချင်တဲ့နေရာကို လျှောက်သွားကြ မယ်လေ. . . အဟင်း. . အဖေနဲ့လည်း မိတ်ဆက်ပေးမယ်. . . "

ဩော် . . ငါ့နှယ့် . . အရှူးကို ယောက္ခမတော်ရဦးမှာပါလား။



www.burmeseclassic.com

www.burmeseclassic.com



# အခန်း (၁၁)

တကယ်တော့ ရူးသွပ်ခြင်းဆိုတာ ရှက်စရာမဟုတ်ပါဘူး ရူးသွပ်မှု အောင်မြင်မှုပန်းတိုင်ကိုရောက်ပြီး ရူးသွပ်သူမဟုတ်လျှင် အောင်မြင်ကျော်ကြားသူဖြစ်မှာ မဟုတ် . . .

ယခု . . အောင်ဗလကျော်လည်း ရူးသွပ်နေပါသည်။ သူ့ရဲ့ ရူးသွပ်ခြင်းက အချစ်ကြောင့် ရူးသွပ်ခြင်း. . ဒီအချစ်ကို ရူးသွပ်နေပြီ ဆိုမှတော့. . . အချစ်မှာ အောင်မြင်မှု သရဖူဆောင်းနိုင်တော့မှာပေါ့

အဓိက,က. . အမှန်တကယ်ရူးသွပ်တတ်ဖို့ပဲ မဟုတ်လား ကိုယ့်လိုလူပျင်းလေးတစ်ယောက်ကို မမက အရေးအရာလုပ်ပြီး အခွင့်



www.burmeseclassic.com

www.burmeseclassic.com



အရေးတွေကို မီးသတ်ပိုက်က ရေတွေထုတ်လွှတ်သလို တဖျန်းဖျန်း အဝွမ်းဝွမ်းနဲ့ ပေးနေမှတော့ မမကိုချစ်တယ်လို့ပြောဖို့က ဘာကို ထွန့်နေရတော့မှာလည်း ပြောစရာရှိတာကို အမြန်ပြောရတော့မှာပေါ့။

အဲ. . . ပြောတာတော့ ဟုတ်ပါရဲ့. . ဒါပေမဲ့ ဘယ်ကစပြော ရမလဲ. . ချစ်တယ်လို့စပြောရမလား. . . လက်ထပ်ပါရစေဟု စပြော ရမလား. . . ဒါမှမဟုတ် မမရဲ့ အကြင်နာငွေ့ငွေ့တွေနဲ့ ငွေ့မြနေတဲ့ ရင်ခွင်ရိပ်မှာ ခိုလှုံခွင့်ပြုပါလား. . .။

ချစ်ရေးဆိုဖို့အရေး တစိမ့်စိမ့်တွေးရင်း စပ်ဖျဉ်းဖျဉ်းလေး ရင်ခုန်နေရ၏။ ကိုယ်ကသာ ကိုယ့်စိတ်နှင့်ကိုယ် ခံစားချက်တွေကို မြှောင်းပေးလိုက်ပေမယ့် မမကရော အချစ်ရေစီးသံတွေကို ပို့လွှတ် ပါ့မလား. . .။ တော်ကြာ. . . ရထားသည့် အခွင့်အရေးလေးတောင် မြန်ရုပ်သိမ်းသွားရင် အခက်. . .။

မဖြစ်သေးပါဘူး. . . မမသူ့အပေါ် ယုံကြည်မှုပိုရှိလာအောင် သူ့အလုပ်အရင်ကြိုးစားပြပြီးမှပဲ ချစ်ရေးဆိုတော့မည်ဟု တစ်ထိုင်ထဲ ဆုံးဖြတ်ချက်ချလိုက်၏။

"ကဲ. . ငါ့မောင်ရေ. . မမတို့ဆိုင်က အထည်မျိုးစုံရဲ့ Brand တွေကို အသေးစိတ် လိုက်မှတ်လို့ပြီးပြီလား. . ."

မှန်တံခါးလေး တွန်းဖွင့်ကာ . ကြွကြွရွရွလေး ဝင်လာသော မမ၏စတိုင်လ်က အောင်ဗလကျော်လို ကုပ်ချိုချိုကောင်နှင့် လုံးဝမလိုက် ဖက်ရလောက်အောင်ကို မမအရမ်းလှသည်။

မရမ်းရောင်ရင့်ရင့် တစ်ဆက်တည်းဂါဝန် ခပ်ကျယ်ကျယ်က ဒူးသာသာလောက်အထိသာရှည်ပြီး အပေါ်မှ ကိုရီးယားကုတ် ခါနက် တလေးကို ထပ်ဝတ်ထားသည်။ ဖြူဝင်းသောလည်တိုင်ကျော့ကျော့နှင့်



www.burmeseclassic.com

www.burmeseclassic.com



မြင့်မားသွယ်လျသော ကိုယ်နေဟန်ထားက ဂျနီဖာလိုပက်စ်တောင် သတိလက်လွတ် ငေးယူရလောက်အောင်ပင် အရှိက်အဖို ကောက်ကြောင်း အသွယ်သွယ်ဖြင့် တင့်တယ်လွန်းနေ၏။

"ဟော့. . . ငါ့မောင်. . . လူကိုဘာကြောင်ကြည့်နေတာလဲ"

"ဩော်. . မ. . မမကအရမ်းလှလို့ပါ. . မြန်မာဝတ်စုံလေးနဲ့တုန်းကလည်း အရမ်းကျက်သရေရှိတယ်. . ခုလို အနောက်တိုင်းဝတ်စုံလေးနဲ့ဆိုရင်လည်း ဟောလိဝုဒ်က မင်းသမီးတွေ အဆိပ်သောက်သေမလားတောင် မသိဘူး အဲဒီလောက်ထိ မမကအရမ်းလှတယ်. . ."

အောင်ဗလကျော်. . . ပေါ်တင်ကြီး ချီးမွမ်းခန်းဖွင့်တော့ မမအပျိုဖြန်းလေးလို မခို့တရို့ပြုံးသည်။

"ငါ့မောင်က လူတစ်ယောက်စိတ်ချမ်းသာအောင် ပြောတတ်တယ်နော်. . ."

"ဒါ အမှန်တရားပါမမ မြှောက်ပြောတာ မဟုတ်ပါဘူး"

"ကဲပါ. . . မမ Brand တွေ အသေးစိတ်လိုက်မှတ် ခိုင်းတာမှတ်ပြီးပြီလား. . ."

"ဗျာ. . . မှတ်တော့ မှတ်ထားတယ်မမ. . . ဒါပေမဲ့ တစ်ချို့က ဘယ်နိုင်ငံရဲ့ Brand ဆိုတာ အသေအချာမသိဘူး မမ. . ."

"အိုကေ. . ဒီလိုပဲ. . တဖြည်းဖြည်းသင်ယူရမှာပေါ့ လုပ်ငန်းတစ်ခုလုပ်တယ်ဆိုတာ. . အောက်ခြေကစပြီး သဘောတရား နားလည်ရမယ်. . ."

"ဟုတ်ကဲ့ မမ"

"ကဲ. . . လာ. . . မမနဲ့အတူ show room ထဲ လိုက်ကြည့်

www.burmeseclassic.com



တာပေါ့. . .”

မနက်ကတည်းက show room ထဲပတ်ပြီး. . . အဝတ်အစား Brand တွေ လိုက်မှတ်ရလို့ ခြေတိုနေတာ. . ခုတစ်ခါ မမနဲ့အတူ လိုက်ရဦးမယ်. . . အရောင်းဝန်ထမ်း ကောင်မလေးတွေတော့ အောင်ဗလကို မျက်စိစပါးမွေး ဆူးဦးတော့မှာပဲ. . .

“မမတို့ဆိုင်မှာက American made ဖက်ရှင်ဒီဇိုင်းတွေပဲ ပိုများတယ်. . . ကဲ. . . အရင်ဆုံး အမျိုးသားဝတ်အခြမ်းကို အရင်ကြည့်ကြရအောင်. . .”

မမကပြောလည်းပြော အရှေ့ကလည်း ခပ်သွက်သွက် လျှောက်၏။ အရောင်းခန်းမထဲဝင်ဖို့ မှန်တံခါးကို အပေါက်ဝတွင်ရပ်နေသော ဝန်ထမ်းကောင်မလေးက အဆင်သင့်ဖွင့်ပေး၏။

အောင်ဗလ သူ့ငွေးနောက်ကနေ လူယုံ တကောက်ကောက် လိုက်သလို. . ခပ်ကုပ်ကုပ် လိုက်ဝင်လိုက်သည်။

အရောင်းစာရေးမလေးတွေကတော့ ဒီငကြောင် ဘာလာလုပ်ပြန်ပြီလဲဟု. . . ခပ်ကြိတ်ကြိတ်ပြောနေကြမှာ အသေအချာ. . .

အမျိုးသားဝတ်တွေကို ပြသထားသည့်နေရာအရောက် မမ တို့ခနဲ ရပ်လိုက်သည်။ အရှိန်ဖြင့် လိုက်လျှောက်နေရသော အောင်ဗလ ပင် တုံ့ခနဲ လိုက်ရပ်လိုက်သည်။

True Religion Brand တွေကို တစ်ထည်ချင်း လိုက်ကြည့်ပြီး။

“ဒါ. . . အမေရိကန်မိတ်တွေချည်းပဲ ငါ့မောင်၊ ဆယ်ကျော်သက်ကနေ လူလတ်ပိုင်းအရွယ်အထိ. . စိတ်ကြိုက်ဝယ်ယူနိုင်အောင် ဆိုက်စုံတင်ပေးထားတယ်။ ဟိုဘက်က DKNY တို့ Levi's တို့ True Religion Jeans တွေအားလုံးဟာ အခုအမေရိကန်မှာ ခေတ်စားနေတဲ့



www.burmeseclassic.com

www.burmeseclassic.com



ဒီဇိုင်းတွေပဲ. . . တစ်ချို့နိုင်ငံခြားထိ ရှော့ပင်ထွက်တဲ့သူတွေဆို ဟိုကို မသွားတော့ဘူး၊ မမဆိုင်မှာ နိုင်ငံတကာ Brand New တွေရလို့ အ တော်လေးကို သဘောကျပြီး လာအားပေးကြတယ်၊ နောက်ပြီး ဈေး နှုန်းကလည်း ချိုတယ်ဆိုတော့ ဖက်ရှင်ချစ်သူ ကာစတန်မာတွေရဲ့ စိတ် ကြိုက်ပေါ့ကွယ်”

အမျိုးသမီးဝတ်တွေ ပြထားရာဘက်သို့ ဒေါက်ဖိနပ် တဝ့်စ် ဝွပ်ဖြင့် လျှောက်သွားပြန်သည်။ အမျိုးသမီးဝတ် Ready made blouses, T Shirt, Style Pan, Casual Wears, Party Dress တွေရှေ့ရောက်တော့. . . အနီရဲရဲဂါဝန်လေး တစ်ထည်ကို ကိုယ်မှာ တပ်ကြည့်ကာ. . .

“ဒါက နောက်ဆုံးပေါ်ဖက်ရှင်ကို စွဲစွဲလမ်းလမ်း ခရေဇီ ဖြစ်တဲ့ လေဒီလေးတွေအတွက် ခေါင်းခါငြင်းဆန်စရာ မရှိစေရလောက် အောင် ဒီဇိုင်းအဆန်းဆုံးတွေကိုပဲရွေးပြီး တင်ထားတာ၊ မမတို့ဆိုင်က ဝယ်ယူတဲ့ ဖက်ရှင်တွေအတွက် Fitting ချပေးတဲ့ ဝန်ဆောင်မှုကိုလည်း free လုပ်ပေးသေးတယ်. . .“

အောင်ဗလကျော် မမရှင်းပြနေသည်ကို အာရုံဝင်စားခြင်း မရှိဘဲ. . . မမ၏အလှနှင့် လုပ်ငန်းကျွမ်းကျင် လာဘ်မြင်မှု၊ ထည်ဝါ တင့်တယ်ပြီး ပြီးပြည့်စုံသော ချမ်းသာသမျှတွေကိုကြည့်ပြီး ကိုယ့်ကို ကိုယ်တောင် သိမ်ငယ်သေးနုပ်သွားသလို ခံစားလိုက်ရသည်။

ကိုယ့်အရည်အချင်းနဲ့ဆို မမကို ပိုင်ဆိုင်ခွင့်ရဖို့ မျှော်လင့်ချက် တွေကို. . . တစ်ဆင့်လျှော့ပြီး အချိန်ယူဦးမှ ဖြုန်းစားကြီး လော တက်လိုက်လျှင်. . . ရခဲလှသော အလုပ်ကလေးပြုတ်သွားနိုင်၏။

နောက်ပြီး. . . မမအမုန်းကိုလည်း အောင်ဗလကျော် မခံစား

www.burmeseclassic.com

www.burmeseclassic.com



ချင်. . .

"မမ အမေရိကန်မိတ်တွေချည်းပဲ ရောင်းတော့ ဟိုကနေ စွည်းအသစ်အဆန်းတွေ ဒိုင်ခံပို့ပေးမယ့် လူခံရှိလို့လား မမ"

"ဒါပေ့ါ ရှိတာပေ့ါ. . . ကဲပါ. . . ဒါတွေမင်းနောက်တော့ တဖြည်းဖြည်း သိလာလိမ့်မယ် ခုလောလောဆယ်. . . မမတို့ မနက်စာ အတူ သွားစားကြရအောင်ကွယ် မင်းလည်း ဗိုက်ဆာရောပေ့ါ. . ."

"ဟုတ်. . . အဲ. . . ဟို ကျွန်တော့်မှာ ထ. . ထမင်းချိုင့် ပါ တယ် မမ. . ."

"ဟုတ်လား. . . ယူခဲ့လေ မမတို့ ရုံးခန်းထဲမှာပဲ စားကြမယ် တအောင့်နေရင်. . . သူတို့မမကို. . . မနက်စာ လာပို့ကြတော့မှာ"

"ဟုတ်ကဲ့ မမ. . ဒါဆို. . . ကျွန်တော် ထမင်းချိုင့် သွားယူ လိုက်ဦးမယ်. . ."

"အိုကေ. . . မမအထဲက စောင့်နေမယ်. ."

အောင်ဗလကျော် မမရှေ့မှ ထွက်လာကာ ကိုယ့်အလုပ် စားပွဲရှိရာသို့ အူတူတူပုံစံဖြင့် လျှောက်လာလိုက်၏။

အဲဒါခက်ချေပြီ. . . ကိုယ့်ထမင်းချိုင့်ထဲမှာရှိတာက ကြက်ဥ ကြော်နှင့် ပဲပြုတ်ဆီဆမ်း. . . ဒီလို မလှပတဲ့ဟင်းတွေနဲ့ မမရှေ့မှာ အောင်ဗလကျော်ဘယ်လိုမှ မစားဝံ့. . . ခုမှတော့ ခက်ချေပြီ။

ကြောင်စီစီတွေးပြီး ကိုယ့်ထမင်းချိုင့်ထားရှိရာအတွင်းခန်း ဘက်သို့ ဝင်လာခဲ့လိုက်၏။

ဝန်ထမ်းတွေနားနေခန်းဟု ခေါ်သောထမင်းစားစရာခန်းထဲ အရောက်. . . တခြားဝန်ထမ်းမိန်းကလေးတွေ ထမင်းစားနေကြ၏။

"အဟဲ. . . မင်္ဂလာပါ"



www.burmeseclassic.com

www.burmeseclassic.com



"အညာဆီရော. . ."

အောင်ဗလကျော်၏ မင်္ဂလာပါဟု နှုတ်ဆက်ခြင်းကို အရောင်းစာရေးကောင်မလေးက ကိုရီးယားလိုပြန်၍ နှုတ်ဆက်၏။

ကိုယ့်အကြောင်းကြောင်း ပုံစံက သူတို့အတွက် စချင်နောက်ချင်စရာပုံဖြစ်နေလားဟု အောင်ဗလ ကိုယ့်ကိုယ်ကိုယ် သိမ်ငယ်မိပြန်၏။

"ဟော့. . ရှင်. . တို့နဲ့ထမင်းအတူလာစားပါလား"

မော်ဒယ်လ်မလေးလိုလှသော အရောင်းစာရေးမလေးက ကိုယ့်အားစတင်မိတ်ဖွဲ့၏။

"အဟဲ. . . ရပါတယ်. . . စားပါ. . ကျွန်တော် အပြင်မှာပဲထွက်စားလိုက်ပါ့မယ်. . ."

"ဘာလဲ. . . ရှင်ဟင်းမကောင်းတာ တို့တွေမြင်သွားမှာ စိုးလို့လား. . . မရှက်ပါနဲ့ ဘဝတူတွေပဲ. . . ပဲပြုတ်တို့ ကန်စွန်းရွက်တို့ ကြက်ဥကြော်တို့ဆိုတာ တို့တွေလို ဘဝသမားတွေအတွက် အာဟာရအပြည့်အဝဆုံး အစားအစာတွေပဲမဟုတ်လား. . ."

အရောင်းစာရေးမလေးစကားကြောင့် အောင်ဗလရှက်စိတ်မွန်ကာ ဆံပင်မွေးများပင်ထောင်သွားသလား ထင်ရ၏။

သူတို့ ကိုယ်ရောက်မလာခင်ကတည်းက စပ်စပ်စုစု ထမင်းချိုင့်လှန်ကြည့်ပြီးသွားပြီထင်၏။

အောင်ဗလ ရှက်လွန်း၍ ဇေသုံးတန်ပင် ပြန်နေရ၏။ ဒီနေ့လိုအဖြစ်မျိုး နောက်နေ့တွေ မကြုံရပါစေနဲ့တော့။



www.burmeseclassic.com

www.burmeseclassic.com



# အခန်း (၁၂)

**စိတ်**ကျန်းမာရေး ဆေးရုံဝင်းထဲဝင်လိုက်သည်နှင့် မြင်မြင်သမ္မ လူတွေ၏ လှုပ်ရှားမှုကာရိုက်တာအားလုံး ပုံမှန်ထက်ပို၍ ထူးနေ၏။

ဦးနုမောင် စားစရာတွေ အပြည့်အသိပ်ဝယ်လာသော လက်ခဲ့အိတ်ကြီးကိုမပြီး. . . ဟိုဒီဘယ်ညာဝေ့ယမ်းပြီး အဆန်းလိုက်ကြည့်နေမိ၏။ ဗဟုသုတမရှိဘူးပဲဆိုဆို တုံးတယ်လို့ပဲပြောပြော ဒီလိုနေရာတို ရောက်ဖူးတာ ဒါပထမဆုံး အကြိမ်ပင်ဖြစ်၏။

"ဦး. . . အရူးတွေမြင်ပြီး စိတ်အနှောက်အယှက်များ ဖြစ်နေ



www.burmeseclassic.com

www.burmeseclassic.com



မလှလားဟင်"

ကိုယ့်လက်မောင်းကို တွဲခိုပြီး မေးလာသော မြမြစိမ့် အမေးကြောင့် ခေါင်းကိုဘယ်နှချက်ဝှေ့ယမ်းမိလိုက်မှန်း မသိအောင်ပင် အပျော်တွေလွန်သွားကာ ရင်တွေတလှပ်လှပ်ခုန်သွား၏။

"အဟဲ. . . ဘယ်ကလာ စိတ်အနှောက်အယှက် ဖြစ်ရမှာလဲ မီးလေးရယ်. . . ဒီလိုနေရာမျိုးဆိုတာ တော်ရုံလာဖို့ လွယ်တာမဟုတ်ဘူး ကြုံကြိုက်လို့သာရောက်ဖြစ်ကြတာ. . . ဦးတော့သူတို့လေးတွေကို ကြည့်ပြီး သနားတယ်. . . အဲဒီလိုမှန်းသိရင် သူတို့ကို စားစရာ လှူလို့ရအောင်. . . အပြင်က ဘာလေးညာလေးဝယ်လာပါတယ်. . ."

ဦးနုမောင် လွတ်တဲ့ငါးကြီးဖြစ်၏။ အမှန်ဆို. . ခုကိုယ့် လက်ထဲမှာ မနိုင်မနင်းဆွဲထားသည့် အထုပ်အပိုးတွေအားလုံးက ဦးနုမောင် ပိုးကြေးပန်းကြေးဖြင့် ဝယ်လာသော အရွှေးယောက္ခမလောင်းလျာ အတွက်ပဲ မဟုတ်လား. . . ဘာများထပ်ကုန်ချင်သေးသလဲ. . .။

"ဦးရယ်. . . ဒါများလှူချင်ရင် အပြင်ကဝယ်လာတဲ့ အစားအစာလှူမှမဟုတ်ပါဘူး. . ငွေလှူလည်း ဖြစ်ပါတယ်. . နေဦး အဖေ့ကို ဝင်တွေ့ပြီးမှ ဦး စေတနာရှိသလောက် သွားလှူပေးမယ်လေ. . . ဦး အဲဒီလိုလှူရင် မီးအဖေကို သူတို့ပိုကရုစိုက်ကြတယ်. . . အလှူရှင်နဲ့ ပတ်သက်လို့လေ. . ."

"ဩော်. . . အင်း. . အဲ . . လှူ. လှူတာပေါ့. . အဟင်း. . ဟဲ. . ဟဲ. ."

ဦးနုမောင် ခါးကြားမှာ ထိုးထားသော ပိုက်ဆံအိတ်ကို မသိမသာလှမ်းစမ်းလိုက်သည်။ လောက်ွတ်ချော်မိသော ကိုယ့်ခိုင်ယ်ကိုယ် လည်း ခွင့်မလွှတ်နိုင်အောင် ဒေါသထွက်မိ၏။ ကိုယ့်ဟာကိုယ် ကြောင်



www.burmeseclassic.com

www.burmeseclassic.com



ချင်ရင်တစ်ခြားနည်းလမ်းနှင့် မျက်နှာလုပ်ပြီး ကြောင်ပါတော့လား။

"ဟော့. . . ရွတ်. . . ရွတ်. . . ရွတ်"

အနောက်မှ ခေါ်လိုက်သောအသံကြောင့် ဦးနုမောင် ကိုယ့်ကိုယ်ကိုယ် ဒေါသထွက်နေရင်းမှ လှည့်ကြည့်လိုက်သည်။

ရုပ်ရည်ခန့်ခန့်ညားညားကြီးတစ်ယောက်။ ဦးနုမောင် လှမ်းနေသော ခြေလှမ်းတွေအရှိန်လျော့လိုက်ပြီး. . . ထိုလူကြီးအား ဘာလဲဟူသော အမူအရာဖြင့် မေးဆတ်ပြလိုက်သည်။

"ခဏ. . . ငါ့ညီ. . . ခဏ"

လက်ယပ်ပြီးခေါ်သဖြင့် ဦးနုမောင် နောက်ကြောင်း ပြန်လှည့်လိုက်သည်။ မြမြစိမ့်ကတော့ ဦးနုမောင် နောက်မှာပါလာသည့် အထင်နှင့် ကော့လန်ကော့လန်ဖြင့်. . . သူ့အဖေရှိရာအခန်းသို့ ဝင်သွား၏။

"ဘာလဲ. . . ဦးလေး. . ."

"မင်းနဲ့ သမီးရဲ့အခြေအနေကို သိချင်လို့ပါကွာ. . ."

"ဗျာ"

ဦးနုမောင် အံ့သြသွားသည် ။ စိတ်ထဲမှာလည်း ဒီလူကြီး မြမြစိမ့်၏ အဖေများလားပေါ့ ပုံစံကြည့်တော့လည်း အရှုးတစ်ယောက်ဟု ဆောင်ရလောက်အောင် တည်တည်ငြိမ်ငြိမ်ရယ်. . ။

စိတ်ထဲမှာလည်း မြမြစိမ့်နဲ့တောင် ရုပ်ချင်းခပ်ဆင်ဆင် တူသည်လို့တောင် တွေးလိုက်မိသေး၏။

"ဦးလေးက ကျွန်တော့်ကိုသိလို့လား"

"ဟ. . သိတာပေါ့ကွ. . ငါ့သမီးက မင်းအကြောင်းတွေကို ပြောတာများ ငါ့နားကွဲမတတ်ပဲကွ. . အဟီး. . မင်းက အသက်ကြီးပေမယ့် မပျက်စီးသေးဘူးဆိုတဲ့အကြောင်းတွေ စေတနာသဘောတရား



www.burmeseclassic.com

www.burmeseclassic.com



အရှမ်းတောင်းတယ်ဆိုတဲ့အကြောင်းတွေ. . အို. . စုံလို့ပါပဲကွာ. . ”

“ဒါနဲ့. . ဦးလေးက ဒီအပြင်ကိုဘာထွက်လုပ်တာလဲ ဟိုမှာ ဦးလေးသမီးကသွားပြီ၊ လာ. . လာ. . ကျွန်တော်တို့ အမီလိုက်ရအောင်. . . ”

“ထားစမ်းပါကွာ. . ငါ့အခန်းမှာ ငါ့သမီးစောင့်နေပစေ ငါက ဒီလိုပဲ. . ဒီမှာအနေကြာလာတော့ ဒီကဆရာဝန်ကြီးတွေ ဆရာမလေးတွေနဲ့ ဘော်ဘော်တွေတောင်ဖြစ်နေကြပြီလေ ငါ့သမီးလာတိုင်း ငါ့အခန်းမှာ ငါရှိမနေလို့သူခမျာ အမြဲစောင့်ရတယ်. . . ”

ဦးနုမောင် ပုံမှန်အနေအထားဖြင့်ပြောနေသော ထိုလူကြီးကို ကြည့်ပြီး ယဉ်ယဉ်လေးနှင့်မသိမသာရှူးနေသည်ဟုပဲ စိတ်ထဲကမှတ်လိုက်ပြီး မတော်ရသေးတဲ့ ယေကျှမလောင်းဆိုသောအသိစိတ်ဖြင့် ဖက်လဲတကင်း ဆက်ဆံဖို့ဆုံးဖြတ်လိုက်သည်။ ဒါမှ မြမြစိမ့်လေးက သူ့အဖေကို ဂရုစိုက်တဲ့ ဦးပါလားဆိုပြီး ကိုယ့်ကိုပိုသဘောကျမှာ. . ။

“ဦးနေကောင်းတယ် မဟုတ်လား. . . ”

“ငါကနေကောင်းပါတယ်ကွာ. . တစ်ခါတစ်ခါ ထထဖောက်တာလေးပဲရှိတာပါ. . ကျန်တဲ့အချိန်ဆို မင်းတို့လို လူကောင်းတွေနဲ့ သာကြောင်းမာကြောင်း ဘာသာရေးအကြောင်း နိုင်ငံရေးအကြောင်း အကုန်ပြောနိုင်ပါတယ်ကွ. . . ”

“ကဲ. . လာ. . လာ. . သမီးစောင့်နေတော့မယ် အခန်းထဲ ရောက်မှ စကားအေးအေးဆေးဆေးပြောကြတာပေါ့ကွာ”

ထိုလူကြီး ဦးနုမောင်ပခုံးကိုဖက်ပြီး သူ့အခန်းရှိရာသို့ခေါ် သွား၏။ ဦးနုမောင်လဲ ဘူမသိ ကိုးမသိ လိုက်ခဲ့လိုက်သည်။

“ဟင်. . ဦးလေးရဲ့သမီးလည်း မရှိပါလား. . ”



www.burmeseclassic.com

www.burmeseclassic.com



"ဆရာဝန်ကြီးနဲ့ သွားတွေ့တာဖြစ်မယ် ပြန်လာပါလိမ့်မယ်. . ခဏစောင့်. . လာ. . . . ထိုင်. . ."

အောက်သိုးသိုး အနံ့အသက်တွေ လှိုင်လှိုင်ထွက်နေသော အခန်းကျဉ်းလေးတွင် ခုတင်တစ်လုံးနှင့် ထိုင်ခုံတစ်လုံးက လွဲ၍ ဘာမျှမရှိ. . .

"မှန်းစမ်းပါဦး. . မင်းတို့ဘာတွေသယ်လာကြလဲ တစ်ပတ်တစ်ခေါက် အများကြီးဝယ်မလာခဲ့နဲ့လို့ သမီးကိုပြောထားရက်နဲ့ကွာ. ."

ထိုလူကြီး ဦးနုမောင်လက်ထဲမှ စားစရာတွေအပြည့် ထည့်ထားသောလက်ဆွဲအိတ်ကိုလှမ်းယူလိုက်သည်။

ဦးနုမောင်. . အလိုက်သင့်ကမ်းပေးလိုက်၏။

"ဟာ. . . နည်းတာမှမဟုတ်တာ. . ဒါမောင်ရင် ဝယ်လာတာ သားကွ. . ."

BURMESE CLASSIC

"ဟုတ်ကဲ့ပါ အဖေ. . . ."

ဦးနုမောင် မျက်နှာလုပ်ချင်ဇောဖြင့် အဖေဟုခေါ်ပြီး မျက်နှာချိသွားလိုက်သည်။

"အေး. . . အေး. . ငါ့သမက်က လူကောင်ကြီးသလို အချိန်ထည်း စီးသကွ. . . ယောက္ခမဘာကြိုက်လဲဆိုတာ သိတယ်ကွ. . ဟားဟား. . ."

ထိုလူကြီး ပြောပြောဆိုဆိုဖြင့် မုန့်တွေကို တစ်ခုပြီးတစ်ခု ယူစား၏. . ။

"စား. . စား အဖေ. . အားရပါးရစား. . . သားနောက် တစ်ခေါက်လည်း အဖေ့အတွက်ဝယ်ပို့ပေးမယ် သိလား. ."

"အေး. . အေး. . ငါ့သားမက်က တကယ်လိမ္မာသကိုး. . ဒါ



www.burmeseclassic.com

www.burmeseclassic.com



ကြောင့် ငါ့သမီးမင်းကို အသည်းစွဲနေတာ. . အဲ. . ဒါနဲ့ငါ့မြေးတွေ
နေကောင်းရဲ့လားကွ. . ."

"ဗျာ. . ."

ဦးနုမောင် သွားဖြဲလေးရယ်နေရင်းမှ အဘိုးကြီး အမေးကြော
မျက်လုံးပြူးသွားသည်။

"ငါ့မြေးတွေရော နေကောင်းလားလို့. ."

"ဦး. . ဦးလေးမှားနေပြီလေ. . ဦးလေးသမီးက အ. . အပျို
ရှိသေးတာကို. . ."

"ဟေ. . ဟုတ်လား၊ ငါ့သမီးကအပျိုပဲရှိသေးတာလား. .
ဟော့. . သိပါဘူးကွာ. . မင်းနဲ့တွဲဝင်လာတော့ တိတ်တိတ်ပုန်းတော
ယူပြီးလောက်ပြီထင်တာကွ. ."

BURMESE CLASSIC

ဦးနုမောင် ထိုအဘိုးကြီးပြောနေသော အကြောင်းအရာ
ကို အထအနလိုက်ကောက်နေ၍မဖြစ် သူကစိတ်မှမမှန်တာ အလို
သင့်လေး နေလိုက်ရုံပေါ့. . .။

"ဩော်. . ဒါနဲ့ ငါ့ကို ဆေးလိပ်ဖိုးကွမ်းဖိုးလေး ပေးခဲ့စမ်း
ဦးကွာ. . သမီးမလာခင်တောင်းရတာ သမီးလာရင်ပေးခိုင်းမှာမဟုတ်
ဘူးကွ. . ငါ့မှာ မိသားစုနဲ့ခွဲနေရတဲ့ အခုလိုအချိန်မှာ အထီးကျန်ခြ
တွေကို ဆေးပေါ့လိပ်လေးဖွာလိုက် ကွမ်းလေးမြုံလိုက်နဲ့ပဲ. . အထီးကျ
တာတွေကို ဖြေသိမ့်နေရတာပေါ့ကွာ. . ."

"ဩော်. . . ဟုတ်ကဲ့. . ဟုတ်ကဲ့. ."

ဦးနုမောင် ပိုက်ဆံအိတ်ထဲမှ တစ်ထောင်တန်နှစ်ရွက် ထု
ပေးလိုက်သည်။

"အဟား. . ကျေးဇူးကျေးဇူး. . ငါ့သားစိတ်ရှိ အဖေအတွ



www.burmeseclassic.com

www.burmeseclassic.com



ယ်လာပေးတဲ့ အစားအစာတွေကို အဖေကုန်အောင် စားပေးမယ် သိလား. . .”

ဦးနုမောင်တရိုတသေလှမ်းပေးသော တစ်ထောင်တန် နှစ်ရွက်ကို ဖျတ်ခနဲဆွဲယူကာ သူထိုင်နေသောခုတင်ပေါ်ရှိ အိပ်ရာခင်းအောက်ကို ဖျတ်ခနဲထိုးထည့်လိုက်သည်။

ဦးနုမောင် ဒါကို ဂရုမစိုက်အားတော့ မြမြစိမ့် ပြန်လာမည့်ခင်သည့် ဆေးရုံဝင်းစကြံလမ်းကို လှမ်းမျှော်လိုက်၏။ ဆရာဝန်နဲ့ သွားတွေ့တာ ကြာလှချည်လားဟုလည်း စိတ်ထဲမှ တွေးလိုက်သေး၏။

မိနစ်နှစ်ဆယ်ခန့်သာကြာသွားပြီ မြမြစိမ့်၏ အရိပ်ယောင်ကို ခုထိမတွေ့ရသေး. . .။

BURMESE CLASSIC

“အဖေ. . ဆရာဝန်ကြီးတွေအခန်းက ဘယ်နားမှာလဲ”

ဦးနုမောင်အမေးကို အဘိုးကြီး မုန့်တွေစားနေရင်းမှ ပလုပ်ပလောင်းလေသံဖြင့်. . .

“ဟောဟိုမှာ မြင်နေရတဲ့ အခန်းလေးတွေလား လိုက်ကာလေး လွင့်နေတဲ့အခန်းလေး”

“ဪ. . အဲဒီအခန်းလား. . ”

“မဟုတ်သေးဘူး. . . အဲဒီအခန်း ဟိုဘက်ရောက်ရင် ဘယ်ဘက်ချိုးလိုက်. . ”

“ဘယ်ဘက်ချိုးရင် ရောက်ပြီပေါ့. . . ”

ဦးနုမောင် စိတ်လောတကြီးဖြင့် မေးလိုက်သည်။ အမှန်ဆို ဒီလိုစောင့်နေသောအခန်းထဲမှာ အရှုးယောက်ျားမကြီးနှင့် အချိန်မကုန်ချင်. . .

“မရောက်သေးဘူး ဘယ်ဘက်ရောက်ရင်တည့်တည့် ဆက်



www.burmeseclassic.com

www.burmeseclassic.com



လျှောက်သွား. . အဲဒီမှာ ပြင်ပလူနာဌာနရှိလိမ့်မယ်"

"ဟုတ် . . အဲဒီနားမှာလား. . "

"ဟုတ်သေးဘူး. . အဲဒီပြင်ပလူနာဌာနနား ရောက်တာနဲ့ ဘယ်ကိုချိုး ပြီးရင်ညာကိုဆက်ချိုး ပြီးတာနဲ့ဘယ်ဘက် ကိုပြန်ကွေ့ ဘယ်ဘက်ပြန်ကွေ့ပြီး လှေကားပေါ်တက် လှေကားပေါ်တက်ပြီး ညာဘက်ချိုး. . "

အမျှင်းမပြတ်ပြောနေသော ထိုလူကြီး၏စကားကြောင့် ဦးနုမောင် အတော်လေးစိတ်လေသွားကာ. .

"တော်. . တော်ပါတော့အဖေရယ် ကျွန်တော်ပါ အဖေနဲ့အတူ ရောပြီး ဒီအရှုံးထောင်မှာ နေခဲ့ရအောင်တော့မလုပ်ပါနဲ့. . အဖေညွှန်တာ ဆေးရုံဝင်းတစ်ဝင်းလုံးကို စစ်ဆေးရေးဝင်ခိုင်းသလိုဖြစ်နေပြီး နေပါတော့. . ကျွန်တော်ဘာသာပဲ သွားပါ့မယ်၊ ကဲ. . အဖေ ဒီမှာ စားစရာရှိတာတွေ စိတ်ကြိုက်စားပြီး စောင့်နေ. . ပြီးရင် ကျွန်တော်နဲ့ အဖေ့သမီး ပြန်လာခဲ့မယ်. . . "

"အေး. . အေး. . အဲဒီမှာတွေ့တဲ့ အရှုံးသာမေးသွားလိုက် သူတို့မင်းကို ငါ့သမီးဆီလိုက်ပို့လိမ့်မယ်. . . "

ဦးနုမောင် အဘိုးကြီးရှေ့မှာ ခပ်သုတ်သုတ်ထွက်လာလိုက်၏။ သူကပဲ တွေ့သမျှလူ အရှုံးဟုပြောသေး၏ သူကျတော့ မရှုံးတာကျနေတာပဲ. . ။

ဦးနုမောင် အရှုံးဆောင်တွေကိုဖြတ်ပြီး လျှောက်ခဲ့၏။ အခန်းတစ်ခန်းရှေ့အရောက် သံတိုင်တွေကြားထဲမှ အရှုံးမတစ်ယောက်၏ လက်တစ်ဖက်ထွက်လာ၏။

ထိုလက်က ဦးနုမောင်၏ အင်္ကျီကော်လာစကို ဖမ်းဆွဲ၏။



www.burmeseclassic.com

www.burmeseclassic.com



"ဟာ. . ဟ. . ဘာ. . ဘာကြီးလဲဟ. ."

"ဟား. . ဟား. . ဟာ. . ဘာရမှာလည်း ဟဲ့ကောင်ရဲ့ ငါက နှင့်မယားလေ ငါ့ကိုဒီအခန်းထဲထည့်ပြီး. . နင်က ဘယ်မှာ သွားညှောင့်နေသလဲ၊ နှင့်မယားငါ့ကို နည်းနည်းလေးမှ သတိမရတော့ဘူးပေါ့. . တဲ. . ပြော. . ခု. . နှင့်မယားငယ်မ ဘယ်မှာလဲ. . ."

"ဟော့. . ဟော့. . ငါနှင့်ယောကျ်ား မဟုတ်ဘူး. . လွှတ်စမ်း"

အကျီလည်ကုပ်ကို ဆွဲထားသဖြင့် သံတိုင်တွေနားသို့ ဦးနုမောင် ယက်ကန်ယက်ကန်ဖြင့် ဖားလက်တက်ကလေးလို ဖြစ်နေ၏။

"ဘာမဟုတ်ရမှာလည်း. . နင့်ရဲ့ကလိန်ကကျစ်ဉာဏ်တွေ သုံးပြီး ငါ့ကိုအကွက်ထပ်ရွှေ့ဦးမလို့လားဟင် မြွေပွေးကိုက် ကဲဟာ. ."

"အား. . နာတယ်. . မကုတ်နဲ့. . မကိုက်နဲ့. ."

"ကိုက်မယ်. . ကုတ်လည်းကုတ်မယ်. . ကိုက်လည်း ကိုက်မယ်. . ပြီးတော့ ဟော့သလိုလည်း ပါးကိုရိုက်မယ်. . ."

"ဖြန်း. . . ဖြန်း. . ."

"အောင်မငီးဗျ. . . မီးလေးရေ ကယ်ပါ. . ဦးကို ပါး ရိုက်နေပြီဗျ"

"အောင်မယ်. . နှမဇောင်း နင်က နင့်မယားငယ်ကို တနေသေးတယ်ပေါ့. . ဟုတ်လား. . ."

အရူးမ ဦးနုမောင်ကို သူနှင့်မျက်နှာချင်းဆိုင် ဆွဲလှည့်လိုက်သည်။ အရုပ်ကလေးလို အရူးမပြုသမျှ နုရမည့်အခြေအနေသို့ ရောက်ချင်းမလှရောက်နေသော ဦးနုမောင်၏မျက်နှာအား သူမ၏ ညစ်ပတ်ပေရေကာ ဂျီးအလိမ်လိမ်ထနေသော လက်သည်းရှည်ကြီးတွေဖြင့် စိတ်ရှိလက်ရှိကုတ်ဖွဲ၏။ ကိုက်၏။ တဖန်ကိုက်၍ ကုတ်ဖွဲ၍



www.burmeseclassic.com

www.burmeseclassic.com



အားမရသေး ပါးကိုတဖြန်းဖြန်းရိုက်သေး၏။ ဒါတောင် သံတိုင်တစ်ခု ခြားနေလို့ နို့မို့ကတော့ ဦးနုမောင် အရိုးတစ်ခြား အသားတစ်ခြား ဖြစ်လောက်ပြီ. . .

ရုတ်တရက်ဝင်ရောက်လာသော အခြေအနေဆိုးကြီးကို သွေး ဖျက်စွာ ရင်ဆိုင်ရင်း မြမြစိမ့်ကို အော်ကြီးဟစ်ကျယ်ပင် တလိုက်မိ ၏။ အရူးမက ဒါလည်းအလွတ်မပေး သူ့အတွက် ပြောကွက်ပို့ရသွား သလို ဒေါသတွေပို၍ ထွက်လာတော့၏. .။

"ဟဲ့. . သောက်ရူးမ. . လွှတ်စမ်း. . ငါနင့်လင်မဟုတ်ဘူး"

"ဟဲ့. . သောက်ရူးကောင်ရဲ့ နင့်နဲ့ငါနဲ့ တစ်ခြင်ထောင်ထဲ အိပ်ခဲ့တဲ့ ယောကျ်ားရဲ့မျက်နှာကြီး ခွေးအီးပန်းခံထားရင်တောင် ငါ့ရဲ့ အသည်းနှလုံးထဲမှာ စွဲနေအောင်မှတ်ထားတာဟဲ့. . . မအေပေးရဲ့"

"ဟာ. . လွှတ်စမ်း. . . ငါဒေါသထွက်လာရင် နင်မလွယ်ဘူး နော်. . ."

ဦးနုမောင် အရူးမ၏ လက်တွေကို အတင်းဆွဲဖယ်၏။ ဓာတ် တော်လေးပြင်းသည့် အရူး၏အားကို ဘယ်လိုမှ ရုန်းထွက်၍မရ. . .

"ဒုန်း. . ဒေါင်. . ဒေါင်. . "

"အောင်မလေး ဒီနားမှာဘယ်သူမှ မရှိကြတော့ဘူးလား"

အရူးမ ဦးနုမောင်၏ခေါင်းကို ဦးစပုတ်ကဆွဲပြီး သံတိုင်နှင့် အားရပါးရဆောင့်နေ၏။

ဦးနုမောင် မြော့မြော့ပင်ကျန်တော့၏။ ထို့ကြောင့် ရှိသမျှ အင် အားလေးနှင့် အသံကုန်ဟစ်တော့၏။

"မအော်နဲ့. . ငါ့ပိုင်နက်ထဲကို ဘယ်သူမှဝင်မလာရဲဘူး နင့်ကို ဒီနေ့အသေသတ်မယ် အသေကိုညှစ်ပစ်မယ်. . . "



www.burmeseclassic.com

www.burmeseclassic.com



"ကယ်ကြပါဗျို့ . . ကယ်ကြပါ ဒီမှာအရှူးမ ကျုပ်ကို နှိပ်စက်နေပါတယ် . . ."

"ဟာ . . ဟေ့ . . ဟေ့လွှတ်စမ်း . . လွှတ်လိုက်စမ်း"

အရှူးထောင်စောင့် ဝန်ထမ်းတစ်ဦး၏အသံနှင့် တဖတ်ဖတ်ပြေးလာသောခြေသံကို သဲ့သဲ့ကြားလိုက်ရ၏။

"ဦး . . ဦး . . အမလေး လုပ်ကြပါဦး . . ဒါက ဘယ်လိုဖြစ်ရတာလဲဦးရယ် . . ."

နာကျင်သောဝေဒနာတွေ သွေးရူးသွေးတန်းဖြစ်၍နေသောအဖြစ်ဆိုးတွေကြားထဲမှ ချစ်ရသူလေး၏အသံကို ကြားလိုက်ရ၍ ဦးနုမောင် အားတက်သွား၏။

အရှူးထောင်ဝန်ထမ်း သူ့လက်ထဲမှ တုတ်နှင့် သံတိုင်ကြားထဲမှ ထိုးထွက်နေသော အရှူးမ၏လက်ကို တပြန်းပြန်းနှင့် ရိုက်တော့မှ . . ဦးနုမောင်ကို သူ့လက်မှ လွှတ်ပေးလိုက်လေ၏။

အကျီဖရိုဖရဲ အရှူးမ ဆောင့်ဆွဲထား၍ ပွယောင်းယောင်းဖြစ်နေသော ဆံပင်ခပ်တိုတို . . မျက်နှာမှာသွေးစို့နေသော ကုတ်ဖဲရာတွေ . . လက်ဖျံမှာ အကွင်းလိုက် အကိုက်ခံရသော ဒဏ်ရာတွေ . . အားလုံးစုံပြီး ခံလိုက်ရသဖြင့် ဦးနုမောင် မျက်နှာမှာ ရှက်ရွံ့ခြင်း၊ စိတ်ပျက်ခြင်း၊ ဒေါသဖြစ်ခြင်းတွေဖြင့် လူက ဖရိုဖရဲဖြစ်နေသည်။

"ဦး . . ဦးရယ် . . ဘယ်လိုဖြစ်ပြီး ဒီအရှူးမ အဆောင်ရှေ့က ဖြတ်ရတာလဲ . . ."

မြမြစိမ့်အသံလေးမှာ ငိုမဲ့မဲ့ ဖြစ်၍နေ၏။ သူ့ကြောင့် သူ့ခေါ်လာလို့ ဦးနုမောင်အဖြစ်မျိုးနှင့် ကြုံရတာဟုလည်း ယူကျုံးမရ ဖြစ်နေပုံရ၏။



www.burmeseclassic.com

www.burmeseclassic.com



"ဦးလည်း . မီးလေးကို လိုက်ရှာရင်း ဒီဘက်ကို ရောက်လာတာ . . မီးအဖေက ကိုယ့်ကို ဒီလမ်းကညွှန်လိုက်တာကိုး . . "

ဦးနုမောင်စကားကြောင့် မြမြစိမ့် ကြောင်အမ်းအမ်း ဖြစ်သွားတာ . . .

"ဘယ်လို . . အဖေက ပြောတယ်ဟုတ်လား" . .

"အင်းလေ . . မီးလေးအဖေက ဦးကိုလှမ်းခေါ်တော့ . . . ဦးလည်း သူခေါ်တဲ့အခန်းလိုက်သွားမိတာပေါ့ . "

"ဘုရားရေ . . ဘယ်ကလာ မီး အဖေရမှာလည်း ဦးရယ် . . မီးအဖေနဲ့ မီး တစ်ချိန်းလုံးအတူရှိနေတာ . . ဦးရုတ်တရက်ပျောက်သွားတော့ သန့်စင်ခန်းဝင်တယ်ပဲ စိတ်ကထင်နေလို့ ခုမှလိုက်ရှာတာ . . "

"အမ် . . ဒါ . . ဒါဆို . . အခု . . စားစရာအထုပ်တွေ ပေးခဲ့တဲ့ လူကြီးက မီးလေး အဖေမဟုတ်ဘူးပေါ့ . "

"အို . . ဘယ်ကလာ ဟုတ်ရမှာလည်း . . မဟုတ်ပါဘူး . "

"အောင်မလေး . . ဦးတော့ . . အရှူးလှည့်ကွက်ထဲ ဝင်မိပါပြီ"

ဦးနုမောင် သူ့နဖူး သူခပ်နာနာရိုက်လိုက်၏။ သူမှာတော့ ယောက္ခမ ထင်ပြီး . . . ဒီအရူးကို ကိုယ့်ယောက္ခမ အရူးဆိုပြီး တလေးတသေနဲ့ နားလည်မှုတွေ အမိကထားပြီး ဆက်ဆံတာ . . အံမယ် . . သူက မုန့်တွေစားရုံတင်မဟုတ် ဆေးလိပ်ဖိုးကွမ်းဖိုးတောင် အဆင်တောင်းလိုက်သေး . . . ။ တွေးတွေးပြီး ဦးနုမောင် ကိုယ့်နားရင်းကိုယ် ပိတ်တီးပစ်လိုက်ချင်တော့၏။ အဲ့ဒီလောက် ထူရသလားလို့ပေါ့ . .



www.burmeseclassic.com

www.burmeseclassic.com



# အခန်း (၁၂)

“ဖရော . . ဆန်ပြုတ်ရပြီ . . ”

ခုတင်ဘေးရှိ စားပွဲပေါ်သို့ ဆန်ပြုတ်ပန်းကန်ကို ဆောင့်ခနဲ ချလိုက်သော အောင်ဗလကျော်၏ မျက်နှာမှာ ဦးလေးဖြစ် သူကို လှောင်ရယ်ချင်နေသောအရိပ်တွေ အထင်းသား . .

“ဟော့ကောင် . . မင်းမျက်နှာက စပ်ဖြီးဖြီးနဲ့ ဘာရုပ်ပေါက်နေတာလဲ . . ”

ဦးနုမောင် နေမကောင်းဖြစ်လျှက်နှင့် အောင်ဗလကျော်ကို ရန်ထောင်ချင်နေသေး၏။ အောင်ဗလကျော် စိတ်မထိန်းနိုင်စွာ ခွီးခနဲ



www.burmeseclassic.com

www.burmeseclassic.com



ရယ်လိုက်ပြီး. . .

"ဦးလေးကို အံ့သြလွန်းလို့ပါ. . . ကျွန်တော့်တစ်သက်နဲ့တစ်ကိုယ် လူပျိုကြီးတွေ ကောင်မလေးကို အပိုးလွန်ပြီး အရှုးထောင်အထိ လိုက်သွားတယ်ဆိုတာ ကြားမကြားဖူးပေါင်. . ဦးလေးလက်ထက်ကျမှပဲ အရူးတွေရဲ့ အညာကိုလည်းခံရ. . အရူးမရဲ့ လင်လည်းဖြစ်ရ ကြည့်ပါဦး မျက်နှာမှာ ကြောင်လက်သည်းနဲ့ အကုတ်ခံထားရတဲ့အတိုင်းပဲ အစင်းကြောင်းရာကြီးတွေ. . ."

"တော်. . တိတ်. . ပါးစပ်ပိတ်. . "

"အို. . "

ဦးနုမောင်၏ ဟိန်းဟောက်သံကြောင့် အောင်ဗလကျော် ပါးစပ်ကိုလက်ဝါးဖြင့် အတင်းပိတ်လိုက်ရ၏. .

"သွား. . ဆေးသောက်ဖို့ ရေသွားယူခဲ့. . "

"ဟုတ်ကဲ့. . "

အောင်ဗလကျော် ရေခဲသေတ္တာထဲမှ ရေတစ်ပုလင်းထုတ်ယူလိုက်ပြီး ဦးနုမောင်ထံသို့ ပြန်လျှောက်လာကာ ကမ်းပေးလိုက်သည်။

ဦးနုမောင် ဆတ်ခနဲ လှမ်းယူလိုက်သည်။

"ဦးလေး အနာတွေက. . တဆစ်ဆစ်ကိုက်သေးလား. . "

"ကိုက်တာပေါ့. . . "

"ကျွန်တော့် ဆန္ဒအရဆိုရင်တော့ ဦးလေးရဲ့ ချက်ပတ်ပတ်လည်ကို ကာကွယ်ဆေး ထိုးရမယ်ထင်တယ်. . "

"ဟမ်. . ငါက. . ဘာကိစ္စနဲ့ ချက်ကို ဆေးထိုးရမှာလဲ. . ခွေးရူးကိုက်ခံရတာမှ မဟုတ်တာ. . "

"ခွေးရူးကိုက်ခံရတာ မဟုတ်ပေမယ် လူရူးအကိုက်ခံရတာ



www.burmeseclassic.com

www.burmeseclassic.com



လေ. . တော်ကြာ. . လူရူးပြန်ရောဂါတွေဘာတွေဖြစ်ရင် ဘယ်လိုလုပ်မလဲ. . ပါးစပ်က အမြှုပ်တစီစီနဲ့လေ. . ”

“အေး. . ငါသာ လူရူးပြန်ရောဂါဖြစ်ရင်လေ. . . မင်းကို မျက်စိနောက်လွန်းလို့. . အရင်ဆုံး ကိုက်ဖြတ်ပစ်မယ်. . ”

“ဗျာ. . ဘာ. . ဘာကို ကိုက်ဖြတ်မှာလဲ. . ဦးလေးနော်. . မဟုတ်ကဟုတ်ကနေရာတော့ ကိုက်မဖြတ်နဲ့. . ”

“အေး. . ငါဟာငါ ကိုက်ဖြတ်ချင်တဲ့နေရာကို ကိုက်ဖြတ်မယ်. . ခုလောလောဆယ် မင်းငါ့အနားက ထွက်သွားစမ်းပါ. . မင်းရှိနေရင် ငါဆန်ပြုတ်တောင် ကောင်းကောင်းမျိုချရမှာမဟုတ်ဘူး. . ”

ဦးနုမောင် အတင်းနှင်လွှတ်နေ၏။

“ဦးရေ. . ဦးရှိလား. . ”

“ဟော. . . အိမ်ရှေ့မှာ ခေါ်သံကြားတယ်. . . ဦးလေး. . ကောင်မလေးများလားမသိဘူး. . ဥရေ. . ဥရေ. . လို့ တကြော်ကြော် ခေါ်နေတာ. . . ”

“ဟမ်. . ဟုတ်လား. . မီးလေး. . လိုက်လာတယ်. ”

ဦးနုမောင် မျက်နှာမှာ စောစောကလို လငမုတ်မဖမ်းတော့ [illegible]မျှ အကုန်လှုပ်ပြကာ. . ခုတင်ပေါ်မှာ ဝေါက်ခနဲ ထထိုင်ပြီး . .

“မီးရေ. . ဦးအခန်းထဲကိုလာခဲ့ကွယ်. . . ”

“ဟာ. . ဦးလေး ဘာအထာလဲဗျ. . . နည်းနည်း ဣန္ဒြေလေး တော့ ဆည်ပါဦးဗျာ. . သင့်လည်း မသင့်တော်ပါဘူး. . ”

အောင်ဗလ ဆရာကြီးလေသံဖြင့် ပြောလိုက်သဖြင့် ဦးနုမောင် မျက်လုံးလေး ပေကလပ်ပေကလပ်ဖြင့် အောင်ဗလကျော်ကို မျက်နှာ ငယ်လေးနှင့် မော့ကြည့်၏။



www.burmeseclassic.com

www.burmeseclassic.com



ပုတ်သင်ညိုလို အရောင်ပြောင်းတတ်တဲ့ ဦးလေး. . စောစောကတော့လူကို ပရမ်းမတာအော်ဟစ်နေပြီးမှ. . .

"ကဲ. . ဒီမှာ ခဏနေဦး. . ဦးလေးက ကောင်မလေးကို ဒီအခန်းထဲခေါ်ချင်တာ မဟုတ်လား. . ကျွန်တော် ဖန်ပေးမယ်. . ဦးလေး ခုတင်ပေါ် ပြန်လှဲနေ ထဲငေါက်ငေါက်နဲ့ ထမနေနဲ့. ."

အောင်ဗလ အခန်းထဲမှ ထွက်၍ အိမ်ရှေ့ခန်းထဲသို့ ထွက်လာလိုက်၏။ အိမ်ရှေ့အပေါက်ဝတွင် ရပ်နေသော ကောင်မလေးကို အကဲခတ်ကြည့် ကြည့်လိုက်ပြီး. .

"ဘယ်သူနဲ့ တွေ့ချင်လို့လည်း ညီမလေး. ."

"ဟိုလေ. . ဦးနဲ့တွေ့ချင်လို့ပါ. ."

"ဩော်. . ဦးနုမောင်ကိုပြောတာလား. . သူဖျားနေတယ် ညီမလေးရဲ့. . အိပ်ရာထဲကတောင် မထနိုင်ရှာဘူး. ."

အောင်ဗလ လိုတာထက်ပို၍ ပြောလိုက်သည်။

မြမြစိမ့် ပြူးပြူးပျာပျာလေးဖြစ်သွားသည်။

"တော်တော်အဖျားတက်နေသလားဟင် အစ်ကိုကြီး. . အဲ့ဒါ မီးကြောင့် ဖြစ်ရတာပါ မီးသာ အဲဒီကို အဖော်မခေါ်သွားရင် ဦး ခုလို နေမကောင်းဖြစ်မှာ မဟုတ်ဘူး. . စိတ်မကောင်းလိုက်တာ. ."

မျက်နှာလေးတငယ်ငယ်နှင့် လက်ကလေးတခါခါဖြင့် ပြောနေသော မြမြစိမ့်၏ ငိုမဲ့မဲ့ အမူအရာကိုကြည့်ပြီး အောင်ဗလ ရယ်ချင်နေ၏။ ပို့လက်စနဲ့ အရောက်ပို့လိုက်တော့မည်။

"ညက သူတော်တော်အဖျားတက်တယ် သူကောင်မလေး နာမည်ကိုပဲ တစ်ချိန်လုံး'တ'နေတယ်. . . ဟိုလေ. . ညီမများ. . သူ့ကောင်မလေးကို သိလားမသိဘူး. . သိရင်. . အကြောင်းကြားပေး

www.burmeseclassic.com



လား . . တော်ကြာ ခေါက်ခနဲဖြစ်သွားရင် အသက်မမီလိုက်ပဲနေမှာ စိုးရမယ် . . ”

အောင်ဗလစကားကြောင့် မြမြစိမ့်မျက်နှာ ကွက်ခနဲ ပျက်သွား၏။

“ဟင့်အင်း . . မီးလည်း မသိဘူးလေ . . ဦးမှာ ချစ်သူရှိမှန်းတောင်သိတာမဟုတ်ဘူး . . . ”

“ဟုတ်လား . . မသိဘူးလား . . အေးဗျာ . . ဒါဆို . . အဲ့ဒီ မြမြစိမ့်ဆိုတဲ့ ကောင်မလေးကို . . ဘယ်လိုက်ရှာရမှန်း မသိတော့ဘူး . . ကျွန်တော့်ဦးလေးက အဲ့ဒီကောင်မလေးကို မတွေ့ရရင် သေတာတောင် အသေဖြောင့်မှာ အဟုတ်ဘူး”

အောင်ဗလ . . အသံကိုခပ်မြှင့်မြှင့်လေး ပြောလိုက်၏ ဒါမှ အထဲကဦးလေးလည်းကြားမှာ . . .

“အစ်ကိုကြီးကလည်း ဘာတွေလျှောက်ပြောနေတာလဲလို့ ဒီတရှက်တောင်ရှက်လာပြီ . . . ”

လက်ညှိုးလေး မထိတထိကိုက်ကာပြောလိုက်သော မြမြစိမ့်ကို အောင်ဗလ တအံ့တဩကြည့်ဟန်ဖြင့် . . .

“ဘာ . . ဘာကိုရှက်တာလဲ ညီမရဲ့ . . . အစ်ကို ညီမကို ပြောတာမှ မဟုတ်တာ . . ”

“ညီမကိုပြောတာမဟုတ်ပေမယ့် . . အဲ့ဒါညီမကို ပြောနေသလိုပဲ . . ညီမနာမည်က မြမြစိမ့်လေ . . . ”

“ဟာ . . ဟုတ်လား . . အောင်မလေးဗျာ အားနာလိုက်တာ ညီမရယ် ဘယ်လိုပြောရမှန်းတောင် မသိဘူး . . ”

အောင်ဗလ သူနဖူးကိုသူ မနာအောင် ဖတ်ခနဲ ရိုက်လိုက်ပြီး



www.burmeseclassic.com

www.burmeseclassic.com



မြမြစိမ့်ကို အားနာပါနာဟန်ဖြင့်ကြည့်ကာ. .

"ဆောရီးနော်. . ညီမ. . ဆောရီး. . ဆောရီး. ."

"ဒါနဲ့. . ဦးကို ခဏလောက်ဝင်တွေ့လို့ ရမလားဟင်"

မြမြစိမ့် မရဲတရဲလေး ခွင့်တောင်းရှာ၏။

"ဟာ. . ရတာပေါ့. . ဝင်ပါ. . ဦးလေး. . သူ့အခန်း ထဲမှာရှိပါတယ်. . ဝင်ပါ. . ညီမလေး. ."

မြမြစိမ့်ကို ဦးလေးအခန်းဝထိ လိုက်ပို့ပေးလိုက်သည်။ အခန်းထဲရောက်မှတော့ ဦးလေး ကိုယ့်ဟာကိုယ် ကြည့်ပြီး အကွက်ရွှေ့ပေါ့။

အောင်ဗလအလိုက်သိစွာဖြင့် အပြင်မှအခန်းတံခါးကို လော့ခ်ချခဲ့လိုက်သည်။

"ဦး"

မြမြစိမ့် အသံကြောင့် ဦးနုမောင် မျက်လုံးမှိတ်ကာ အိပ်ချင်ဟန်ဆောင်နေရာမှ မဖွင့်ချင်ဖွင့်ချင်ဖြင့် မျက်လုံးဖွင့် ကြည့်၏။

ကုတ်ဖဲ့ခံထားရသော ဒဏ်ရာဗလပွကို ပလာစတာဖြင့် ကပ်ထားသဖြင့်. . မျက်နှာတစ်ပြင်လုံး မြင်လို့မကောင်း။

မြမြစိမ့်. . ရင်ထဲမကောင်းဖြစ်သွားသည်။

"မီး. . မီးလေး. . ဦးဆီကိုလာတယ်. ."

"အင်းပါ. . ဦးဒဏ်ရာတွေ သက်သာလားလို့ လာကြည့်တာ ဒီရောက်တော့ ဖျားပါဖျားနေတယ်ဆိုတော့ မီးတစ်ကယ် စိတ်မကောင်းပါဘူး. . ဦးရယ်. ."

မြမြစိမ့် ခုတင်စွန်းတွင် တင်ပလ္လင် ထိုင်လိုက်သည်။ ဦးနုမောင်၏ နဖူးပြင်ကို စမ်းကြည့်သည်။

ထိုအချိန်သည် ဦးနုမောင်အတွက်တော့ ဘာနှင့်မျှ မလဲလှယ်



www.burmeseclassic.com

www.burmeseclassic.com



နိုင်သော အချိန်ဖြစ်သည်။

"ကိုယ်တော့သိပ်မပူတော့ပါဘူး. . ."

"အခုမပူပေမယ့် ညကျရင် ပူလာရော. . ဆရာဝန်က ထမင်းတောင်မစားခိုင်းဘူး. ."

"ဟင်. . ဒါဆို. . ဘာစားလဲ. ."

"ဟိုမှာလေ. . ခုပဲ တူတော်မောင်လာပို့သွားတဲ့ ဆန်ပြုတ်. ."

"ဒါဆို သောက်လေ ဦးရဲ့. . နေမကောင်းတဲ့ အချိန်မှာ အားရှိအောင် ဆန်ပြုတ်ကလေးတော့ သောက်ပေါ့."

ဦးနုမောင် ကလေးတစ်ယောက်လို့ ခေါင်းတွင်တွင်ခါသည်။ အမှန်တော့ မြမြစိမ့်ကိုယ်တိုင် တိုက်အောင် တမင်မူလိုက်ခြင်းဖြစ်သည်။

"သောက်ပါဦးရယ်. ."

"ဟင့်အင်း. . သောက်ဖူး. . ."

"ကြည့် ဦးဟာလေ ကလေးဆိုးကြီးလိုပဲ. . . ခန္ဓာကို အစာကောင့်တယ်ဆို့တဲ့စကား ကြားဖူးတယ်မဟုတ်လား. ."

"အင်း. . ကြားဖူးတယ်. ."

"ကြားဖူးရင်သောက်ပေါ့. ."

"ဦးလက်က အရှူးမကိုက်ထားလို့ တဆစ်ဆစ်နဲ့ နာနေတာကွာ ဘယ်လိုသောက်ရမလဲ. ."

"ဒါဆို. . မီး ခွံကျွေးရမလား. ."

"အင်းပေါ့. ."

ဦးနုမောင် ပက်လက်လှဲအိပ်နေရာမှ ငေါက်ခနဲ ထထိုင်လိုက်သည်။

"သောက်မယ် မြန်မြန်လေးခွံ့. နောက်ဖေးဆန်ပြုတ်အိုးထဲက



www.burmeseclassic.com

www.burmeseclassic.com



ရှိသမျှဆန်ပြုတ် အကုန်ကို သောက်ပစ်မယ်. . ”

အပြောင်းအလဲမြန်လွန်းသော ဦးနုမောင်ကို မြမြစိမ့် ကြည့်ပြီး သဘောကျစွာ ရယ်လိုက်သည်။

“ဦးကလေ. . . တကယ့်ကလေးဆိုးကြီးကျနေတာပဲ အဟင်း ခစ်. . ခစ်. . ခစ်. . ”

မြမြစိမ့် ရယ်တော့ ဦးနုမောင် ဘာမဆိုင်ညာမဆိုင်နှင့် မြမြစိမ့်၏ သွယ်သွယ်လျလျလက်ကလေးကို အတင်းဆုပ်ကိုင်လိုက်ပြီး ရွှတ်ခနဲ နမ်းလိုက်သည်။ ရုတ်တရက်မို့ မြမြစိမ့် ရုန်း၍မရလိုက်. .

“အို. . ဦး. . ဟင့်အင်း. . . . လွှတ်ပါ. . ”

“မလွှတ်ပါရစေနဲ့. . ဦး မီးကိုချစ်တယ်. . ချစ်ခွင့်ပေးပါ မီးရဲ့ ဘဝတစ်လျှောက်လုံးကို ဦးတာဝန်ယူပါရစေ. . . ”

“အို. . ဟင့်အင်း. . မသိဘူး မီးပြန်လိုက်တော့မှာနော်. . . ”

“ဟာ. . အဲ. . . အဲလိုတော့ အစိမ်းခေါက် ခေါက်မသွားပါနဲ့ ခုချိန်မှာ မီးသာဦးကို ငြင်းဆန်လိုက်ရင် ဦးဒီနေရာမှာတင် ဘုန်းခနဲ လဲသေသွားနိုင်တယ်. . . ”

ဦးနုမောင် လက်သွက်ခြေသွက်ဖြင့် လက်ကိုင်ထားသော အဆင့်မှ နောက်တစ်ဆင့်တက်သည့်အနေဖြင့် မြမြစိမ့်၏ ကိုယ်လုံး အိထွေးထွေးလေးကို တင်းကျပ်စွာ ဖက်တွယ်ထားလိုက်၏။

မြမြစိမ့် ရုန်းလို့ရပေမယ့် ရုန်းမထွက်တော့ အသက်ကြီး ပေမယ့် ပျက်စီးပုံမပေါက်သေးသော ဦးနုမောင်ကို သူလည်း ဘဝ လက်တွဲဖော်အဖြစ် ရွေးချယ်ဖို့ဆုံးဖြတ်လိုက်ပုံရသည်။

ကိုယ့်ထက်အသက်အများကြီး ကြီးတဲ့သူကိုယူမှ မြမြစိမ့် အမြဲတမ်းအလိုလိုက်ခံရပြီး ကိုယ့်ဘက်ကလည်း ‘လိုတရသော အခြေ



www.burmeseclassic.com

www.burmeseclassic.com



အနေကို အစစအရာရာဖြည့်ဆည်းပေးလိမ့်မည်။

ရွယ်တူတန်းတူကိုသာ လက်ထပ်လိုက်လျှင် ကိုယ်ကသူ့ကို ဗိုလ်ကျအနိုင်ယူ နွဲ့ဆိုးဆိုးရမှာမဟုတ်ပဲ သူ့ရဲ့အနိုင်ယူ နှိပ်စက်မှုတွေကို ခါးစည်းခံရမှာ. . . သို့အတွက်ကြောင့် ကိုယ့်မှာရှိနေသော အားနည်းချက်ကို ခွင့်လွှတ်နားလည်မှုအပြည့်ပေးနိုင်မည့်ယောကျ်ားဟာ ဦးနုမောင်ကလွဲပြီး ဘယ်သူမှ မဖြစ်နိုင်. . .

"မီးလေး. . ကိုယ့်ကိုချစ်တယ်. . မဟုတ်လားဟင်"

"ဟင်. . ဦးကလည်း. . ဘာတွေလာမေးနေတာလဲ မီးရှက်တယ်"

"မရှက်ပါနဲ့. . ဒီအခန်းထဲမှာ. . ဦးနဲ့ မီးလေးပဲ ရှိတာ. ."

"ဒါပေမဲ့. . မီးရှက်တာ. . ဦး. . ကိုလေ. ."

"မီးလေးအတွက်. . ဦးက ရှက်ဖို့မှမဟုတ်တာ. . ချစ်ဖို့လေ ဦးအချစ်ကို ယုံပါ. . . နောင်ဘဝတွေအထိ မီးလေးကို ချစ်တဲ့အချစ်တွေကို ဂရန်နီ ပေးပါတယ်. . . ဦး အချစ်က မီးလေးအပေါ် သက်တမ်းကုန်ဆုံးတယ်ဆိုတာ ဘယ်တော့မှ မရှိစေရဘူးလို့ ဦးကတိပေးပါတယ်. . ."

"တကယ်လား. . ဟင်. . ဦး. . ဒါဆို. . မီးမှာ. . ဘယ်လိုချို့ယွင်းချက်တွေပဲရှိရှိ. . ဦးက မီးကို ထာဝရ လက်တွဲနိုင်မယ်ပေါ့. ."

"ဒါပေါ့. . မီးမှာ ဘယ်လိုအပြစ်မျိုး ဘယ်လိုချို့ယွင်းချက်၊ ဘယ်လိုအတိတ်ဆိုးမျိုးပဲ ရှိနေပါစေ. . ဦးက မီးကို ထာဝရ ကြင်နာတွေ ပေးမှာ. . မီးဘက်ကသာ ဦးရဲ့အချစ်ကို ရဲရဲကြီးလက်ခံပေးပါ. ."

မြမြစိမ့် ဦးနုမောင်ကို ရွှန်းလက်သော မျက်ဝန်းဖြင့် ငေးနင့်စွာ ကြည့်လိုက်ပြီး. . .



www.burmeseclassic.com

www.burmeseclassic.com



"ဦးကိုလည်း..မီးက အရမ်းချစ်ပါတယ်.."

"ဟာ..တကယ်လားဟင်.."

"အင်း..တကယ်ပြောတာ.."

"အောင်မလေး..ဝမ်းသာလိုက်တာ ချစ်မီးလေးရယ်..ဘဝမှာ ဒီနေ့ဟာ အပျော်ဆုံးပဲ.."

မြမြစိမ့် ကိုယ်လေးကို ဒီထက်ပိုမို တင်းကျပ်စွာ ဖက်တွယ်လိုက်ပြီး..အနှစ်နှစ်အလလက မျိုသိပ်တောင့်တခဲ့ရသော အကြင်နာအနမ်းတွေကို မြမြစိမ့်မျက်နှာလေးပေါ်သို့ တစိမ့်စိမ့် ချွေလိုက်သည်။

တိမ်းမူးခြင်းတွေနဲ့ ရင်ဘတ်ချင်းပွတ်တိုက်ကြပြီး ရင်ခုန်သံချင်း ပူးပေါင်းလိုက်ကြ၏။

ချောင်းကြည့်နေသော အောင်ဗလကျော်ပင် ရင်ထဲမှာ ဖိုးသိုးဖတ်သတ်နှင့် မမကို သတိရသွား၏။





www.burmeseclassic.com

www.burmeseclassic.com



ဦးလေးကတော့ အိမ်ကွင်းမှာ ခြေစွမ်းပြနေလေပြီ၊ ကိုယ့်အလှည့်ကတော့. . .။

www.burmeseclassic.com

www.burmeseclassic.com

အချစ်ဆိုတာ
နတ်ဝင်သည် တစ်ယောက်ရဲ့
ရင်ခုန်သံလိုပဲ...၊
နတ်ဒိုးသံတွေနဲ့ ကလို့ကောင်းပေမယ့်
ကပြီးရင်တော့ ဖတ်ဖတ်ကိုမောလို့
ပြီးတော့လည်း...ဘာမှမဟုတ်ဘူး...။



www.burmeseclassic.com

www.burmeseclassic.com



# အခန်း (၁၃)

"မြ မောင်ရေ ဒီညနေအပြန် မမအိမ်ကို ခဏလောက်လိုက်ခဲ့ပါလားကွယ်. ."

မမ၏ ကမ်းလှမ်းမှုက အောင်ဗလကျော်၏ ရင်ထဲမှ မျှော်လင့်ချက်တွေကို မိုးထိအောင် ပျော်ရွှင်သွားစေ၏။

"ဟုတ်ကဲ့ မမ. ."

"ဩော်. . ဒါနဲ့. . မင်းက ဘာနေ့သား. ."

"ဗျာ. . ."

"မင်းဘာနေ့လဲလို့ မေးတာ. ."

"ဩော်. . ကျွန်တော်က တနင်္ဂနွေသားပါ. . မမ"

အောင်ဗလကျော် တနင်္ဂနွေသားဟု ပြောလိုက်တော့မှ မမ



www.burmeseclassic.com

www.burmeseclassic.com



မျက်နှာလေး ပြုံးယောင်သမ်းသွား၏။

"ဘာဖြစ်လို့လဲ မမ. ."

"ဪ. . ထွေထွေထူးထူးတော့ မဟုတ်ပါဘူး တစ်နေ့က မမ အားကိုးတဲ့ ဗေဒင်ဆရာမဆီသွားတော့. . မမရဲ့ စီးပွားရေး၊ ကျန်းမာရေးအတွက် အထူးယတြာ ပြုလုပ်ရမယ်တဲ့ကွယ်. ."

"ဪ. . ကျွန်တော် သဘောပေါက်ပြီမမ. . အဲ့ဒီ ယတြာကို ကျွန်တော်က တနင်္ဂနွေသားဖြစ်တဲ့အတွက် ကျွန်တော်ချေပေးရမယ်ပေါ့"

အောင်ဗလ ထင်ကြေးနှင့် ရမ်းပြောလိုက်သဖြင့် မမ ခပ်ဖွဖွလေး ပြုံး၏။

"မင်း. . မဆိုးဘူး. . တော်တယ် ငါ့မောင်. ."

"မမနားမှာ မမနဲ့ အရင်းနှီးဆုံး ယောကျ်ားလေး မိတ်ဆွေဆိုလို့. . အဲ. . တနင်္ဂနွေသားကလည်း မင်းပဲမို့ မင်းကိုပဲ အကူအညီတောင်းရတာ. ."

ကိုယ့်ကို မမက သူ၏အရင်းနှီးဆုံး မိတ်ဆွေဟု အမည်ပေးကင်ပွန်းတပ်လိုက်သဖြင့် အောင်ဗလကျော် အနည်းငယ် မာန်တက်ကာ နားထင်သွေးရောက်ကလေးတောင် ဖြစ်သွားရ၏။

"မမရေ. . စင်ကာပူက အီးမေးလ်ပို့ပါတယ်. ."

ဝန်ထမ်းကောင်မလေး လာပြောသဖြင့် မမ ပြောလက်စ စကားကိုရပ်ကာ. . ထိုကောင်မလေးနောက်သို့ သွက်သွက်လိုက်သွားလေ၏။ အောင်ဗလကျော် မမ၏ လှပကြော့ရှင်းသော နောက်ကျောကို ခပ်ကြမ်းကြမ်း ကြည့်ပြီး သက်ပြင်းခပ်လေးလေး ချလိုက်မိသည်။

ကိုယ့်ထက် အိုမင်းဟောင်းနွမ်းနေသော ဦးလေးက တကယ့်



www.burmeseclassic.com

www.burmeseclassic.com



ဗမောလ်လေးကို အပိုင်သိမ်းသွင်းနိုင်ခဲ့ပြီး . . . ကိုယ့်ကျမှ ကိုယ့်ထက် အသက်ကြီးတဲ့ မမကို ဘာကြောင့် ချစ်တယ်ဆိုတာ ဖွင့်ပြောဖို့ တွန့်ဆုတ်နေရတာပါလိမ့်။

"ဟိတ်. . ကိုဗလကြီး သတိလည်းထားပါဦး. . မမကို လိုက်ကြည့်တာ ဗို့အားပြင်းလွန်းလို့. . မျက်လုံးကြီးနှစ်လုံး ကျွတ်ကျနေဦးမယ်. . အဟိ. . ဟိ. ."

"ဟာ. . စုမာရာ. . လန့်သွားတာပဲ. . ဒီမှာ. . နင် လုပ်တာနဲ့. . ဖီလင်တွေတောင် ပျက်သွားပြီ. . ."

အောင်ဗလ စုမာကို အရှက်ပြေသဘောဖြင့် ဘုဆတ်ဆတ်လေး ဟောက်လိုက်၏။ စုမာ. . လျှာလေးတစ်လစ် ထုတ်ကာ ဇက်ကလေးပုဝင်သွားပြီး. .

"ကိုအောင်ဗလကြီးကို မမက သိပ်အရေးပေးတာနော် မမနဲ့ ကိုအောင်ဗလကြီးက အလုပ်မဝင်ခင်ကတည်းက ခင်ကြတာလားဟင်"

"ဟုတ်တယ်. . ငါက. . မမမှာ အခက်အခဲတစ်ခုခု ကြုံတိုင်း မကိုအမြဲကူညီနေကျလေဟာ. . ငါနဲ့မမနဲ့ ဆုံတွေ့ပုံက အရမ်းရုပ်ရှင်ဆန်တယ်ဟာ. . ပြောရရင် နင်ယုံမှာတောင်မဟုတ်ဘူး. . "

"အလဲ့. . တယ်နေပါလား. . စုမာတောင် အားကျလာပြီ. ."

"အားကျလာရင်. . နင်လည်း လမ်းသွားရင် အခက်အခဲ တစ်ခုဖြစ်ပါစေလို့ အလုပ်လာခါနီးတိုင်းဆုတောင်း. . အဲ့ဒီလို အခက်အခဲဖြစ်ရင် နင့်အနားကို အကူအညီပေးမယ့် ယောကျ်ားတစ်ယောက်တော့ ရောက်လာလိမ့်မယ်. ."

အောင်ဗလစကားကို စုမာ မျက်လုံးအဝိုင်း သားလေးနှင့် စိတ်ဝင်တစား နားထောင်၏။



www.burmeseclassic.com

www.burmeseclassic.com



"ဥပမာ. . လမ်းသွားရင်း နှင်ဝတ်ထားတဲ့ လုံချည် လျှောခနဲ ကျွတ်ကျတာမျိုးလိုပေါ့ဟာ. ."

"ဟယ်. . ဒီက အကောင်းပြောနေတာမှတ်လို့. ."

"အကောင်းပြောတာမဟုတ်ဘူး. . အောင်ဗလကျော် ပြောတာ နှင်သာအဲဒီလို လုံချည်လျှောခနဲ ကျွတ်ကျကြည့် နှင့်လုံချည်ကို ပြန်ကောက်ဝတ်ပေးမယ့် ယောကျ်ားတွေ ဆိုဒ်စုံ ဂိုဒ်စုံအနားကို စုပြုံရောက်လာကြလိမ့်မယ်၊ အဲ့ဒီကျမှ. . နှင် ကြိုက်တဲ့တစ်ယောက်ကို ခေါင်းခေါက်သာရွေးပေတော့ပေါ့ဟာ. ."

"အဟင်. . ကိုဗလကြီးနော် လူကိုအင်တာနက်ပေါ်ရောက်အောင် တမင်ပို့နေတာမဟုတ်လား. ."

"ဟာ. . အင်တာနက်ပေါ်တင်ဘယ်ကမလည်း မှုခင်းသတင်းဂျာနယ်တို့ ပေါ်ပြူလာသတင်းဂျာနယ်တို့ စောင့်ကြည့်သတင်းဂျာနယ်တို့မှာပါ ဓါတ်ပုံအကြီးကြီးနဲ့ ပါလာမှာ. . . နှင်လုံချည်ကျွတ်နေတဲ့ပုံကိုလေ. . ဟားဟားဟားဟား. ."

"အောင်ဗလစကားကြောင့် စုမာပါ လိုက်ရယ်ကာ. ."

"ဟယ်. . ကိုဗလကြီး ပြောလေပိုယုတ်မာလေပါလား ကဲ. . ကဲ. ."

"ဘုန်း. . ဘုန်း. ."

စုမာ ကျောကုန်းထုကာ ရယ်သွမ်းသွေးတော့ အောင်ဗလကျောကော့ကာ. . စားပွဲမှ ထပြေးရတော့သည်။



www.burmeseclassic.com

www.burmeseclassic.com



# အခန်း (၁၄)

မမ၏အိမ်သို့ ပထမဆုံးအကြိမ် ရောက်ဖူးခြင်းဖြစ်သည်။

"ကဲ. . ငါ့မောင်. . ဆင်းလေ. ."

ဟိုကြည့် ဒီငေ့ဖြင့် အူကြောင်ကြောင် ပုံစံဖြင့် ကားထဲမှာ ဆက်ထိုင်နေသော အောင်ဗလကို မမ လှမ်းသတိပေး၏။

"ဪ. . ဟုတ်ကဲ့ပါ. . မမ. ."

အောင်ဗလ လွယ်ထားသော ကျောပိုးအိတ်ကြီးကို ပိုက်ပြီး ကားပေါ်မှဆင်းလိုက်သည်။

"ကဲ. . ဝင်. . ဒီအိမ်မှာ မမတစ်ယောက်တည်းနေတာ"



www.burmeseclassic.com

www.burmeseclassic.com



မမက. . သူတစ်ယောက်တည်းနေကြောင်း လမ်းဖွင့်စကားဆို၏ ထိုမျှကြီးသော အိမ်ကြီးတွင် မမနေသည်ဆိုရာ အောင်ဗလ အံ့ဩမိသည်။

အောင်ဗလသာဆို တစ်ယောက်ထဲ နေရဲမည်မဟုတ်၊ အောင်ဗလ,က ငယ်စဉ်ကတည်းက သရဲကြောက်သူ ဖြစ်သည်။ အိပ်လျှင်တောင် မိဘတွေနှင့်အတူအိပ်၏။

ထိုသို့ မိဘတွေနှင့် အတူအိပ်တိုင်း အိပ်ရာအစွန်မှာ အိပ်သူမဟုတ် အလယ်မှာအိပ်တတ်၏။

တစ်ခါတရံ ညသန်းခေါင်ယံမှာ အဖေက အိပ်မောကျနေသောသူနှင့် နေရာချင်း ချိန်းလိုက်လျှင်တောင် အအိပ်ဆတ်သော သူသည် ဖြခနဲထပြီး ငိုယိုတတ်၏။

ထိုသို့ငိုယိုတိုင်း အဘိုးတွေအဘွားတွေ အဒေါ်တွေအားလုံး နိုးလာတတ်ကြ၏။ အောင်ဗလက အဲ့ဒီလောက်ထိ အဖေနှင့်အမေရဲ့ မေတ္တာပေါင်းကူး တံတားလေးကို အကြိမ်ကြိမ်ရိုက်ချိုးခဲ့ဖူးသည်။

ထိုသို့အဖြစ်မျိုး အောင်ဗလ ခုနစ်တန်းရောက်သည် အထိပင် ဖြစ်သည်။ ကြာတော့ အဖေက ဘာပြောသည်မှတ်သလဲ. . မင်းအလှည့်ရောက်မှ မင်းသိလိမ့်မည် မင်းအဖလို ဝဋ်မလည်စေနဲ့တဲ့. . .

ထိုအချိန်တုန်းကတော့ အဖေဘာကို ရည်ရွယ်သည် မသိ။ ခုတော့ အောင်ဗလ ကောင်းကောင်းကြီး သဘောပေါက်ခဲ့ပါသည်။

ကိုယ့်ရဲ့မိုက်ပြစ်တွေကိုလည်း အဖေသာ သက်ရှိထင်ရှားရှိနေမည်ဆိုလျှင် အဖေကျေနပ်အောင် တောင်းပန်ချင်ပါသည်။

ကိုယ့်ကြောင့်အဖေဟာ အိပ်ကောင်းချင်းမအိပ်ရ. .၊ စားကောင်းချင်းမစားရ၊ နေကောင်းချင်းမနေရ ဖြစ်ခဲ့ရ သည်မဟုတ်လား။



www.burmeseclassic.com

www.burmeseclassic.com



ဪ. . အတွေးတွေက. . ဘယ့်နှယ်အတိတ်ကို ပြန်ရောက်သွားရပါလိမ့်. .

အတိတ်ကအတွေးတွေကို အိမ်ပေါက်ဝမှာပင် ဖြတ်ချခဲ့ကာ မမနောက်မှ လိုက်ဝင်ခဲ့လိုက်၏။

"ထိုင်. . ငါ့မောင်. ."

အညိုရောင် ဆိုဖာကြီးတွေဆီသို့ ညွှန်ပြသဖြင့် အောင်ဗလ ဝင်ထိုင်လိုက်သည်။ မမအတွင်းခန်းထဲ ဝင်သွားသည်။ အောင်ဗလ စိတ်ထဲ မမ အဝတ်အစားဝင်လဲသည်ဟုပင် သမာရိုးကျဆန်ဆန် တွေးလိုက်ပါသည်။

သို့သော် သိပ်မကြာလိုက်. . အချိုရည် နီနီတွေ ထည့်ထားသော ဝိုင်းဝိုင်းပုပု ဖန်ခွက်ကြီးနှစ်ခွက်ကိုင်ပြီး ထွက်လာသည်။

"ကဲ. . ရော့. . အမောပြေလေး သောက်လိုက်ဦး"

"ဟုတ်ကဲ့. . မမ"

အောင်ဗလ မမကမ်းပေးသော အချိုရည်ဖန်ခွက်ကို လှမ်းယူလိုက်ပြီး တစ်ငုံ ငုံလိုက်သည်။

"ဒါနဲ့ မမ ကျွန်တော်ကို ဘာခိုင်းမှာလဲ. ."

"အင်း. . ပြောမှာပေါ့. . အဟင်း. . မမစိုးရိမ်နေတာ မင်း လုပ်နိုင်ပါ့မလားလို့. . ."

"ဟာ. . ရတယ်မမ. . မမအတွက်ဆိုရင် ကျွန်တော် အသက်တောင်ပေးပြီးသားပါ. ."

"အဟုတ်. . ."

ခေါင်းကလေးငဲ့စောင်းကာ. . . ခပ်ညှုညှုလေးငေးတော့ အောင်ဗလ ရင်ကိုကော့ကာ. . .



www.burmeseclassic.com

www.burmeseclassic.com



"အဟုတ်ကိုပြောတာပါ မမရာ. . ကျွန်တော် မမကို မညာပါဘူး. ."

"အင်းပါ. . မမက ယုံပါတယ်. ."

"တဲ့. . လာ. . မမ. . မင်းကို တောင်းမယ့်အကူအညီက နည်းနည်းတော့ ခက်တယ်. . အင်း. . အန္တရာယ်လည်း နည်းနည်းများတယ်. ."

အန္တရာယ်လဲနည်းနည်း များသည်ဆို၍ အောင်ဗလ အနည်းငယ်တော့ ကျောတွန့်ရသည်။

"ဘာ. . ဘာလုပ်ရမှာမို့လည်း. ."

"မမ ပြတင်းပေါက်နားမှာ ရပ်ပြီး ခြံထဲကို လှမ်းကြည့်ကာ. ."

"ဟောဟို. . ပိတောက်ပင်ကြီးကို မြင်တယ် မဟုတ်လား. ."

"အင်း. . မြင်တယ်. . မမ. ."

"မမက အဲဒီအပင်က. . ပိတောက်ညွန့်ကို လိုချင်တာ. ."

"ဩော်. . ဒါများ မမရာ. . ဘာခက်တာမှတ်လို့. ."

အောင်ဗလ ရယ်ကျဲကျဲဖြင့် ပြောလိုက်သည်။

"နေဦး. . ငါ့မောင်ရဲ့. . မမလိုချင်တဲ့ ပိတောက်အညွန့်က ဟိုးအပင်ထိပ်ဖျားက အညွန့်. . ."

အလွန်မြင့်မားသော ပိတောက်ပင်ကြီး၏ ထိပ်ဖျားက ဆို၍ အောင်ဗလ လေလုံးထွားလိုက်တာ နင်သွားသည်။

"ဗျာ. . ဒါ. . ဒါဆို. . ကျွန်တော် အပင်ပေါ် တက်ရမှာပေါ့ ဒီ. . ဒီလောက် မြင့်တဲ့အပင်ကိုလေ. ."

"ဟုတ်တယ်ငါ့မောင်ရယ်. . ဒါကြောင့် မမ အကူအညီ တောင်းဖို့ အရမ်းအားနာနေရတာ. . ဟို. . ဟိုလေ. . နောက်ပြီး. .



www.burmeseclassic.com

www.burmeseclassic.com



မမက မောင်လေးတစ်ခုခုဖြစ်မှာကိုလည်း စိုးရိမ်တယ်ကွယ်. . .”

စိုးရိမ်စိတ်လေးဖြင့် မျက်လွှာချကာ တိုးသက်စွာ ဆိုလိုက်သော မမ၏ တိုးသံသဲ့သဲ့အသံက ကြောက်ဒူးတုန်သွားသော အောင်ဗလ၏ ကြောက်စိတ်တွေကို အင်အားတစ်ခု ဖြစ်တွန်းသွားစေ၏။

ဒီတော့ ကြောက်စိတ်တွေကို လက်ထဲမှာ ကိုင်ထားသော ခနွခက်ထဲမှာ ဖျော်ရည်တွေနဲ့ မျှောချလိုက်ပြီး. .

“ရ. . ရပါတယ်. . မမရာ ကျွန်တော် တက်ခူးပေးနိုင်ပါတယ် ဒါပေမယ့်. . ဟိုလေ. . ကျွန်တော့်ကို. . တံချူပါတဲ့ ဝါးလုံးရှည်တစ်လုံး လောက် စီစဉ်ပေးနိုင်မလား. . မမ. .”

“အို. . ရတာပေါ့. . ငါ့မောင်ရဲ့. . ခြံထဲမှာ ငါ့မောင် လိုချင်တဲ့ ဝါးလုံးအဆင်သင့်ရှိတယ်. .”

“ဟုတ်လား. . ဒါဆို. . ကျွန်တော်တို့ မမှောင်ခင် ပိတောက် ပင်ပေါ်တက်ကြရအောင် မမ. .”

“အယ်. . မမက လိုက်မတက်ဘူးလေ. . ငါ့မောင် တစ် ယောက်ထဲတက်ရမှာ. . .”

“ဟုတ်တယ်လေ. . . ကျွန်တော်ကလည်း ကျွန်တော်တစ် ယောက်ထဲ တက်ဖို့ပြောတာပါ. .”

“ဩော်. . ဒီလိုလား. . သိပါဘူး မင်းက မမကိုပါ အဖော် ထိုတ်တက်ခိုင်းနေတာလားလို့. . ရင်ကိုထိတ်သွားတာပဲ. . မမက မြင့်ဆို ကြောက်တယ်. . .”

ဒီလိုနှင့် အောင်ဗလနှင့် မမ ခြံထဲသို့ ဆင်းလာခဲ့လိုက်၏။ သောက်ပင်ကြီးနားရောက်လေ အောင်ဗလ ဒူးတွေ မသိမသာ တုန် လာလေပင်. . . ။



www.burmeseclassic.com

www.burmeseclassic.com



အမှန်ဆို အောင်ဗလဘဝမှာ ဒီလောက်မြင့်သောသစ်ပင် မပြောနှင့် လူတစ်ရပ် နှစ်ရပ်လောက်ပဲမြင့်သော သစ်ပင်ကြီးပေါ် တောင် တက်ခဲ့ဖူးတာမဟုတ်။

အပင်ကြီးအောက်ရောက်တော့ ပိတောက်ရွက်တွေနှင့် အုပ်ဆိုင်းနေသော ပိတောက်ပင်ကြီးကို ကြည့်ပြီး ကျောထဲစိမ့်ခနဲ ဖြစ်သွားသည်။

လေတိုး၍ သစ်ရွက်အချင်းချင်း ထိခတ်နေသော အသံသွဲ့သွဲ့တွေကပင် အပင်ကြီးပေါ်တက်ဖို့ သွေးပျက်စေလောက်၏။ ပိတောက်ပင်အိုကြီးကပင် အောင်ဗလအား ခပ်စိမ်းစိမ်းငုံ့ကြည့် နေသလိုမျိုး ခံစားလိုက်ရသည်။

အောင်ဗလ ကိုယ့်စိတ်ကိုကိုယ် တင်းလိုက်ပြီး ဘောင်ဘီရှည်ကို ခြေသလုံးထိ ခေါက်တင်လိုက်ပြီး ပိတောက်ပင်၏ ပင်စည်ကို တွယ်ဖက်ပြီး တက်လိုက်၏။

"မောင်လေး. . သတိထားနော်. . ."

လှမ်း၍ သတိပေးလိုက်သော မမ၏ အသံချိုကြည်ကြည်လေးက. . အောင်ဗလ၏ ရင်တထိတ်ထိတ်တုန်နေသော စိတ်လှုပ်ရှားခြင်းတွေကို အနည်းငယ်တော့ ချေးသိပ်နိုင်၏။

အပင်ကြီးက မြင့်တော့ ကိုင်းခွဲတွေဆီသို့ မရောက်သေး လူက လက်အံပင် သေချင်လာ၏။ စိတ်ထဲမှလည်း ဘုရားကိုသာ တနေမိသည်။ အောက်ကိုလည်း ပြန်ငုံ့မကြည့်ရဲ. .။

ဒီတော့ ဖြစ်ချင်ရာဖြစ် လူဆိုတာ မွေးလာကတည်းက သေဖို့ပဲ မဟုတ်လား. . သေခြင်းတရားက ကိုယ့်ကို အချိန်မရွေးဘဝကူးပေးနိုင်တာပဲ. . ဒီအတွက်ကြောင့် ကြောက်နေဖို့မလို. .။



www.burmeseclassic.com

www.burmeseclassic.com



ကိုယ့်ကိုယ်ကိုယ် ရှာကြံဖြေသိမ့်ပြီး ယောကျ်ားတစ်ယောက်၏ ဖွဲ့လုံ့လကို အပြည့်ထုတ်သုံးရင်း ကိုင်းခွဲတွေရှိရာ အပေါ်သို့ ရှိသမျှအား ဖြစ်ညှစ်သုံးပြီး တွယ်တက်လိုက်၏။

ကိုင်းခွဲတွေဖြာထွက်နေသည့် နေရာရောက်တော့ အောင်ဗလ ပင်စည်မှ တွယ်တက်နေရင်းမှ ကိုင်းတွေပေါ် တက်လိုက်၏။ ထိုကိုင်းတွေပေါ်မှနေ၍ အပင်ထိပ်ဖျားပေါ်သို့ တစ်ဆင့်ချင်းတက်သွားလိုက်၏။

ဒီတော့မှ ပင်စည်ခြေရင်းမှ ထောင်ပေးထားသော ဝါးလုံးကို ခြေမနှင့် ညှပ်ယူကာ ဝါးလုံးကို ခက်ခက်ခဲခဲ ဆွဲယူပြီး. . ကိုင်းထိပ်ဖျားသို့ မရဲတရဲ ဆက်တက်ရပြန်၏။ တော်တော်လေးခရီးရောက်နေပြီဖြစ်သဖြင့် အောင်ဗလဆက်တက်ဖို့ မလိုတော့. .

လက်ထဲမှ ကိုင်ထားသော ဝါးလုံးချိတ်နှင့် ထိပ်ဖျားရှိ ကိုင်းကို ဆွဲချလိုက်သည်. .

"ဂျွတ်. ."

"ဝေါ. . ."

အောင်ဗလ ချိုးချလိုက်သော ကိုင်းဖျားမှာ အောက်သို့ လျှောခနဲကျသွားသည်။

ဒီတော့မှ အောင်ဗလကျော် အလုပ်တစ်ခုပြီးသွား၍ စိတ်အေးသွားရ၏။ သို့သော်. . ကိုယ့်အတွက်တော့ စိတ်မအေးရသေး တက်လာတုန်းကလည်း ရဲဆေးတင်ပြီးတက်လာခဲ့တာ. . အခု အဆင်းကိုတော့ အောင်ဗလ ဘယ်လိုပြန်ဆင်းရမှန်း မသိတော့. .

"မောင်ရေ. . ရပြီ. . ဖြည်းဖြည်းချင်း ဆင်းခဲ့တော့. ."

ရုတ်ခြည်းဆိုသလို ပြောင်းလဲသွားသော. . မြ၏ မောင်ဟူ


www.burmeseclassic.com

www.burmeseclassic.com



သော အခေါ်အဝေါ်ကြောင့် ရင်ခုန်သံတို့ လေဟာနယ်ထဲရောက်သလို အေးခနဲ ဖြစ်သွားသည်. . .။

အားတင်းထားဦး အောင်ဗလကျော် ဒီပိတောက်ပင်အောက်ကြီးကို ဆင်းပြီးတာနဲ့ မမကိုချစ်တယ်လို့ တစ်ခါထဲ ဖွင့်ပြောတော့မည်။ အဲ့အတွက်ကြောင့် မင်း အန္တရာယ်ကင်းကင်းနဲ့ ပြန်ဆင်းဖို့လိုတယ်. .

အောင်ဗလကျော် ကိုင်းဖျားတွေကိုနင်းကာ တစ်ဆင့်ချင်း ပြန်ဆင်းဖို့ သတိကပ်လိုက်သည်။

"မောင်. . သတိထားနော်. . "

မမသတိပေးသလို အောင်ဗလ သတိထား၍ ဆင်းပြီး ပင်စည်ဆီရောက်တော့ အောင်ဗလကျော် မဆင်းတတ်တော့. . ထို့အတွက်ကြောင့် အောင်ဗလကျော် ဉာဏ်ကူမှရတော့မည်. . ။

ထို့အတွက်ကြောင့် ဝါးလုံးချိတ်ကို သစ်ကိုင်တစ်ကိုင်းမှာ အခိုင်အမာချိတ်လိုက်၏။

ထို့နောက် ခိုင်မခိုင် တစ်ချက်နှစ်ချက် ဆောင့်ဆွဲ ကြည့်သည်။ ချိတ်လုံးဝ မကျွတ်. .

စိတ်ချရပြီဆိုမှ. . ထိုဝါးလုံးဆီသို့ ကူးကာ အောက်သို့ လျောခနဲ ဆင်းချသွားလိုက်၏။

ကံဆိုးချင်တော့ မြေပြင်နှင့် ဝါးလုံး၏အကွာအဝေးမှာ ခုနစ်ပေခန့်လောက် လွတ်နေ၏။ အောင်ဗလကျော်. . ဝါးလုံးကြီးကိုဖက်ပြီး လေထဲမှ လွှင့်နေသလို တန်လန်းကြီးဖြစ်နေ၏။

"မောင်. . ခုန်ဆင်းနိုင်ရင်. . ခုန်သာဆင်းလိုက်တော့"

"အာ. . အီး. . ဆင်း. . ဆင်းလို့လွယ်ပါ့မလား. . မမ"

"နိမ့်ပါတယ်မောင်ရဲ့. . ခုန်ဆင်းလိုက်ပါ. . အောက်မှာ မြက်

www.burmeseclassic.com

www.burmeseclassic.com



ခင်းပဲဟာ. . ”

မမကခုန်ဆင်းဖို့ပဲ တတွတ်တွတ်အားပေးနေလေတော့. . အောင်ဗလ ခုန်ဆင်းလိုက်လေတော့၏။

“အား. . . ”



www.burmeseclassic.com

www.burmeseclassic.com



# အခန်း (၁၅)

"**မောင်**. . . မောင်. . ."

မြက်ခင်းပေါ်မှာ ပက်လက်အနေအထားဖြင့် သတိမေ့ချင်ဟန် ဆောင်နေသော အောင်ဗလကို မမ စိုးရိမ်တကြီးခေါ်၏။

အောင်ဗလကျော် မျက်လုံးဖွင့်မကြည့်သေး. . . အဘယ် ကြောင့်ဆိုသော် သူ့မျက်နှာသည် မမရင်ခွင်နှင့် အပ်သလို ရင်ခုန်သံ ခပ်နွေးနွေးကို ချောင်းနားထောင်သလို ဖြစ်နေသည်။

အောင်ဗလဘဝမှာ မိန်းမနှစ်ယောက်၏ ရင်ခွင်ထဲမှ မျက်နှာ အပ်ဖူးတာဆို၍ မမနှင့်အမေပဲရှိ၏။



www.burmeseclassic.com

www.burmeseclassic.com



အမေကတော့ ငယ်စဉ်ကလေး ဘဝအခါတုန်းက ချိုချိုဆိုခဲ့သည့် အချိန်ပေါ့. . ခုဟာက မမဆီက ချိုချိုစို့ခွင့်ရ၍ ရင်ခွင်အပ်ရသည်မဟုတ်. . မမ၏ စိုးရိမ်တကြီး ဖက်တွယ်ထား၍ အမေနှင့် ချိုချိုစို့ခဲ့သည့်အချိန်တုန်းကလို အနေအထားမျိုး ဖြစ်နေ၏။

သို့သော်. . အောင်ဗလ ငယ်ငယ်တုန်းက အမေ့ဆီမှာ ချိုချိုစို့ခဲ့သည့် ခံစားမှုနှင့်. . ယခု မမရင်ခွင်မှာ မျက်နှာအပ်ပြီး သတိလစ်ချင်ဟန်ဆောင်နေသော ခံစားမှုတို့က မတူညီပါ. .

မမရင်ခွင်မှာ မျက်နှာလေးအပ်ထားရသော ခံစားမှု နွေးနွေးနှင့် ရေမွှေးနံ့သင်းသင်းကြောင့် ပို၍ရင်ခုန်နှုန်းသက်လာ၏။ နှလုံးသားအစုံကို ရေသန့်ဘူးထဲ ထည့်ခလောက်သလို ကပေါက်တိ ကပေါက်ချာ ပြောင်းဆန်ကုန်၏။

"မောင်. . မောင်. . သတိရပါတော့. . "

ငိုသံနှောသော အသံဖြင့် အောင်ဗလအား လှုပ်နှိုး နေသဖြင့် မမကိုသနားသွားကာ မှိတ်ထားသော မျက်လုံးအစုံကို ခပ်လွန့်လွန့်လေး လွန့်လူးကာ အရှုးကွဲက်နင်းပြီး မမကို ပြန်၍ ဖက်တွယ်ထားလိုက်သည်။

"အို. . မောင်. . မောင်. . သတိရပြီလားဟင်. . "

"အင်. . ရပြီ. . မမ. . "

"ဝမ်းသာလိုက်တာ မောင်ရယ် မမကလေ. . မောင် အတွင်းကြေ,ကြေပြီး. . တစ်ခါတဲ အသက်ပျောက်တော့မယ့်ထင်တာ. . "

"အမ်. . "

တစ်လုံးတစ်ခဲကြီး ပြောလိုက်သော မမစကားကြောင့် အောင်ဗလ မျက်လုံးပြူးသွား၏။



www.burmeseclassic.com

www.burmeseclassic.com



"ဟင့်အင်း. . သေပါဘူး. . ကျွန်တော်က. . မမကို ချစ်တယ်လို့ ပြောရဦးမှာ. . ပြီးတော့. . မမအချစ်တွေနဲ့ ကျွန်တော့်ဘဝကို ရှင်သန်ဦးမှာ. ."

"အို. . ဘာတွေ လျှောက်ပြောနေတာလဲ. . ."

"ချစ်တဲ့အကြောင်း ပြောနေတာလေ. . ."

"အို. . ကွယ်. . မဖြစ်နိုင်တာ. . ."

မမ. . ရှက်ရိပ်စွန်းသံလေးဖြင့် ခပ်တိုးတိုး ဆို၏။

"မမလို ဂုဏ်သိက္ခာစည်းစိမ်တွေနဲ့ ပြည့်နှက်နေတဲ့ အထက်တန်းစားတစ်ယောက်ကို ကျွန်တော့်လို ငမွဲတစ်ယောက်က မတန်မရာမှန်းတယ်ဆိုတာကိုလည်း ကျွန်တော်သိပါတယ်. . ဒါပေမဲ့ ဟော့ဒီရင်ဘတ်ထဲက သူ့အလိုလို ဖြစ်လာတဲ့ ခံစားမှုကိုတော့ ကျွန်တော်ဘယ်လိုမှ ထိန်းချုပ်လို့ မရနိုင်ဘူး. . ."

အောင်ဗလ . . သူ့ရင်ဘတ်ကို တဘုန်းဘုန်း ပုတ်ပြီး ဆို၏။

"အို. . မဟုတ်တာ. . မင်းနဲ့မမနဲ့ ဘာလိုမတန်ရမှာလည်း. . ရင်ဘတ်ထဲက ချစ်ခြင်းတွေကို ညီမျှခြင်းချလို့ရရင် ဘဝနှစ်ခု ပေါင်းစည်းလို့ရနေတာပဲ စိုးရိမ်ခြင်းစိုးရိမ်. . မမကသာ စိုးရိမ်ရမှာလေဘာဖြစ်လို့လဲဆိုတော့ မင်းနဲ့မမနဲ့ အသက်ခြင်း အရမ်းကွာနေတာမဟုတ်လား. . ."

"ဟာ. . မမ. . အသက်ခြင်းကွာတာက ကျွန်တော့် အတွက်ဘာကေ့စ်မှ မရှိဘူး. . အချစ်မှာ. . ကြီးတယ်. . ငယ်တယ်ဆိုတာမှမရှိတာ. ."

"အို. . ငါ့မောင်ရယ်. . မမတော့. . ကံကြမ္မာကို မယုံရဲပါဘူး. ."



www.burmeseclassic.com

www.burmeseclassic.com



"ယုံပါမမရယ်. . မမနဲ့ ကျွန်တော်နဲ့သာ ချစ်သွားရင် ကံကြမ္မာတလည်း ကျွန်တော်တို့နှစ်ယောက်ကို မျက်နှာလွှဲနေမှာပါ ဒါကြောင့် မမ. . ကျွန်တော့်ကို ချစ်တယ်လို့ အဖြေပေးပါတော့. . ."

အောင်ဗလကျော် တင်းကျပ်စွာဖက်ကာ ဖွတ်အတင်း အဖြေတောင်းတော့၏. .။

"အင်း. . မမကလည်း မင်းကိုချစ်ပါတယ်ကွယ်. ."

"ဟာ. . ဝမ်းသာလိုက်တာ မမရယ်. ."

ရင်ခုန်သံတို့ ပျော်ရွှင်စွာ လက်ဆွဲနှုတ်ဆက်ကြပြီး ရင်ဘတ်တိုယ်စီမှာ ငြိမ့်ငြိမ့်လေး စီးစင်နေကြ၏။

ထိုအချိန်တဒင်္ဂလေးမှာပင်. . .

"အန်တီမေ. . ."

နောက်ဘက်မှ ခေါ်သံကြောင့် နှစ်ယောက်သား ပူးကပ်နေရာမှ ခွာလိုက်ပြီး. . ချစ်ခြင်း၏ရနံ့တွေပါ လန့်ဖျပ်၍ ပြေးကုန်ကြသည်။

"ဩော်. . စိမ့်စိမ့်. ."

"ဟင်. . မြမြစိမ့်. . ."

"အို. . ကိုဗလကြီး. . ဟောတော် အန်တီမေနဲ့ ကိုဗလကြီးကချစ်. . ချစ်သူတွေလား. . ."

"အဟဲ. . ဟုတ်တယ်လေ. . ."

အောင်ဗလက ဂုဏ်ယူဝံ့ကြွားစွာ ပြောနေပေမယ့် မမကတော့ မျက်နှာတွေပျက်ယွင်း၍နေ၏။

"စိမ့်စိမ့်. . အန်တီမေ့ဆီလာတာ ကိစ္စရှိလို့လား. ."

"အင်း. . ဟုတ်တယ်အန်တီမေ. . စိမ့်. . ငွေ နည်းနည်းလိုလို့ပါ. . ဖေဖေ. . ဆေးရုံမှ ဆီးချိုတွေ အရမ်းတက်နေတယ်တဲ့. .

www.burmeseclassic.com



ဆေးရုံက. . ဝန်ထမ်းတွေအကြောင်း ကြားတယ်လေ."

"ဩော်. . ဒါလား ရပါတယ်. . လာ. . အန်တီမေတို့ အထဲ တိုသွားကြမယ်. . ."

နှစ်ယောက်စလုံး အိမ်ထဲဝင်သွားကြသဖြင့် အောင်ဗလကျော် ဟက်ကော့ကြီး ကျန်ခဲ့၏။

"စိမ့်. . မင်းနဲ့ အောင်ဗလနဲ့ သိတာကြာပြီလား အရမ်း ရင်းနှီးလား. ."

"ဟင်အင်း. . သိပ်တော့ မရင်းနှီးပါဘူး. ."

မြမြစိမ့်. . သူဦးလေးနှင့် ချစ်သူတွေပါဟူ၍ မပြောရဲ အမေ့ သူငယ်ချင်းပေမယ့် အန်တီမေ့ကို. . ကိုယ့်အဒေါ် တစ်ယောက်လို ကြောက်ရွံ့ရသည်။

"အင်းလေ. . ဒါဆို. . အန်တီမေ့ လျှို့ဝှက်ချက်ကို သွားမပြော မိစေနဲ့နော်. . ."

"ဟုတ်ကဲ့ပါ. . အန်တီမေ. . မပြောပါဘူး. ."

"အေး. . အေး. . ကျေးဇူးပဲ. ."

ခု ာမှ. . မမ၏ မျက်နှာပြန်၍ ကြည်သွားသည်. .

စိမ့်စိမ့်အား လိုသလောက်ငွေကို နှုတ်ပိတ်ခအနေနှင့် အသာ တကြည်ပင် ထုတ်ပေးလိုက်ပါ၏. .။

မြမြစိမ့်သူလိုချင်တာရ၍ ပြုံးပျော်ပြီး ပြန်သွားလေတော့သည်။

မြမြစိမ့် ပြန်သွားတော့မှ ရင်ခုန်သံတွေ ပြန်ညှိကြဖို့ မမနှင့် အောင်ဗလကျော် ဧည့်ခန်းဆိုဖာခုံပေါ်တွင် အတူယှဉ်ပြီး ထိုင်လိုက်ကြ သည်။

"မြမြစိမ့်နဲ့က. . ဘာတော်လဲ. . မမ. ."


www.burmeseclassic.com

www.burmeseclassic.com



"မမ အချစ်ဆုံး သူငယ်ချင်းရဲ့ သမီးပါ. . သူ့အမေဆုံးပြီးကတည်းက မမပဲ. . စောင့်ရှောက်ထားရတာပါကွယ်. . သူ့ဘဝလေးက သနားဖို့ကောင်းပါတယ်. . အခု သူ့အဖေက အရူးထောင်မှာလေ. . မမ သူငယ်ချင်းလည်း သူ့ယောက်ျားစိတ်နဲ့ပဲ လုံးပါးပါးပြီး လူ့လောကထဲက ထွက်ခွာသွားရတာ. . "

မမပြောလည်းပြော သက်ပြင်းမျှင်မျှင်ကိုချလည်းချ. . .

"အမှန်တော့. . မြမြစိမ့်ရဲ့ အဖေဘက်က အရူးမျိုးကွယ့်. . အားလုံး ဒီရောဂါနဲ့ပဲ. . လုံးပါးပါးပြီး သေကုန်ကြတာ ကံဆိုးချင်တော့ မြမြစိမ့်က သူ့အမေနဲ့ မတူပဲနဲ့ သူ့ အဖေဘက်နဲ့ သွားတူတယ်လေ. . တစ်ခါတစ်ရံ မြမြစိမ့်ရဲ့ အပြုအမူတွေက ပုံမှန်မရှိတတ်ဘူး. . အသက်တလေး နည်းနည်းရလာကြရင်. . အလိုလို စိတ်ဝေဒနာတွေက ပြင်းထန်လာကြရော. . "

"ဟင်. . ဒါဆို. . မြမြစိမ့်ကလည်း သူ့အဖေလို ရူးဦးမှာပေါ့နော်. . . "

"အင်း. . ခုအခြေအနေအထိတော့. . မြမြစိမ့်ဟာ သူ့အဖေရဲ့ စိတ်နေစိတ်ထား သွားတူနေတယ်. . တစ်ခါတစ်ရံ တစ်ညလုံး မအိပ်ဘဲ တစ်ယောက်ထဲ စကားတွေပြောတတ်တယ်. . .

တစ်ခါတစ်လေ. . ညဝတ်ဂါဝန်ကြီးနဲ့ အပြင်တွေ သွားချင်သွားနေတတ်တာ. . "

အောင်ဗလကျော် ဦးလေးအတွက် စိုးရိမ်ပူပန်သွားမိသည်။ သူ့ခမျာ ရှားရှားပါးပါး ငယ်ငယ်ရွယ်ရွယ်လေးကို ချစ်သူတော်ထားပါတယ်. . အဲ့ဒီချစ်သူက ရူးနေတဲ့သူဆိုတာသိရင် ဦးလေးတော့ တော်တော်လေး ခံစားရရှာမှာ. . . ။



www.burmeseclassic.com

www.burmeseclassic.com



မဖြစ်ဘူး. . . နေမြင့်လေ အရှူးရင့်လေဆိုတာ မဖြစ်ရအောင် ဦးလေးကို ဒီကောင်မလေးနဲ့ မယူဖြစ်ဖို့. . . ဖျက်ရမယ်. . .။

"သူ့ကို ခုကြည့်တော့လည်း အကောင်းသားပဲနော် မမ"

"အင်း. . ဟုတ်တယ်မောင်. . သူလေးက ခုချိန်မှာတော့ လူမသိသူမသိလေးပေါ့ကွယ်. . အင်း. . ဘယ်အချိန်လောက်မှ စဖြစ်မလဲဆိုရင် အသက်လေးဆယ်လောက်မှ မျိုးရိုးဗီဇက ပေါ်လာမှာပါ. . တဲ့ပါ. . မောင်ရယ်. . သူများအကြောင်း ပြောတာတွေ ရပ်လိုက်တော့မယ်. . ခု. . မောင် အိမ်ပြန်မှာလား. . မမလိုက်ပို့မယ်လေ. . ."

"ယတြာချေရဦးမယ်ဆို. ."

"ဒါက မမဖာသာ တစ်ယောက်ထဲလုပ်ရမယ့် အလုပ်ပါ. ."

"ဒါပေမဲ့ ကျွန်တော်မပြန်ချင်သေးဘူး. . မမအနားမှာ တစ်ညလုံးအတူနေချင်သေးတယ်. ."

"အို. . မောင်ကလည်း. . အဲ့ဒီလိုတော့ ဘယ်ဖြစ်မလဲ. ."

မမရှက်ဝဲဝဲလေးဆိုတော့ အောင်ဗလကျော် မမပါးပြင်ကို အလစ်ဝင်ပြီး ရွှတ်ခနဲ နမ်းလိုက်သည်။

"ဟော့. . ကောင်လေး. . မကဲနဲ့. . ."

"ချစ်လို့ကဲတာပါ. . မမရာ. ."

ညနေဆည်းဆာသည် ချစ်ခြင်း၏ ရနံ့တို့ဖြင့် သင်းထုံမွှေးပျံ့နေလေသည်။

www.burmeseclassic.com



# အခန်း (၁၆)

"အာ ပြောတယ် မီးလေး . . အောင်ဗလကျော်နဲ့ ငြိနေတဲ့ ခိန်းမက . . မီးလေးအမေရဲ့ သူငယ်ချင်းဟုတ်လား . ."

"ဟုတ်တယ် ဦးရ . . မီးလည်း . . တွေ့တွေ့ချင်း အရမ်းအံ့ဩသွားတယ် . . နောက်ပြီး . . ကိုအောင်ဗလကျော်ကိုလည်း အရမ်းသနားသွားမိတယ် . . ."

မြမြစိမ့်က အောင်ဗလကျော်ကို သနားတယ်ဆို၍ ဦးဇေမာင် မျက်မှောင်စုကျုံ့လိုက်ပြီး . . မြမြစိမ့်ကို ဝန်တိုသလို ကြည့်လိုက်သည်။



www.burmeseclassic.com

www.burmeseclassic.com



"မီးလေးကဘာကို သနားရတာလဲကွာ. . . ဦးလဲ ပြောတာပဲ အသက်ကြီးတဲ့ မိန်းမမျိုးကို မယူပါနဲ့. . ကိုယ်နဲ့ ရွယ်တူတန်းတူကို ရှာပါလို့. . သူ့ကိုအကြိမ်ကြိမ်ပြောတယ်. . သူမှ နားမဝင်တာ ဒီတော့ သူ့ထိုက်နဲ့သူ့ကံ. . ရှိစေတော့ပေါ့. . ."

တူ လုပ်သူအတွက် မချိတင်ကဲပြောပြီး မြမြစိမ့် ပခုံးလေးကို ခပ်ဖွဖွလေး ဆုပ်ကိုင်လိုက်သည်။ ရှားရှားပါးပါး ချစ်သူလေးနဲ့ တွေ့တဲ့ အချိန်မှာ. . ဒီကောင်ငပွေးအကြောင်းကို အချိန်ကုန်ခံပြီး ပြောမနေချင်. . ချစ်ကြောင်းကြိုက်ကြောင်းတွေကိုပဲ. . အရာသာရှိရှိ ဖိမ်ခံပြောချင်၏။

"ဩော်. . ဦးရယ်. . အဲ့ဒီလောက် အသက်ကွာတာလောက်လေးကို မီးကရော စကားထဲ ထည့်ပြောနေမလား. . ဦးနဲ့မီးကလည်း သူတို့လို အသက်ကွာတာပဲဟာ. . "

"အင်. ."

ဦးနုမောင် မြမြစိမ့်စကားကြောင့် ဘဲနာကြီး လည်လိမ်ချိုးသလိုကြီး ဖြစ်သွားသည်။

"အခုဟာက. . အဲ့ဒါတွေထက် အရေးကြီးလို့. . ဟိုလေ. . ဘယ်လိုပြောရမလဲ. ."

"ဘယ်လိုမပြောတတ်ရင် ညာလိုပြောပေါ့. . "

ဦးနုမောင် အရှက်ပြေထပြီး အရွှန်းဖောက်လိုက်သည်။

"မနောက်ပါနဲ့ဦးရယ်. . မီးတကယ်ပြောမှာ. . "

"တကယ်ပြောပါ. . ဦးလည်း တကယ်နားထောင်မှာပါ"

"ဟိုလေ. . အန်တီမေမှာ. . ဟိုဟာ. . မရှိဘူး. . "

"ဘယ်ဟာ မရှိတာလည်း. . မီးရယ်. . "



www.burmeseclassic.com

www.burmeseclassic.com



"အန်တီမေ့ အသက်နှစ်ဆယ်အရွယ်လောက်မှာ ဆိုင်ကယ်တစ်စီးက ရှေ့တည့်တည့်ကနေ အန်တီမေ့ကို ဝင်တိုက်လိုက်လို့ . . အန်တီမေ့ရဲ့ ဟိုဟာလေ. . သုံးမရအောင် ပျက်စီးသွားပြီး . . အခု . . မရှိတော့ဘူး. ."

ရှေ့တည့်တည့်ကို ဆိုင်ကယ်ဝင်တိုက်၍ ဟိုဟာ မရှိတော့ဘူး ဆိုသော. . မြမြစိမ့်စကားကြောင့် ဦးနုမောင် အောင်ဗလကိုယ်စား ခေါင်းနားပန်းကြီးသွား၏။

"ဟာ. . ဒါ. . ဒါဆို. . မိန်းမလည်း မဟုတ်တော့ဘူးပေါ့. ."

စိတ်ထဲရှိတဲ့အတိုင်း ၌မေးလိုက်သည်။

"မိန်းမတော့ မိန်းမပေါ့ဦးရဲ့. . အန်တီမေက ချောလိုက်တာမှ နှနည်ကျနေတာပဲ. . အဲ. . ဟိုဟာပဲမရှိတာ."

လာပြန်ပြီ. . ဟိုဟာ. . အဲ့ဒီဟိုဟာဆိုတာကို ရှင်းအောင် ဘာဖြစ်လို့များ မပြောတာလဲ. . . နားထောင်နေရတာကိုက. . မရှင်း. . မရှင်း. . .

"အဲဒီဟိုဟာက ဘာလဲ. . ."

ဦးနုမောင် ရင်မောစွာ. . ထပ်မေးလိုက်ပြန်သည်။

"အဲဒီဟိုဟာက. . သားအိမ်လေ. . သားအိမ်ပေါ့."

"ဘာ. . သားအိမ်မရှိဘူး. . ဟုတ်လား. . ဟာ. . ဒါ ဒါတော့ ဘယ်ဖြစ်မလဲ. . မိန်းမယူပါတယ်ဆိုမှ. . သားအိမ်မရှိတဲ့မိန်းမ ဘာ ဒီစွယူရမတုန်း. . ဒါ. . ဒါမျိုးဆက်တုံးမယ့်ကိစ္စ. . ဒါမျိုးကို ဒီကောင် ထိုးဝမယူရဘူး. ."

ဦးနုမောင်. . ကာယကံရှင် အောင်ဗလထက်ပင် ပို၍ ပေါက်ကွဲနေသလား. . မသိ. . ။



www.burmeseclassic.com

www.burmeseclassic.com



"ဦး . . နေပါဦး . . ဒေါ်သမကြီးပါနဲ့ဦး . . ဦးရယ် . . ဟိုလေ ဒီကိစ္စက . . အန်တီမေ့အတွက် . . အရမ်းလျှို့ဝှက်ရမယ့်ကိစ္စပါ . . ကိုအောင်ဗလကို တားချင်ရင် . . မမဟာ ဒီဟာ မရှိလို့မယူရဘူးလို့ ပြောပြီးမတားပါနဲ့နော် . . "

"ဟင် . . ဘာဖြစ်လို့လဲ မီးရ . . "

"ဒီကိစ္စကိုသိတာ မီးတစ်ယောက်ပဲရှိတာလေ . . နောက်ပြီး အန်တီမေက . . မီးတို့သားအဖရဲ့ ကျေးဇူးရှင်၊ ဦးသာ ကိုအောင်ဗလကို ဒီကိစ္စကြောင့် သဘောမတူဘူးလို့ ပြောရင် . . အန်တီမေနားထဲ ပြန်ရောက်သွားမှာ အဲ့ဒီအခါကျရင် . . အန်တီမေ မီးကိုအရမ်းစိတ်ဆိုးသွားလိမ့်မယ် . . "

မြမြစိမ့် ပါးစပ်အငြိမ်မနေဘဲ ပြောမိသည့် ကိုယ့်ကိုယ်ကိုယ်ပဲ ဒေါသဖြစ်မိပါသည်။ ထို့ကြောင့် . . မျက်နှာဆီးရှက်သာသာလေးဖြစ်တာ . . .

"ဦး . . ဒီကိစ္စ ကိုအောင်ဗလကို လုံးဝမပြောပါဘူးလို့ မီးကို ကတိပေးပါလားဟင် . . "

ဦးနုမောင် ရင်ခွင်ထဲ ဖွတ်တိုးဝင်ပြီး . . ချွဲချွဲပစ်ပစ် အသံလေးဖြင့် ကတိတောင်းလိုက်သည်။ ဦးနုမောင် တူဖြစ်သူအတွက် ရတက်မအေးစွာဖြင့် မျက်နှာကြီး သုန်မှုန်ကာ မြမြစိမ့်တောင်းသော အဖြေကို မပေး . . .

"ဦး . . ပြောလေ . . မီးကို . . ကတိပေးလို့ . . . "

ဦးနုမောင် ဘာမျှမပြော . . ခပ်တွေတွေကြီးသာထိုင်နေလိုက်၏။ တူလေးအတွက် ရတက်မအေးရ . . ကံဆိုးလိုက်တာ ငယ်ငယ်ရွယ်ရွယ်နဲ့ ကိုယ့်ထက်အသက်ကြီးတဲ့သူကိုမှ မေတ္တာသွားရှိရတယ်



www.burmeseclassic.com

www.burmeseclassic.com



လို့ . . ခုတော့ . . ထိုမိန်းမက . . ဂလိုင်ပေါက်ကြီးတဲ့ . . .




လောကကြီးက ဘာလို့မမျှတရတာလဲ ကိုယ့်လို အသက်ကြီးကြီး လူပျိုသိုးကြီးကျတော့ လုံးဝအပြစ်အနာအဆာ ကင်းလွန်းတဲ့ မိန်းမချောလေးကို ချစ်သူအဖြစ် ပိုင်ဆိုင်ပြီး သိပ်မကြာခင် ဇနီးမယားအဖြစ်တောင် ပိုင်ဆိုင်ခွင့်ရတော့မယ် . . ကဲ . . ကိုယ်ဟာ ဘယ်လောက်ထံကောင်းလိုက်တဲ့ လူပျိုသိုးကြီးလဲလို့ . . . ။

ဟော့ . . အခု . . ကိုယ့်တူလေး နုနုငယ်ငယ် အရွယ်ကောင်းလေး သူ့ရဲ့ဖူးစားဖက်က . . သူ့ထက်အသက် ဆယ့်ငါးနှစ်လောက်ပင်ကြီးနေမလားပဲ . . . အသက်ကကြီးတဲ့ အပြင် ယောကျ်ားတွေအတွက်



www.burmeseclassic.com

www.burmeseclassic.com



အခ်ိကဟာ အခ်ိကပါဆိုတဲ့အရာကြီးက မပါဘူးဆိုလေတော့. . ကိုယ့်တူလောက် ကံဆိုးတဲ့ယောကျ်ား ဒီလောကမှာ ရှိနိုင်ပါဦးမလားကွာ. . ။

တူကြီးနှစ်ယောက် တစ်အိမ်ထဲနေပြီး တကျက်ကျက် ဖြစ်နေကြပေမယ့်. . တကယ်တမ်းပြဿနာတစ်ခု ရင်ဆိုင်ရတော့. . တူလေးအတွက် ရတက်မအေးနိုင်. . . ။

"တော်ပါပြီး. . ဦးက. . မီးကိုချစ်တာ. . မဟုတ်ဘူး"

ရင်ခွင်ထဲက အတင်းရုန်းထွက်ပြီး ဆတ်ခနဲ ထလိုက်သော မြမြစိမ့်၏ ခပ်ဆောင့်ဆောင့် အမူအရာကြောင့်. . ဦးနုမောင် တူ့အတွက် ရတက်ပွေနေရာမှ အတင်းပင် မြမြစိမ့်၏လက်ကို ဖမ်းဆွဲလိုက်သည်။

"ဟာ. . မီး. . ဒါက. . ဘယ်လိုဖြစ်ရတာလဲကွာ. . "

"အို. . ဦးက. . မီးတောင်းတဲ့ ကတိကိုမှမပေးနိုင်တာ. ဒါဟာ မီးကို မချစ်လို့. . အလေးအနက်မထားလို့. . မီးချစ်သလို ပြန်မချစ်လို့ပေါ့. . အဖြေက ရှင်းရှင်းလေးပဲဟာ. . ဒီတော့ ကိုယ့်ကိုမချစ်တဲ့သူ အနားမှာ နေစရာမှ မလိုတော့တာ. . "

မြမြစိမ့် ခြေလေးစောင့်ဆောင့်ဖြင့် တွတ်ပွတွတ်ပွ ဆို၏။

ခုလိုကျတော့ ဦးနုမောင် မနေသာတော့ ချစ်သူလေး အကြိုက်ကို လိုက်ရတော့မှာပင်. . . ။

"အင်းပါ. . ဦး လုံးဝမပြောဘူးလို့ ကတိပေးပါတယ်. . မီးရယ်. . "

တိုသို့ကတိပေးမှ မြမြစိမ့်မျက်နှာလေး ဝင်းလက်သွားသည်။

"တကယ်နော်. . ဦး. . "



www.burmeseclassic.com

www.burmeseclassic.com



"အင်း. . တကယ်. . နှစ်ကယ်. . သုံးကယ်. ."

"အမလေး. . တော်ပါတော့ ယုံပါတယ်. . . မီးကလေ ဦးကို ခုလို အလိုလိုက်လို့ ချစ်နေရတာသိလား. ."

မြမြစိမ့် ဦးနုမောင်၏ ပါးတစ်ဖက်ကို ရွှတ်ခနဲ နမ်းလိုက်သည်။

ဦးနုမောင်ရင်ထဲမှာ လှိုင်းကြီးလှိုင်းငယ်တို့ ထွန့်ထွန့်လူးသွား၏။



www.burmeseclassic.com

www.burmeseclassic.com



# အခန်း (၁၇)

"အယ်လို . . ဦးလေးတို့ ရှေ့အပတ် တနင်္ဂနွေနေ့ ရုံးတက် လက်မှတ်ထိုးတော့မယ် ဟုတ်လား . . မ . . မမြန်လွန်းဘူးလား"

"ဟာ . . ဒါနောက်တောင်ကျနေပြီကွ . . ငါ့အသက်အရွယ်နဲ့ ဒီကိစ္စကို အချိန်ဆွဲထားလို့ရမလား . ."

အောင်ဗလကျော် . . သက်ပြင်းကို ဟင်းခနဲချလိုက်သည်။ မြမြစိမ့် လျှို့ဝှက်ချက်ကို အောင်ဗလ ဘယ်လိုပြောရပါ့မလဲ . . ။

"ဦးလေးစဉ်းစားဦးနော် . . ဒီကောင်မလေးက ဦးလေးမွေးရင် ဦးလေးသမီးလောက်ပဲရှိတာ . . . လူကဲ့ရဲ့စရာကြီးတော့ ဖြစ်တော့



www.burmeseclassic.com

www.burmeseclassic.com



မှာပဲ. . နောက်ပြီး. . သူတို့က အရှေးမျိုးနော် ဦးလေး. . ရှုပြီဆို. . လွတ်ရှုးတော့မှာ. . ”

“ဟော့ကောင်. . မင်းမဟုတ်တာတွေ လာလျှောက် မပြောနဲ့ ဦးလေးတစ်ယောက်က နုနုငယ်ငယ်လေးနဲ့ လက်ထပ်မှာကို မင်း (၂)ဗျေ ဝင်နေတာမဟုတ်လား. . . တူဝရီး အချင်းချင်း မြွေမြွေချင်း ခြေမြင် ပြီးသားနော်. . မင်းပါးစပ် ဟရင်. . ငါကလေ. . ဟိုး. . စအိုဝအထိ မြင်တယ်. . ”

ထင်ရာတွေ စွတ်ပြောနေသော ဦးလေးဖြစ်သူကို ကြည့်ပြီး. . အောင်ဗလ ခေါင်းတွေကို ဖျင်းဖျင်း ကုတ်တော့၏။

“ဘာပဲဖြစ်ဖြစ် ဦးလေး. . အဲဒီကောင်မလေးနဲ့ လုံးဝ လက်ထပ်လို့မဖြစ်ဘူးနော်. . ကျွန်တော် လုံးဝလက်မခံဘူး. . ”

ဦးနုမောင်. . ရှူးရှူးရှဲရှဲ ဖြစ်သွား၏. . ။

“အောင်မာ. . မင်းက ဦးလေးလား . . ငါက တူလား. အဲ ဟုတ်ပါဘူး. . မင်းကဦးလေးလား. . ငါက. . ဦးလေးလား. . ဘယ် သူ့အားကိုးနဲ့ ငါ့ကို အမိန့်တွေ ပေးနေရတာလဲ. . ပြော. . ”

“ကိုယ့်အားကိုယ်ကိုးပြီး ပြောတာပေါ့ဗျ. . ခုလို တားနေရတာ ဦးလေး အနာဂတ်အတွက် ပြောနေတာ. . ကိုယ့်ထက်အရမ်းငယ်တဲ့ မိန်းမယူရင်. . . ကိုယ်လည်း ခါးကုန်းရော. . . သူကတော့ ကော့လန် ကော့လန်နဲ့ လင်ငယ်နောက်လိုက်သွားမှာ. . သွားပါ ဒီအဘိုးကြီး သူနဲ့အိပ်ရတာ အဘိုးကြီးစော် နံတယ်ဆိုပြီးတော့လေ. . ”

ဦးနုမောင် မျက်နှာမှာ မကျေနပ်ခြင်းတွေကြောင့် ညိုမဲ့ပုပ် စပ်သွား၏။

“မင်း. . မင်းက ငါ့ကိုဒီလိုပြောတယ်. . ဟုတ်လား. . . ဒါဆို



www.burmeseclassic.com

www.burmeseclassic.com



မင်းလည်း ရွတ်တွကြီးကို မယူနဲ့ . . မင်းလည်း ဒုက္ခလှလှကြီး တွေ့လိမ့်မယ် . . ”

ဦးနုမောင် ထိုမျှသာပြောခွင့်ရှိ၍ ရှေ့ဆက်မပြောမိစေရန် . . ပါးစပ်ကို မနည်းဘရိတ်အုပ်လိုက်ရလေ၏။ အဘယ်ကြောင့်ဆိုသော် မီးလေးကို ပေးထားသောကတိ ပျက်မည်စိုး၍ဖြစ်၏။ ထိုကတိသာ ပျက်ခဲ့လျှင် မီးလေး သူ့ကို အဆက်ဖြတ်လိမ့်မည် . . ။

“ကျွတ် . . ဦးလေးရာ . . ကလေးအကွက်တွေ ရွှေ့ပြန်ပြီလားဗျာ . . . ကျွန်တော်က ဦးလေးအတွက်ပြောတာ ဦးလေးက ကျွန်တော့်ဘက်ကို မြားဦးလှည့်လာပြန်ပြီ . . ”

“ငါကလည်း . . မင်းအတွက် ပြောတာကွ . . ငါ့တူရယ် ဦးလေးစကားကို ယုံစမ်းပါ မင်းအဲ့ဒီ မိန်းမကို မယူပါနဲ့ . . သူ . . သူ မင်းကို အိမ်ထောင်ရေး သုခ ပေးနိုင်မှာ မဟုတ်ဘူးနော် . . ငါကြိုမြင်နေတယ် သူ့မှာလည်း . . သူ့ လျို့ဝှက်ချက်ရှိတယ်ကွ . . . ”

“ကျွန်တော်ကို ခုလိုသတိပေးတာ ကျေးဇူးတင်တယ်ဦးလေး ဒါပေမဲ့ . . . ကျွန်တော်နဲ့မမ ခုလာမယ့် အပတ်ထဲမှာပဲ ရုံးတက်လက်မှတ်ထိုးတော့မှာ . . ဘယ်လိုမှ နောက်ပြန်လှည့်လို့ မရဘူး . . နောက်ဆုံး မမမှာ ဘာအပြစ် အနာအဆာပဲရှိနေရှိနေ . . . ကျွန်တော်ကတော့ ခွင့်လွှတ်နားလည်စိတ်နဲ့ ချစ်နေမှာ . . . ပြီးတော့ မမဟာ ခိုင်တယ် . . . ကျွန်တော့် အနာဂတ်အတွက်တော့ ရွှေပဲလေ . . . ”

“ကောင်းပြီလေ . . ဒါဆိုရင်တော့ ငါမပြောတော့ဘူး . . မင်းသဘောပဲ နောက်မှတော့ ဦးလေးရေ ကျွန်တော်မှားသွားပြီလို့ လာမပြောနဲ့ အဲ့ဒီကျမှ နောင်တတွေ လာရွတ်ပြရင် . . . မင်းကို ငါ သနားတဲ့ အပြင် . . ဆောင့်တောင် ကန်ထည့်လိုက်ဦးမယ် . . ရှင်းလား . . ”

www.burmeseclassic.com



ဦးနုမောင် ထိုသို့ ခပ်ဆတ်ဆတ်ပြောပြီး ဒေါသခြေလှမ်းတွေဖြင့် သူ့အခန်းထဲ ဝင်သွား၏။

အောင်ဇလကျော် ဦးလေး၏ ကျောပြင်ကို နားမလည်သလိုကြည့်ကာ. . ပခုံးကို ဆတ်ခနဲ တွန့်လိုက်သည်။ မတတ်နိုင်ပါ သူတောင် ကိုယ်နှင့်မလိုက်ဖက်သော သမီးသာသာ မိန်းကလေးကိုလက်ထပ်သေးတာပဲ. . ကိုယ်ကရော မမကို လက်ထပ်တာ ဘာဆန်းလည်း. . မမက သူပြောသလို အိုစာနေသော မိန်းမတစ်ယောက်လည်းမဟုတ်. . အရွယ်နှင့်မလိုက်အောင်ကို နုပျိုနေသူဖြစ်သည်။

မမနှင့်လက်ထပ်ဖို့ကိစ္စ မိုးပေါ်က သကြားမင်းဖျက်လည်းအပျက်မခံနိုင်. . တမလွန်က မိဘတွေ လာဖျက်လည်း အပျက်မခံနိုင်အဲဒီလောက်ထိ. . မမကို. . ချစ်မိသွားတာ. .



www.burmeseclassic.com

www.burmeseclassic.com



# အခန်း (၁၈)

မာယာက. . ဦးလေးကို မြမြစိမ့်နှင့်မယူရန် ကန့်ကွက်. . ဦးလေးကလည်း. . တူဖြစ်သူကို အပျိုကြီးမမနှင့် မယူရန် ကန့်ကွက်. . သို့သော် အချည်းအနှီးပင်. .

တူဝရီးနှစ်ယောက်စလုံးမှာ. . . ကိုယ့်အကြံတွေနှင့်ကိုယ်မို့ ရတုန်းယူထားလိုက်ဆိုသလို ဦးလေးကလည်း လူပျိုသိုးကြီး ဖြစ်နေ မြမြစိမ့်၏ အချစ်ကို အချိုအချောင်လေး ရလိုက်သလို. . လုံးဝ မလွတ်ချင်. . . ဒီတစ်ခါက် လွတ်လိုက်. . အဲ. . ငြင်းလိုက်လျှင်. . ဘိုးဘွားရိပ်သာကို ဖျာလိပ်ပိုက်ပြီး လူပျိုကြီးဘဝနှင့် ဒိုးတူပဲ ရှိတော့



www.burmeseclassic.com

www.burmeseclassic.com



တူဖြစ်သူကလည်း သူ့အနာဂတ်ကို ဆေးရောင်လှလှ ခြယ်ချင်သည်ဆိုသလို. . ဆွဲခြင်းတစ်လုံးပိုက်ပြီး တစ်ရာ့ကိုး တစ်ရာ့တစ်ဆယ်ဘဝနှင့် ဦးလေးလုပ်စာကို. . ထမင်းချက် အဝတ်လျှော်ရင်း ထိုင်စားနေရတော့. . ခုလို ချမ်းသာပြီးလှသော အပျိုကြီးကိုတွေ့တော့ တစ်ချက်ခုတ် နှစ်ချက်ပြတ် ဆိုသလို အပိုင်ချည်လိုက်ခြင်းဖြစ်၏။

တူဝရီးနှစ်ယောက်တွင် မတူညီသော အကြံအစည်၊ မတူညီသော ချစ်ခြင်း၊ မတူညီသော အားနည်းချက်တွေ ပေါင်းစုကာ မည်သို့သောအကြောင်းအရာမျိုးကမှ သူတို့အား လာမတားနိုင်. . ။

ထို့ကြောင့်ပင်လျှင်. . တူရော ဦးလေးပါ. . တစ်နေ့တည်းမှာပင် လက်ထပ်လိုက်ကြ၏။

ကံကြမ္မာ မည်သို့ဖန်လာမည်လည်းဆိုသည်ကို စိုးစဉ်မျှမတွေးငဲ့စာသာမြင်ပြီး ငါးမျှားချိတ်မမြင်ရှာသော မျက်ကန်းဦးလေးနှင့်မျက်ကန်းတူကို. . ကံကြမ္မာက ချောင်ကောင်းကောင်းမှာ ထိုင်ပြီး ဘယ်လောက်တောင် အူလှိုက်သည်းလှိုက် လှောင်ပြောင်ရယ်မောနေလိမ့်မလဲ။

ဦးနုမောင်မှာ မြမြစိမ့်နှင့် လက်ထပ်ခြင်းကို အိပ်မက်များလားဟု အကြိမ်ကြိမ်တွေးကာ. . . ကိုယ့်ပေါင်ကိုယ် လိမ်ဆွဲကြည့်လွန်း၍ ပေါင်တစ်ခုလုံးလည်း အညိုအမည်းပင် ဆွဲနေပြီ။ ဒါဟာ အိပ်မက်မဟုတ်။

အောင်ဗလကျော်ကတော့ ဦးလေးကို ပုန်ကန်သည့် အနေဖြင့်မမနောက်သို့ ဆထုံးနောက်ယောင်ပါဆိုသလို ကောက်ကောက်ပါအောင် လိုက်သွားလေ၏။

ရွှေဘဖြစ်မည်ဆိုတာကို. . သူတို့ နည်းနည်းလေးမျှ မရိပ်မိ



www.burmeseclassic.com

www.burmeseclassic.com



ကြ. . .

သို့သော်. . သူတို့၏ ကိုယ်ပိုင်ကံကြမ္မာကိုသာ သူတို့ ကြိုမသိနိုင်တာ. . တစ်ယောက်၏ကံကြမ္မာကိုတော့ တစ်ယောက် ကြိုသိနေကြ၍. . ဦးလေးက တူအတွက် စိတ်မကောင်း. . တူက ဦးလေးအတွက် ရတက်ပွေနှင့်. . သူများမျက်ချေးမြင်ပြီး ကိုယ့်မျက်ချေးကိုယ် မမြင်ကြသည့်အဖြစ်. . .

တစ်ယောက်၏ အခြေအနေကို တစ်ယောက်က တိတ်တဆိတ် စောင့်ကြည့်နေကြသည့် အဖြစ်က. . ရင်မောဖွယ် ကောင်းလှသည်။



www.burmeseclassic.com

www.burmeseclassic.com



# အခန်း (၁၉)

**ခေါင်း**စုံတစ်ဦးက လာရောက်ပုတ်နှိုးခြင်းခံလိုက်ရသလို. . အိပ်ပျော်နေသော ဦးနုမောင် မျက်လုံးတွေ ဖျတ်ခနဲ ပွင့်လာသည်။

ခုတင်ဘေး အိမ်နံရံတွင် ချိတ်ထားသော နာရီကို ဖျတ်ခနဲ လှမ်းကြည့်လိုက်သည်. . ည၉ နှစ်နာရီနှင့် ဆယ့်ငါးမိနစ်။ မျက်လုံးများကို ပြန်မှေးစင်းပြီး ပက်လက်အိပ်သော အနေအထားမှ ပြောင်းကာ ဘားစောင်း ပြန်အိပ်လိုက်ပြီး. '. လက်တစ်ဖက်က မြမြစိမ့်ဆီသို့ လှမ်းဆွတ်လိုက်သည်။

အထိအတွေ့က အသားဆိုင်တွေကို မထိဘဲ ဖက်လုံးကြီးကို

www.burmeseclassic.com

www.burmeseclassic.com



သာ ဖိမိသဖြင့်. . ဦးနုမောင် မျက်လုံးတွေ ပြန်ဖွင့်လာသည်။

"ဟင်. . မီးလေး. . ဘယ်သွားတာလဲ. . အိပ်ရာထဲမှာ မရှိပါလား. . "

စိုးရိမ်စိတ်နှင့်အတူ ငေါက်ခနဲ ထထိုင်လိုက်သည်။

"မီး. . မီးလေး. . "

အိပ်ရာထက်မှ လူးလဲထပြီး အသစ်စက်စက် မိန်းကလေးကို အသံခပ်အုပ်အုပ်ဖြင့် ခေါ်လိုက်သည်။ ည၏ တိတ်ဆိတ်ခြင်းထဲတွင်. . ကိုယ့်အသံကိုယ် ပြန်ကြားရုံမှလွဲ၍ အခန်းအပြင်သို့ ခြေသံဖွဖွနင်းကာ ထွက်ခဲ့လိုက်သည်။

အိမ်ကြီး တစ်အိမ်လုံး ည၏ တိတ်ဆိတ်မှုအောက်တွင် ငြိမ်ဝပ်ပိပြားလျှက်. .

ဦးနုမောင် တစ်အိမ်လုံး လိုက်ရှာသည်မတွေ့. . . ရင်ထဲမှာ ဒိတ်ခနဲ ခုန်သွားသည်။ အိမ်ကများထွက်ပြေးသွားပြီးလား ဒါမှမဟုတ် ညအချိန်မတော်. . ဘယ်သူနဲ့များ ချိန်းတွေ့နေပြီလဲပေါ့. . .

မတွေးကောင်း တွေးကောင်းတွေ တွေးပြီး. . အိမ်ရှေ့တံခါးမကြီးဆီသို့ ထွက်ခဲ့လိုက်သည်။

"ဟင်. . တံခါးက ဟနေပါလား. . . "

ရင်ထဲမှာ စိုးရိမ်စိတ်တွေ ပို၍ပင် လွန်ကဲသွားလေ၏။ ထို့ကြောင့် ဟနေသော တံခါးကို ဆွဲဖွင့်ပြီး ခြံထဲသို့ သွေးရူးသွေးတန်း ပြေးဆင်းလိုက်သည်. .

"ဟင်. . "

မြင်ရသော မြင်ကွင်းက. . အံ့သြထိတ်လန့်စရာ. .

"အဟင်. . ခစ်. . ခစ်. . ခစ်. . ပျော်တယ်. . အရမ်း ပျော်



www.burmeseclassic.com

www.burmeseclassic.com



တယ်. . ရှင်ရော အရမ်းပျော်တယ် မဟုတ်လားဟင်. . ကျွန်မကလေ ရှင်များ ကျွန်မဆီကို ဘယ်တော့လာမှာလဲလို့ မျှော်လိုက်ရတာ. . အဟီး. . ဟီး. . ဟီး. . ခုတော့ ရှင်က ကျွန်မဆီကို. . ဟက်စ်ကီးကြီး စီးပြီး လာပြီပေါ့. . ဟုတ်လား. . ဟားဟားဟား. . ”

ဦးနုမောင် ခုံတန်းတွင် ညကြီးအချိန်မတော် တစ်ယောက်ထဲ ထိုင်စကားပြောနေသော မြမြစိမ့်၏ မူမမှန်သော ပုံစံကို ကြည့်ပြီး. . ကြက်သေသေကာ နေရာမှာတင် တွေတွေကြီး ရပ်၍နေ၏။

“ရှင် ဆိုးလ်ကိုပြန်ရင်တော့ ဒီတစ်ခါ ကျွန်မ လိုက်မှာနော်. . လုံးဝမထားခဲ့နဲ့ ထားခဲ့လို့ကတော့ လုံးဝ ခွင့်မလွှတ်ဘူး၊ ရှင့်ကို. . မရိန်းတပ်ထဲကို ပို့ပစ်မှာသိလား. . အဟစ်. . ဟစ်. . ဟစ်. . ”

“ဘုရား. . ဘုရား. . မီး. . မီးလေးက လင်တရူးလား. . ငါ့တူ ပြောသလို မျိုးရိုးအလိုက် ရူးတယ်ဆိုတာ တကယ်ပဲလား. . ”

တစ်ယောက်တည်း ခပ်တိုးတိုးဆိုရင်း. . ဦးနုမောင် သွေးပျက် ချောက်ချားလာသည်။

ငယ်ရွယ်ပြီး ရုပ်ရည်ချောမောတာကို ကြည့်ပြီး. . လက်ထပ် မိတာ. . ခုတော့ အရူးမလင် ဖြစ်ရတော့မည်။

“အမလေး. . ဟားဟားဟား ကိုကိုရယ်. . အိမ်က တရုတ် နေအောင် အဘိုးကြီးကိုများ ခေါက်ထားလိုက်စမ်းပါ. . . ခုဆို အဘိုး ကြီးက နွားသိုးကြီးလို ဟောက်တောင်ဟောက်နေပြီ. . အဟီး. . အိပ် ရင်းနဲ့တောင် သွားရည်ခံ ခံပေးရမလို ဖြစ်နေပြီသိလား. . သူများက လေ သူနဲ့အိပ်ရတာ နားငြီးလို့. . ကိုကို့ဆီ ထွက်လာတာ. . အဟင်း. . ခစ်. . ခစ်. . ခစ်. . ”

ဗုဒ္ဓေါ. . ကိုယ့်ကို တရုတ်နေအောင် လုပ်ခိုင်းလို့ နွားသိုးကြီး



www.burmeseclassic.com

www.burmeseclassic.com



လုပ်ခိုင်းလိုက်နှင့် . . ဒီကြားထဲ သွားရည်ခံတောင် တပ်ပေးဦးမတဲ့ . . ကိုယ့်ကြောင့်ပဲ သူ့အိပ်ရတာ နားငြီးတယ် ဟုဆိုသေး။ ကိုင်းနာမလေး ငါ့ကိုပြောတာ ရစရာကိုမရှိဘူး . . . ။

ဦးနုမောင် ခပ်လှမ်းလှမ်းမှ ချောင်းနေပြီး မကျေမနပ်ဖြစ်နေ၏။ ထိုသို့ မကျေမနပ်ဖြစ်နေစဉ်မှာပဲ . . မြမြစိမ့် ခုံတန်းမှာ ထိုင်နေရင်း တခွီးခွီးဖြင့်ရယ်ကာ . . ဖြူနီးခနဲ မတ်တပ်ထရပ်လိုက်ပြီး . . လက်ဟန် ခြေဟန်ဖြင့် တစ်စုံတစ်ဦးကို ရန်တွေ့သလို . . ဒေါနှင့်မောနှင့် ပြောပြန်၏။ ဘာတွေပြောသည်ဆိုတာကို ဘာသာမပြန်တတ်အောင်ပင် . . အသံတွေက ဗလုံးဗထွေးဖြစ်၍နေ၏။

ဦးနုမောင်မှာ မြမြစိမ့်ဆီကိုပဲ ပြေးသွားရတော့ မလိုလို ဒါမှမဟုတ် . . အိမ်ထဲဝင်ပြေးပြီး အိမ်တံခါးပဲ ချက်ချထားရမလိုနှင့် စိတ်တွေက သရဲဝင်ပူးသလို ချောက်ချားကာ အသားတွေ တဆတ် ဆတ်တုန်နေ၏။

နုံချက်ပြင်းလွန်းသော ကိုယ့်အဖြစ်ကား . . အလကားရတဲ့ ရေမို့ သွားဖြုံသောက်ဆိုသလို . . လွယ်လွယ်နဲ့ ရခဲ့တဲ့ မိန်းမလှလေး တစ်ယောက်ရဲ့ အချစ်ကို . . ငါ ကံကောင်းလှပြီ ဆိုပြီး မာန်တက်ကာ ရှေ့ကြောင်းနောက်ကြောင်း မစဉ်းစားခဲ့မိ၍ . . ခုတော့ ရှေ့တိုးရခက် နောက်ဆုတ်ရတာအခက်နှင့် အမှောင်ထဲမှာ ဝက်ရူးပြန်ရောဂါစွဲကပ် နေသလို ဖြစ်နေလေပြီ။

နောက်ဆုံး မြမြစိမ့်ဆီကို ပြေးသွားမည့်အကြံကို ပြန်ခေါက် သိမ်းကာ . . ဆောက်တည်ရာမရလွန်းစွာဖြင့် အိမ်ပေါ်သို့ ပြန်တက် လာခဲ့လိုက်လေတော့သည်။ ခြေတွေလက်တွေက ဘိန်းသမား တစ် ယောက်လို တုန်ယင်နေ၏။



www.burmeseclassic.com

www.burmeseclassic.com



ထို့နောက် ခုတင်ပေါ်တွင် အရုပ်ကြိုးပြတ်လှဲအိပ်လိုက်သည်။ အာရုံထဲမှာ အတွေးတွေက ရှုပ်ယှက်ခတ်နေပြီ. . မျက်လုံးများက မှိတ်၍မရလောက်အောင်ပင် ကြောင်စိစိ ဖြစ်နေရ၏။

အနာဂတ်ကို. . ဘယ်လိုပုံစံနှင့် ဖြတ်သန်းရတော့မလဲ. .

ထိုစဉ်. . အိမ်ပေါ်သို့ တက်လာသော ခြေသံတဒုန်းဒုန်းကို ကြားရလေသည်။ ဦးနုမောင် ဖျဉ်းခနဲ ကြောက်စိတ်ဝင်လာကာ. . နီးရာစောင်စကို ဆွဲခြုံပြီး စောင်ခေါင်းမြီးခြုံလိုက်သည်။

မြမြစိမ့် အခန်းထဲဝင်လာပြီး ဦးနုမောင် ဘေးတွင် ညင်သာစွာ လှဲအိပ်လိုက်ပြီး. . အိပ်မောကျသူတစ်ယောက်လို အသက်ခပ်ပြင်းပြင်း ရှူလျက် ပြန်အိပ်မောကျသွားပြန်သည်။

ဦးနုမောင်မှာသာ စောင်အောက်ထဲတွင် အသာဝပ်ကာ. . ဘုရားကို ဘယ်နှစ်ကြိမ်တမိမှန်း မသိတော့. . . ။

ကံမကောင်းလျှင်. . လည်ပင်းအညှစ်ခံရနိုင်သည်။

လောကမှာ. . ဦးနုမောင် အကြောက်ဆုံးက တစ္ဆေသရဲထက် အသိစိတ်ပျောက်နေသော အရူးတွေကိုပဲ ဖြစ်သည်။

ခုတော့ စားရမှာလည်း သဲတရှပ်ရှပ်. . ပစ်ရမှာလဲ အဆီတဝင်းဝင်း. . . ။

ရင်ဘတ်ကို ခပ်နာနာထုပြီးတော့သာ အော်ကြီးဟစ်ကျယ် ငိုလိုက်ချင်ပါ၏။




www.burmeseclassic.com

www.burmeseclassic.com



မုသာဝါဒ အချစ်တွေနဲ့
ဘဝင်အသည်းထိ
ရင်ထဲမချိအောင်
ချစ်ပြီးကာမှ
အပူတွေနေဆယ်ခင်းတိုးသလို
အသည်းတွေ ဟတ်တက်ကွဲရပေါ့
မောင့်အချစ်မြား ရူး...ဟူး...ဟူး



www.burmeseclassic.com

www.burmeseclassic.com



# အခန်း (၂၀)

"မမ . . . ကျွန်တော်ကို ညှင်းပန်းနှိပ်စက်နေတာလားဗျာ" လူငယ်လေးတစ်ယောက်လို ဂျစ်တိုက်ပြောဆိုလိုက်သော အောင်ဗလကျော် စကားကြောင့် မမပြုံးသည်။

ထိုအပြုံး၏ အဓိပ္ပါယ်ကို အောင်ဗလကျော် မသိ . . . ခုချိန်မှာ အောင်ဗလကျော်သိတာက မမနှင့်အတူ . ပျော်ရွှင်ချင်သည် ကြည်နူးချင်သည် . . . ဒီနေ့နှင့်ဆို မင်္ဂလာရက် သုံးရက်မြောက်နေ့ဖြစ်၏။

အမှန်ဆို . . မင်္ဂလာဆောင်ပြီးစ ယောကျ်ားတစ်ယောက် အတွက် ကြည်နူးရင်ခုန်စရာကောင်းသည့် မင်္ဂလာဦးညဆိုတာ ရှိရမည်



www.burmeseclassic.com

www.burmeseclassic.com



ပင်. . ခုတော့ ထိုသို့မဟုတ် မင်္ဂလာဆောင်သည့်ညမှာပင် မမမှာ အရေးကြီးအလုပ်ကိစ္စအတွက် ခရီးထွက်သွားရ၏ အောင်ဗလကျော်ပါ လိုက်မည်ဆိုပြီး တောင်းတောင်းပန်ပန် ပြောသော်လည်း မမ လက်မခံ. . ။

ပြောမရသည့်အဆုံး အောင်ဗလကျော်မှာ မမ၏ မင်္ဂလာအိပ်ခန်းထဲမှာ မင်္ဂလာဦးညကို တစ်ယောက်တည်း ဖြတ်ကျော်ရ၏။

ခုလည်း ခရီးကပြန်လာပြီးပြန်တော့လည်း မမ အောင်ဗလကျော်နားကိုမကပ် အလုပ်တွေ အရမ်းရှုပ်ချင်ဟန်ဆောင်ပြနေ၏။

ချစ်ပွဲမဝင်ရသေးသော ယောကျ်ားတစ်ယောက်၏ မချိတင်ကဲ ပုံစံမျိုးဖြင့် ဆိုပြန်တော့. . ဝေ့လည်လည်လုပ်ကာ. .

"မောင်ရယ်. . မမက. . မောင့်ကို ဘာတွေများ ညှင်းပန်း နှိပ်စက်နေလို့လည်း. . တစ်ယောက်နဲ့တစ်ယောက်ချစ်လို့ လက်ထပ်ပြီး ကာမှပဲ. ."

"ဒါဆို. . မမ. . ဘာဖြစ်လို့ ရှောင်ဖယ်ရှောင်ဖယ် လုပ်နေတာ လဲလို့. . ဒီကကောင်က ဟတ်ကော့ကြီးဖြစ်နေပြီဗျ. ."

မမ. . ရီဝေရွှန်းလက်သော အကြည့်ဖြင့် စူးစူးနစ်နစ် ကြည့်၏။ ပြီးနောက်. . သက်ပြင်းခပ်ဖျော့ဖျော့ကိုချကာ. .

"မမ. . မောင့်ကို သနားတယ်ကွယ်. ."

ရုတ်တရက် ဝဲတက်လာသော မျက်ရည်စတွေနှင့် နှုတ်ခမ်းနီ တွေ တဆတ်ဆတ်တုန်ကာ ပြောလာသော တုန်အက်အက် စကား ကြောင့် အောင်ဗလကျော် မမအား နားမလည်ဟန် ပြန်ကြည့်လိုက်၏။

"အမ်. . ကျွန်တော်က ဘာတွေ သနားစရာကောင်းနေလို့လဲ ဘာလဲ. . မမ မျက်စိရှေ့မှာ ကျွန်တော်က ယုန်သူငယ်လေး တစ်

www.burmeseclassic.com



ကောင်ဖြစ်နေလို့လား. . ဒါမှမဟုတ် မေထုံ မှိုဝဲလွန်းချင်နေတဲ့ ခွေးလေး တစ်ကောင် ဖြစ်နေလို့လား. "

ဝေ့လည်ကြောင်ပတ် လုပ်နေသဖြင့် အောင်ဗလ တင်းတာ ပါးစပ်ထဲတွေ့ကရာကို ပြောလိုက်လေ၏။

ထိုသို့ ဘုတောပြီး ပြောတော့. . မမ. . မချိပြုံးလေး ပြုံးပြန်သည်။

"မမမှာ လျှို့ဝှက်ချက် တစ်ခုရှိတယ်မောင်. . အမှန်ဆိုလေ မမ ဒီလျှို့ဝှက်ချက်ကို အရင်ပြောပြခဲ့သင့်တာ. . . ခုတော့ မောင့်အပေါ်မှာလေ မမ တစ်ကိုယ်ကောင်း ဆန်သလို ဖြစ်သွားမိတယ်ကွယ်"

"ဘယ်လို. . လျှို့ဝှက်ချက်ဟုတ်လား. . ဘာလျှို့ဝှက်ချက်လဲ. . အဲ့ဒီလျှို့ဝှက်ချက်က မောင်တို့ဘဝတွေနဲ့ ဆိုင်လို့လား. . "

မမ. . ခပ်ဖြည်းဖြည်း ခေါင်းညိတ်၏။ အောင်ဗလ ရင်ထဲ ထိတ်သွား၏။

"ဒါဆို. . ဘာလဲ. . ကျွန်တော့ကို ပြောလေဗျာ. . "

"ပြောမှာပေါ့ မောင်ရယ်. . မမပြောလိုက်ရင် မောင် မမကို ထားပြီးထွက်သွားမလားတောင်မသိဘူး. . အဲ့ဒီ စိုးရိမ်စိတ်ကြောင့်ပဲ. . လက်မထပ်ခင်အချိန်က မောင့်ကို မမရဲ့ လျှို့ဝှက်ချက်ကို မပြောခဲ့တာပေါ့. . "

အောင်ဗလ ကြားချင်လှပြီ. . ဒါပေမယ့် မမက ခုချိန်ထိ ဝေ့နေတုန်း. .

"ဘာလဲ. မမက အရင်က အိမ်ထောင်ကျခဲ့ဖူးတယ်. . ဆိုတဲ့ အကြောင်းလား. . ကျွတ်. . အဲဒါဆိုရင်လည်း မောင်ခွင့်လွှတ်ပြီးသားပဲ မမ. . ကျွန်တော် မမကိုချစ်တဲ့အချစ်က. . မမအပျိုစင်ဘာ မစစ်တာ



www.burmeseclassic.com

www.burmeseclassic.com



နဲ့ မဆိုင်ဘူး. . မမဟာ တစ်ခုလပ်မကလို့ နှစ်ခုလပ် သုံးခုလပ် ဖြစ်နေလည်းပဲ မောင်လုံးဝမမှုဘူး. . အဲ့ဒီအတွက် မောင့်ဘက်က ဘာမှ ရှောမရှိဘူး. . အဓိက,က မမကို မောင့်ဘဝရဲ့ ကျန်တဲ့ အစိတ်အပိုင်းတစ်ခုမှာ ထာဝရပိုင်ဆိုင်ဖို့ပဲ. . ဟုတ်တယ် မဟုတ်လား. . မမ"

"မဟုတ်သေးဘူးမောင်. . ."

"ဘယ်လို. . ဒါဆို. . မမက မောင်ထင်သလိုလဲ မဟုတ်ဘူးပေါ့"

"ဟင့်အင်း. . မဟုတ်ဘူးမောင်. . မောင်ထင်ထားတာ ထက်မှမဘဝကဆိုးတယ်. . ."

"ကျွန်တော့်ကို ရှင်းအောင်ပြောပါမမ. . ကျွန်တော်အရမ်းစိတ်ပူလာပြီ. . ."

အောင်ဗလ စိတ်တွေလှုပ်ရှားနေပေမယ့် မမကတော့ သွေးအေးသူတစ်ယောက်လို တည်ငြိမ်လွန်းနေသည်။

"တကယ်တော့ မမဟာ. . သားအိမ်ထုတ်ခံထားရတဲ့ မိန်းမတစ်ယောက်ပါ. . မောင်. . ."

"ဗျာ. . ."

အောင်ဗလထိတ်လန့် တုန်လှုပ်စွာဖြင့် မြန်းခနဲမတ်တပ် ထရပ်လိုက်သည်။ ဗျာဆိုသောအသံမှာ မည်မျှကျယ်လောင်သွားသည်မသိ မမကိုယ်လေး ဆတ်ခနဲတွန့်ကာ အောင်ဗလအား တောင်းပန်တိုးလျှိုးသောအကြည့်ဖြင့် မော့ကြည့်၏။ မမ၏ စကားလုံးတွေက ,ရေထဲတိုက်ကျောက်ခဲလုံးလေးတွေ တစ်လုံးချင်းပစ်ချလိုက်သလို ဆုံးဆုံးမြုတ်သွားပြီ။ နွေခေါင်ခေါင်မှာ မိုးကြိုးပစ်ခံလိုက်ရသလို တစ်ကိုယ်လုံးပြာနှမ်းတုန်ခိုက်သွားသည်။



www.burmeseclassic.com

www.burmeseclassic.com



"မမမှာ သားအိမ်မရှိဘူး. . . ဟုတ်လား. ."

"ဟုတ်တယ်မောင်. . ဒါဟာ. . မမဘဝရဲ့အထူး လျှို့ဝှက်ချက်ပဲ. . တွေ့စကတည်းကမောင့်ကို ချစ်လွန်းအားကြီးလို့ တစ်ကိုယ်ကောင်းဆန်ဆန် လျှို့ဝှက်ထားလိုက်မိတာပါ. ."

အောင်ဗလ၏ နားထဲသို့မမ၏ လျှောက်လဲချက်တွေက ဝင်တစ်လှည့်မဝင်တစ်လှည့်. . .

"ဒါဆို မမက ကျွန်တော့်အတွက် ကလေးမွေးမပေးနိုင်တော့ဘူးပေါ့. . အိမ်ထောင်ရေးသုခ အပြည့်အဝမပေးနိုင်တော့ဘူးပေါ့. . ဟုတ်လား. . . မမ. . ." .

"ဟုတ်. . ဟုတ်ပါတယ်မောင်. . . မမဒီလိုဖြစ်ခဲ့ရတာဟာ အသက်နှစ်ဆယ်အရွယ်က မမကို ဆိုင်ကယ်တစ်စီးဝင်တိုက်တာခံခဲ့ရတယ် အဲဒီဝင်တိုက်တဲ့ အရှိန်ကြောင့်မမလေ. . မမရဲ့သားအိမ် လုံးဝပျက်စီးကြေမွသွားပြီး ထုတ်ပစ်လိုက်ရတဲ့အဆင့်ထိ ဖြစ်ခဲ့ရတယ်"

"တော်. . တော်ပါတော့. . မမ. . မောင်. . မောင်"

အောင်ဗလ အထစ်ထစ်အငေါ့ငေါ့ပြောရင်း နောက်ကို တစ်သုန်မှုန်းချင်းတရွေ့ရွေ့ဆုတ်သွားမိ၏။ ပူအိုက်သောနေရာမဟုတ်ဘဲနှင့် တစ်ကိုယ်လုံး ချွေးတွေလျှံထွက်နေ၏. . .။

"ကျေးဇူးပြုပြီး မမကို မထားခဲ့ပါနဲ့မောင်. . . မမဘဝမှာ မောင်မရှိလို့မဖြစ်ဘူး မမလေ မောင့်ကိုအရမ်းချစ်ခဲ့တာပါ"

မမ၏စကားတွေကို အောင်ဗလဆက်ပြီး နားထောင် နိုင်စွမ်းမရှိတော့. .။

ဦးလေးတားခဲ့တုန်းက ဒီလိုကိစ္စမျိုးဖြစ်လာခဲ့လိမ့်မယ်လို့ လုံးဝတွေးမထားခဲ့မိ. . . ခုတော့ လူကြီးစကားကိုနားမထောင်၍ လူတစ်



www.burmeseclassic.com

www.burmeseclassic.com



ကိုယ်လုံး အကောင်းအတိုင်းရှိနေပါရက်နှင့် မျိုးဆက်တုံးရတော့မည့် အဖြစ်. . . ခုတော့ ကိုယ့်လောဘကကိုယ့်ကို ပြန်၍ ရယ်မောကုန်ကြပြီ။

အောင်ဗလဘာလုပ်ရမည်လဲ. . ခုလောလောဆယ် အာရုံတွေ ရှော့ဖြစ်ကုန်ကာ ခြေလှမ်းတွေကို အိမ်၏အပြင်သို့ ဒုန်းဆိုင်းခိုင်းလိုက်သည်။ အောင်ဗလနာကျင်စိတ်ကြောင့် နောက်ကြောင်းကိုပင် ပြန်လှည့်မကြည့်တော့. . . .

"မောင်. . . ဒါက ဘယ်လဲ. . . နေပါဦး. . မောင်. . မောင်. . ."

မမနောက်မှလိုက်လာသောခေါ်သံကိုကြားရ၏။



www.burmeseclassic.com

www.burmeseclassic.com



# အခန်း (၂၁)

"ဦး . . လာလေကွာ . ."

ချွဲပျစ်ပျစ်ခေါ်လိုက်သော မြမြစိမ့်ခေါ်သံကြောင့် ဦးနုမောင် အနှယ်ဖတ်နေရင်းမှ . ဆတ်ခနဲတုန်သွားသည်။ ညက အဖြစ်အပျက်များကို မြင်ကတည်းက ဦးနုမောင်စိတ်ထဲမှာ မြမြစိမ့် သူ့အနားကပ်လာမှာကို မသာယာ မကြည်နူးဘဲနှင့် သွေးပျက်ကြောက်ရွံ့ နေမိသည်။

"ဦး . . မီးခေါ်နေတာမကြားဘူးလား . ."

"ဟယ် . . ကြား . . ကြားပါတယ် ဒီ . . ဒီမှာဂျာနယ် ဖတ်နေလို့



www.burmeseclassic.com

www.burmeseclassic.com



ပါ. ."

"မဖတ်နဲ့ လာခဲ့. . ."

"ဘာ. . ဘာလာလုပ်ရမှာလဲ. . ."

"ဦးအမွေးတွေ နုတ်ပေးမလို့ပြီးရင် မီးကိုလည်း ပြန်နုတ်. ."

"ဟမ်. ."

မူမမှန်တော့ဘူးဟု ယူဆရသော မြမြစိမ့်စကားကြောင့် ဦးနု မောင် ခေါင်းမွေးများ ထောင်ထသွား၏။

"ဘာအမွေးကို နှုတ်. . နှုတ်မှာလဲ. ."

"ရှိသမျှအမွေး. . ."

"ဘယ်လို. . ရှိ. . ရှိသမျှအမွေး. . ဟုတ်. . ဟုတ်လား"

ဦးနုမောင် ဂျာနယ်ကို စားပွဲပေါ်တင်ရင်းသူ ပါ. . ဆက်တီခုံ လေးပေါ် ခြေတင်ကာ. . ငုတ်တုတ်ကလေး ထိုင်လိုက်ပြီး မြမြစိမ့်အား ကြောင်စိစိလှမ်းကြည့်လိုက်သည်။

"ဟုတ်တယ်လေ. . အမွေးတွေကရှည်နေပြီ. . ဒီမှာကြည့် မီးရဲ့မျက်ခုံးမွေး. . ."

"ဟမ်. . အဲ. . အဲဒီမျက်ခုံးမွေးကို နှုတ်မလို့လား"

"အင်းလေ. . ကဲပါ. . လာခဲ့. . အမေးအမြန်းကထူတယ် ဒီမှာ မီးကမျက်ခုံးမွေးတွေ ချိုင်းမွေးတွေ. . . အဲ. . အဲဒါတွေ ရှည်ရင် မနေတတ်ဘူး. . . ဦးလည်း ဆံပင်မွေးတွေရှည်နေပြီ မီးလေး နှုတ်ပေး မှာပေါ့လို့. . ."

"ဗုဒ္ဓေါ. . ."

ဦးနုမောင်သူ့ခေါင်းသူကိုင်ကြည့်ကာ အယောင်ယောင် အမှား မှားဖြင့် ဗုဒ္ဓေါပင်တမိလေ၏။ ဦးနုမောင်ထိုင်ရာမှ မထတော့။ မြမြစိမ့်



www.burmeseclassic.com

www.burmeseclassic.com



ခြေတဆောင့်ဆောင့် ကပ်ကြေးတကိုင်ကိုင်နှင့် ဦးနုမောင်နားသို့ ပေ စောင်းပေစောင်း ရောက်လာသည်။

မြမြစိမ့် မျက်နှာမှာ မဲ့သွားလိုက်၊ ဆူသွားလိုက် ပြုံးသွားလိုက်၊ မှိုင်သွားလိုက်နှင့် တဒင်္ဂအတွင်းမှာပင် အရောင်အမျိုးမျိုး ပြောင်းနေ၏။

"မီး . . မ . . မလုပ်နဲ့နော်. . အဲ . . အဲဒီကတ်ကြေးကြီး ချထား လိုက်. . မီးကို ဦးမျက်ခုံးမွေးနုတ်ပေးမယ်. . ကတ်. . ကတ်ကြေး မလို ဘူး. . ရ. . ရတယ်. . "

"လိုတာပေါ့ အရမ်းရှည်ရင် ကတ်ကြေးနဲ့ထိုးညှပ်ပစ် အဟင်း . . ခစ်. . ခစ်. . ခစ်. . ခစ်.". "

ဦးနုမောင် သွေးပျက်စပြုလာပြီ။ ဒီတော့. . . ထိုင်ခုံပေါ်မှ ထွန်းဆိုပြီး ဆင်းကာ အိမ်ပေါက်ဝသို့ပြေးလေ၏။

မပြေးလို့မရ. . . သူ့လက်ထဲကကတ်ကြေးက မျက်စိပါတာ မဟုတ်ဘူး. . အရူးမလင်အလုပ်ကောင်းလို့ ကတ်ကြေးနဲ့ ထိုးခံရကာ အူပွင့်သွားပါတယ်ဆိုပြီး ဂျာနယ်ထဲမှာပါနေရင် မခက်ပါလား. . .

ကြောက်အား လန့်အားနှင့်ပြေးဆင်းလာသော ဦးနုမောင် လှေကားအတက်အဆင်းတွင် ဘယ်သူတားထားမှန်းမသိသော ကြိုး တန်းကိုခလုတ်တိုက်ကာ လေးငါးထစ်မျှသာရှိသော ခြေလှမ်းတွေ ဆက် လှမ်းစရာမလိုဘဲ မြေထဲသို့ တလိမ့်ခေါက်ကွေး ကျသွားသည်။

"ဟာ. . . ဟ. . အား. . ကျ. . ကျပြီ. . "

"ဒုန်း. . ဒုန်း. . ဒုန်း. . . "

"အောင်မလေးဗျ. . . "

"ဟာ. . ဦး. . ဦးလေး. . . "

မြက်ခင်းပြင်ပေါ်သို့ ဖားလက်တက်ကလေးလို မှောက်ခုံလေး



www.burmeseclassic.com

www.burmeseclassic.com



ကျသွားသော ဦးနုမောင်ခြံထဲသို့ ကမူးရှူးထိုး ဝင်လာသော အောင်ဗလ တွေ့သွားပြီး. . . အပြေးရောက်လာကာ လက်နှစ်ဖက်ကနေ ဆွဲမလိုက်သည်။ အမ,မတော်တော့ လက်ကိုလှန်ချိုးသလိုပင် ဖြစ်သွားကာ. . .

"အား. . နာတယ်. . ကျိုးပြီ. . ကျိုးပြီ ဟော့ကောင်ရေ. ."

"အယ်. . ဆောရီး. . ဆောရီး. . ဦးလေး. ."

အောင်ဗလ အနေအထားပြန်ပြောင်းကာ ဦးလေးကို ဆွဲထူလိုက်သည်။ ဦးနုမောင်ဒယီးဒယိုင်ဖြင့် ပြန်မတ်လာပြီး အိမ်ပေါ်တို့ သွေးပျက်သော အကြည့်ဖြင့် လှမ်းကြည့်ကာ. . .

"အရှူး. . အရှူးမ၊ ကြားလား. . ရယ်သံကြားလား. . . အောင်ဗလ. . လာ. . လာ. . ငါတို့ဒီနေရာနဲ့ ဝေးတဲ့နေရာကို ပြေးရအောင်"

BURMESE CLASSIC

"ဦးလေး. . မြမြစိမ့်ရူးတာ ဦးလေးသိသွားပြီလား"

"သိပြီ. . သိလို့ ငါ့ဘဝခုလို ရေတိမ်မှာနစ်နေရတာပေါ့ကွ. . အဖြစ်ဆိုးလိုက်တဲ့ငါ့ဘဝ. . မိန်းမ မယူပဲ ဖျာလိပ်ပိုက်ပြီး ရိပ်သာဝင်ရင်တောင် ကုသိုလ်ရဦးမယ်. . . ခုတော့ တဏှာရေယဉ်ကြောမှာ မျောမိလို့ အရှူးမလင်ဖြစ်ရပြီကွ. . . အဲဒါမင်းစကားကို နားမထောင်မိလို့ဖြစ်ရတာ. . ."

ဦးနုမောင် ငိုသံပါကြီးဖြင့် အောင်ဗလကျော်အား သူ့အပြစ်သူဝန်ခံ၏။ အောင်ဗလကျော်လည်း ဦးလေးလုပ်သူ ငိုတော့ သူပါ. . သူ့အဖြစ်ကိုတွေးပြီး ဝမ်းနည်းဆို့နင့်လာကာ ကြေကြေကွဲကွဲဖြင့် တစ်ချက်ရှိုက်လိုက်သည်။

"အင့်. . ကျွန်. . ကျွန်တော်လည်း ဘာထူးလို့လည်း ဦးလေးရာ ဦးလေးစကားကို နားမထောင်မိလို့ ခုတော့. . ခုတော့ မမဆီမှာ အဓိက,က အဓိကပါ. . မပါလာဘူး ဦးလေးရဲ့. ."



www.burmeseclassic.com

www.burmeseclassic.com



အောင်ဗလကျော် ဦးလေး ပခုံးကိုမှီကာ ချုံးပွဲချငိုလိုက်လေတော့သည်။

"တိတ်. . တိတ်ပါငါ့တူရယ်. . မိန်းမယူတဲ့ကိစ္စကို မင်းရောငါရော အသုဘအိမ်က ကွာစေ့ ခွါစားရတာလောက်မခက်ပါဘူးဆိုပြီး နှဖူးရည်ဒူးရည်မကြည့်ပဲ ဇွတ်အတင်းယူမိကြလို့ တို့တူဝရီးနှစ်ယောက် ပတ်ဝန်းကျင်ရဲ့တံတွေးခွက်မှာ ပက်လက်တွေ မှောက်ခုံတွေ ဘေးစောင်းတွေ မျောရတော့မယ်. ."

တူဝရီးနှစ်ယောက် ဖက်ဖက်ပြီး အားပါးတရ ငိုချင်းချလိုက်ကြ၏။ လောကမှာ အကြီးမားဆုံးအပူသောကဟာ ဘာလဲလို့ သူတို့မသိ. . . ယခုအချိန်မှာ သူတို့သိတာက အရှုံမကို လင်တော်မိတဲ့ အပူသောက၊ တူဖြစ်သူက. . သားအိမ်မရှိတဲ့မိန်းမကို ယူမိတဲ့ အပူသောက၊ ထိုအပူသောကနှစ်ခုပေါင်းစုပြီး. . ဟီးလေးချ ငိုမိသော တူဝရီးနှစ်ယောက်၏ဒုက္ခ. . မည်သူမှ ကယ်နိုင်ဖွယ်မရှိ. . .

ကြောက်အားလန့်အားနှင့် တူဝရီးနှစ်ယောက်မလွတ်တမ်းပင် ခပ်တင်းတင်းဖက်ထားလိုက်ကြသည်။

ထိုအချိန်တွင် ခြံရှေ့သို့ မမ၏ကား ငြိမ့်ခနဲ ထိုးရပ်လာသည်။ အိမ်ပေါ်ထပ်မှ မြမြစိမ့်ကလည်း ဦးနုမောင်တို့ဆီသို့ ဆင်းလာ၏။

"ဦး. . ဦး. . ဒါကဘာယ်လဲ. . ."

"မောင်. . မောင်. . မမကို မထားခဲ့ပါနဲ့ကွယ်. . ."

မမကားပေါ်ကဆင်းကာ အောင်ဗလကျော်ဆီသို့ အပြေးတပိုင်းလျှောက်လာသည်။

တူဝရီးနှစ်ယောက် ထွက်ပေါက်မရှိအောင် ချောင်ပိတ်မိနေချေပြီ။

www.burmeseclassic.com



"ဦးလေး. . လာ. . လာကြပြီ. . လုပ်. . လုပ်ပါဦး"

"အေး. . ငါ. . ငါလည်း မကယ်နိုင်တော့ဘူး. . ဒီ. . ဒီတော့ ပောဟိုခြံဘေးက ခွေးတိုးပေါက်ကနေ ပြေးကြရအောင်ကွာ. . ."

ဦးနုမောင် ပြောလည်းပြော လိမ်တွန့်လိမ်တွန့်နှင့် ပြေးလည်း ပြေး. . . အောင်ဗလလည်း ဦးနုမောင် လေးဖက်ထောက်တိုးဝင်သွား သောခွေးတိုးပေါက်မှ လိုက်၍တိုးဝင်လိုက်လေ၏။

ခြံအပြင်ရောက်သည်နှင့် မာရသွန်အပြေးပြိုင်နေကြသလို ဖနောင့်နှင့်တင်ပါး တစ်သားတည်းကျအောင် ပြေးလေတော့သည်။

အချစ်သည် သူတို့တူကြီးနှစ်ဦးအတွက် မရှိမဖြစ်လိုအပ်ခဲ့ သည်။ ခုတော့ အချစ်ကမကောင်းဆိုးဝါးတစ်ကောင်လိုပါပဲ။

သွေးရူးသွေးတန်းနှင့် ကူကယ်ရာမဲ့ခဲ့ပြီ။

"ဥရေ. . အဲ. . ဦးရေပြန်လာပါ. . ."

BURMESE CLASSIC

"မောင်. . ပြန်လာခဲ့ပါကွယ်. ."

"လာဘူး. . လာဘူး. . ကြောက်တယ်. ."

"ဟကောင်ရ ပြန်ဖြေမနေနဲ့ မြန်မြန်သာပြေး မင်းကြီးတော် နှစ်ယောက်နောက်က မီလာဦးမယ်. . ."

"အင်းပါ. . ဦးလေးရ. . ဟို. . ဟိုလေ. . သားအိမ် မရှိတဲ့ မိန်းမကို ကျွန်တော်. . ချစ်. . ချစ်တော့. . ချစ်တယ် ဦးရ ဘယ်လိုလုပ် မလဲ. . ."

အောင်ဗလ ပြေးသာပြေးနေရသည် စိတ်က နောက်ကြောင်း ကို တလည်လည်. .။

"ဟေ့ကောင်. . အဲဒီကိစ္စ နောက်မှ ဆရာဝန်နဲ့တိုင်ပင်ကြည့် ခုလောလောဆယ် ငါ အရှုံမလက်က လွတ်အောင်ပြေး ပြီးရင်. . ငါ



www.burmeseclassic.com

www.burmeseclassic.com



ငါရိပ်သာဝင်တော့မယ်. . ကိလေသာတွေ ကုန်ခမ်းသွားပြီ ခုတော့ မြေ
မြေး. . ."

ဦးနုမောင် အောင်ဗလလက်ကိုဆွဲပြီး သူကဦးဆောင်မြေးခေါ
လမ်းမထက်မှ တူဝရီးနှစ်ယောက်ကပြေး. . အနောက်မှ မိန်းမ နှစ်
ယောက်ကလည်းလိုက်. . ရယ်စရာကောင်းနေတာတော့အမှန်. . .

နွေနေ့လယ်ခင်းကတော့ ဦးနုမောင်နှင့်အောင်ဗလကျော်တို
ကြည့်ပြီး ခွက်ထိုးခွက်လန်ရယ်မောနေမှာတော့ အသေအချာပင်. . .



www.burmeseclassic.com